# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၈ ရက် | ၂၀၂၁ ခုနှစ်၊ ဇွန် ၁၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၂၅၇)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် (၈) ကြိမ်မြောက် အာဆီယံအပေါင်း ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်စဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး (၈) ကြိမ်မြောက် အာဆီယံအပေါင်း ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဦးဆောင်၍ နိုင်ငံတကာ နှင့် ပြည်တွင်းရေးရာ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ငြိမ်းချမ်းနှင့် တာဝန်ရှိသူများသည် ယနေ့တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းဒါရူဆလာမ်နိုင်ငံက ဦးစီးကျင်းပသည့် (၈) ကြိမ်မြောက် အာဆီယံအပေါင်း ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမမှ ပါဝင်တက်ရောက်သည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများ၊ အာဆီယံအပေါင်း နိုင်ငံများဖြစ်သည့် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ တောင်ကိုရီးယား၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့မှ ကာကွယ်ရေးဝန်ကြီးများ၊ ဒုတိယကာကွယ်ရေးဝန်ကြီးများ၊ ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အမြင်များ၊ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်ပြောင်းလဲ တိုးတက်နေမှုများ၊ ဒေသတွင်း ဖြစ်ပေါ်ပြောင်းလဲနေသော ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများ၊

*စာမျက်နှာ ၄ ကော်လံ ၁* ❖

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ဖွင့်လှစ်သင်ကြား

**နေပြည်တော် ဇွန် ၁၆**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ထိုသို့ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသားကျောင်းသူများက COVID-19 စည်းမျဉ်း စည်းကမ်း

*စာမျက်နှာ ၃ ကော်လံ ၁* ◆


**ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ထိုင်းနိုင်ငံ)** — ဆောင်းပါး — စာ ၆

**ဂျီ - ၇ အဖွဲ့ဝင်နိုင်ငံများ၏ ကာကွယ်ဆေးလှူဒါန်းမှုထက် ကိုဗစ် - ၁၉ ကူးစက်မှုမှာ ပိုမိုလျင်မြန်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးထား** — နိုင်ငံတကာရေးရာ — စာ ၁၄





မြန်မာ့အလင်း

# မြန်မာစာပေ ဖွံ့ဖြိုးရေး ခွန်အားသစ်

အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု (ဘာသာရပ် ၁၈ မျိုး) နှင့် စာပေဗိမာန်စာမူဆု (ဘာသာရပ် ၁၄ မျိုး) တို့၏ ချီးမြှင့်ငွေများကို ၂၀၂၀ ပြည့်နှစ်အတွက်မှစတင်၍ တိုးမြှင့်ပြင်ဆင်ချီးမြှင့်ပေးသွားမည့် မင်္ဂလာသတင်းကောင်းကို ထုတ်ပြန်လိုက်ရာ မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွန်အားသစ်တစ်ရပ် ဖြည့်တင်းပေးလိုက်ခြင်းပင်ဖြစ်သည်။

နိုင်ငံတော်အဆင့် ချီးမြှင့်သော တစ်မျိုးသားလုံးအတွက် အမြင့်ဆုံးစာပေဆုဖြစ်သည့် အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်အတွက်မှ စတင်ချီးမြှင့်ခဲ့ခြင်းဖြစ်ရာ နှစ်ပေါင်း ၂၀ ခန့်ကာလအတွင်း စာပေပညာရှင် ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၃၁ ဦး တို့ကို စိစစ်ရွေးချယ်ချီးမြှင့်ပေးခဲ့ပြီးဖြစ်သည်။ အမျိုးသားစာပေဆုများကို တစ်နှစ်တာအတွင်း ထွက်ရှိခဲ့သည့် စာအုပ်များမှ ရွေးချယ်ချီးမြှင့် ပေးခြင်းဖြစ်ပြီး အမျိုးသားစာပေတစ်သက်တာဆုများကိုမူ ဘဝ တစ်သက်တာလုံး စာရေးသားခြင်းနှင့် ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများကို တစိုက်မတ်မတ်ပြုလုပ်ခဲ့ပြီး အလေးထားထိုက်သည့် စာပေလက်ရာအများအပြားတို့ကို ရေးသားပြုစုခဲ့သူ စာရေးဆရာ စာပေပညာရှင်များအား စိစစ်ရွေးချယ်ချီးမြှင့်ပေးခြင်းဖြစ်သည်။

မြန်မာစာပေသည် အစောဆုံးတွေ့ရသည့် ပုဂံခေတ်မှစ၍ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် စသည့် ခေတ်အဆက်ဆက်တို့တွင် စာပေပုံသဏ္ဍာန်အမျိုးမျိုးတို့ ထွန်းကားပေါ်ပေါက်ကာ အဆင့်အတန်းမြင့်ခဲ့သည်။ ကိုလိုနီခေတ်တွင်လည်း မျိုးချစ်ပုဂ္ဂိုလ်ကြီးများ၏ အားထုတ်ကြိုးပမ်းမှုဖြင့် ဆက်လက်တည်တံ့ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး လွတ်လပ်ရေးတိုက်ပွဲဝင်ရာတွင်လည်း မိမိတို့၏ ကိုယ်ပိုင်စာပေကို လက်နက်တစ်ခုအဖြစ် ဆွဲကိုင်ကာ တိုက်ပွဲဝင်ခဲ့ကြသည်။ စာပေသည် ခေတ်အဆက်ဆက်တွင် ရှင်သန်ဖွံ့ဖြိုးတိုးတက်နေရန် လိုအပ်ပြီး ခေတ်တိုင်းခေတ်တိုင်းတွင် စာပေသမိုင်းမှတ်တိုင်များကို စိုက်ထူနိုင်မှသာ ခေတ်၏တာဝန်ကျေပွန်နိုင်မည်ဖြစ်သည်။ ခေတ်တစ်ခေတ်၏ စာပေတာဝန်ကို ထမ်းဆောင်သူများမှာ ခေတ်ပြိုင်စာပေပညာရှင်၊ စာရေးဆရာ၊ ဆရာမများဖြစ်ကြပြီး စာပေရေးသားပြုစုခြင်းဟူသော အလုပ်သည် စီးပွားရှာဖွေသည့် အလုပ်မဟုတ်။ စာပေရေးသားခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကောင်းပြုနိုင်မည်ဖြစ်သည့်တိုင် စားဝတ်နေရေး၊ ဘဝ ရှင်သန်ရေး သက်သက်မျှသာဖြစ်ပြီး စီးပွားဖြစ် ချမ်းသာကြွယ်ဝသည့် အလုပ်မဟုတ်သည်မှာတော့ လွန်စွာသေချာလှသည်။

စာရေးဆရာဟူသည် သူရှင်သန်ရာ ခေတ်ပြိုင်လောကကို နှလုံးသားမျက်စိ၊ ဉာဏ်ပညာ မျက်စိတို့ဖြင့် ကြည့်ကာ သူမြင်တွေ့ရသည့် အရာတို့ကို မြင်ရသည့်အတိုင်း၊ သူခံစားရသည်တို့ကို ခံစားရသည့်အတိုင်း စာပေဖြင့် ရေးဖွဲ့သည်။ မှတ်တမ်းတင်သည်။ မျှဝေသည်။ သို့သော် စာရေးဆရာကြီး ဆရာမကြီးတို့ အသက်အရွယ်ကြီးရင့်လာချိန်တွင်မူ တစ်သက်တာစာပေရေးသားပြုစုခဲ့သမျှ၊ စာပေတာဝန်ကျေပွန်ခဲ့သမျှတို့သည် စီးပွားရှာဖွေခဲ့ခြင်းမဟုတ်သည့်အားလျော်စွာ ကြွယ်ပိုးကြွယ်ဝမရှိလှသည့် အခြေအနေတို့ကို မကြာခဏဆိုသလို တွေ့ခဲ့ရသည်။ သို့ဖြစ်ရာ အမျိုးသားစာပေ တစ်သက်တာဆု စိစစ်ရွေးချယ်ချီးမြှင့်ခြင်းသည် တစ်သက်မှာ တစ်ခါသာဖြစ်သည့်အလျောက် ထိုက်ထိုက်တန်တန် ဂါရဝပြုခြင်းအားဖြင့် စာပေပညာရှင်ကြီးများ၏ ကျေးဇူးကို အထူးသိမြင်ကာ လေးစားသမှုပြုခြင်းပင် ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးချီးမြှင့်ရာရောက်စေရန်၊ စာပေပညာရှင်များအား ဂုဏ်ပြုရာရောက်စေရန်၊ စာကောင်းပေမွန်များ ထွန်းကားပြန့်ပွားစေရန် ဟူသော ရည်ရွယ်ချက်များဖြင့် ၂၀၂၀ ပြည့်နှစ်အတွက်မှစ၍ အမျိုးသားစာပေတစ်သက်တာဆုကို ငွေကျပ်သိန်း ၁၀၀ အပါအဝင် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုတို့ကိုပါ ဆုငွေများ အသီးသီး တိုးမြှင့်ပြင်ဆင် ချီးမြှင့်ပေးသွားတော့မည်ဖြစ်ရာ မြန်မာစာပေလောကအတွက် သတင်းကောင်းကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ရပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်မြင်သူများအတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ၃၀-၆-၂၀၂၁ ရက်နေ့အထိ တိုးမြှင့်ဆောင်ရွက်မည့်ကိစ္စ အသိပေးကြေညာချက်

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ၏ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်များကို အခြေခံပညာအထက်တန်းကျောင်းများတွင် ၃၀-၆-၂၀၂၁ ရက်နေ့အထိ (ပိတ်ရက်အပါအဝင်) ထုတ်ပေးမည်ဖြစ်ပြီး တက္ကသိုလ်များတွင် ၃၀-၆-၂၀၂၁ ရက်နေ့အထိ (ပိတ်ရက်အပါအဝင်) တိုးမြှင့် လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇွန် ၁၆

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်သီတာ ကို ယနေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# သံတွဲလေဆိပ်တွင် ရေကြီးရေလျှံမှုကြောင့် လေယာဉ်အဆင်းအတက်ရပ်နား

ငပလီ ဇွန် ၁၆

ရခိုင်ပြည်နယ်တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် သံတွဲလေဆိပ်တွင် ယနေ့နံနက်ပိုင်းမှစ၍ ရေကြီးရေလျှံမှု ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုသည် လေဆိပ် လမ်းမကြီးတစ်လျှောက်တွင် ရေနုတ်မြောင်းများ တိမ်ကောနေသည့်အတွက် လေဆိပ်အဆောက်အအုံနှင့် လေယာဉ်ပြေးလမ်းတစ်လျှောက် ရေများပြည့်လျှံလျက်ရှိပြီး လေယာဉ်ရပ်နားသည့် နေရာများတွင်လည်း ရေလျှံနေသဖြင့် လေယာဉ်အဆင်း၊ အတက်ကို ယာယီ




ဖျက်သိမ်းလိုက်ရခြင်း ဖြစ်ကြောင်း လေဆိပ်တာဝန်ခံ ဦးမန်းဇော် ထံမှ သိရသည်။

သံတွဲမြို့ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ဇွန် ၁၆ ရက် နံနက် ၉ နာရီ တိုင်းတာချက်အရ မိုးရေချိန်လက်မ ၃ ဒသမ ၇၅ အထိရှိပြီး ငပလီမြို့ လင်းသာရပ်ကွက်၊ မြပြင်ရပ်ကွက်နှင့် ဂျိတ္တောရပ်ကွက်ရှိ လမ်းမကြီးအချို့တို့တွင် ရေကြီးရေလျှံမှု၊ သစ်ပင်လဲကျမှုများ ရှိသော်လည်း လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

ရန်ငြိမ်း (ပြန်/ဆက်)

# ဆင်းရဲချမ်းသာကွာဟမှုကို လျှော့ချရေး

မိမိတို့ကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် နိုင်ငံအတွင်း စားရေရိက္ခာ ပေါများစေရန်၊ ယိမ်းယိုင်နေသည့် စီးပွားရေးများ ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ပစ်ပယ်ထား၍မရကြောင်း၊ ကျေးလက်စီးပွားရေးမြှင့်တင်ရေးအတွက် ပြည်နယ်နှင့်တိုင်း ဆင်းရဲချမ်းသာကွာဟမှုကို လျှော့ချရေးဆောင်ရွက်ရာတွင် ပြည်နယ်များကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် လွိုင်လင်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ရောက်ရှိပြီး ဝန်ထမ်းများအား အမှာစကားပြောကြား၍ ဝန်ထမ်းများအတွက် တူညီဝတ်စုံများ ပေးအပ်သည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပင်လုံမြို့ ကိုးနဝင်းစေတီတော်မြတ်ကြီးနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာခြောက်ရွာအတွက် လျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ ဆောလျင်စွာတပ်ဆင်ပြီးစီးရေး၊ လျှပ်စစ်ဓာတ်အား ရရှိချိန်တွင် နေအိမ်များ၌ လျှပ်စစ်မီတာများ အသင့်တပ်ဆင်ပြီး မြန်မြန်ဆန်ဆန်အသုံးပြုနိုင်ရေး သက်ဆိုင်ရာ ဌာနတာဝန်ခံများနှင့် ဒေသခံပြည်သူလူထုများ ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် ပေါင်းစပ်ညှိနှိုင်းပေးသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပင်လုံ) သင်တန်းခန်းမ၌ သင်တန်းကျောင်းမှ နည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအမှာစကား ပြောကြား၍ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၁၅ ရက်တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးအာကာလင်းနှင့်အတူ ပင်းတယမြို့နယ်အတွင်းရှိ ကုန်းသာ-ပဲယင်းတောင် ၂ မိုင် ကျောက်လမ်းခင်းခြင်း၊ ရှောက်ချို- ကုန်းသာ- တာတိုင်ကျေးရွာချင်းဆက် ၂ မိုင် ကတ္တရာလမ်းခင်းခြင်း၊ အိမ်ပု-ကျောက်ပုလ္လင် ၁ မိုင် ကတ္တရာလမ်းခင်းခြင်း၊ အင်လုံ-သိမ်ကုန်း ၁ မိုင် ၂ ဖာလုံ မြေသားလမ်းဖောက်လုပ်ခြင်း၊ ညောင်ကောက်- သိမ်ကုန်း-တပ်ကြီး ၄ ဖာလုံ ကျောက်ခင်းခြင်း၊ ညောင်ကောက်-ဖက်နံ-သိမ်ကုန်း-တပ်ကြီးလမ်း ၁ မိုင် ကတ္တရာခင်းခြင်း လုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပင်းတယ) ၌ ကျောင်းအုပ်၊ ဝန်ထမ်းများ၊ နည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မြို့နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး (ပင်းတယ)ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မကြာမီ ဖွင့်လှစ်ရန် အသင့်ပြင်ဆင်ထားရှိသော နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (အောင်ပန်း) ၌ သင်တန်းများကို ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး သင်တန်းကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ညှိနှိုင်း**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပင်လောင်း) သို့ ရောက်ရှိပြီး သင်တန်းကျောင်း ကျောင်းအုပ်၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

များနှင့်အညီ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ **(ယာပုံ)**

ထို့ပြင် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ကျောင်းများလုံခြုံရေးနှင့် ကျောင်းသား၊ ကျောင်းသူများ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဒေသအလိုက် မိုးကြီးခဲ့

**နေပြည်တော် ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။

**မိုး/ဇလ**

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီစည်းဝေး

**နေပြည်တော် ဇွန် ၁၆**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်း ကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၁) ကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပ သည်။**(ယာပုံ)**

**တက်ရောက်**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌနှင့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြား ရေးမှူးချုပ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေးပြောကြား**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ချေးငွေရယူထားသူများ၏ သုံးစွဲမှုအပေါ် စိစစ် ဆောင်ရွက်မှုများနှင့် ချေးငွေရယူထားသူများ၏ တင်ပြချက်ဆိုင်ရာ ကိစ္စများ၊ ပြန်လည်လည်ပတ် လာပြီဖြစ်သည့် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းကော်မတီက ဆက်လက် ဆောင်ရွက်ပေးရန်ကိစ္စများ၊ မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ဦးမော့လာစေရေးစီမံချက် (Myanmar Economic Recovery Plan-MERP) (မူကြမ်း) ရေးဆွဲခြင်းဆိုင်ရာကိစ္စများ၊ ဝန်ကြီးဌာန/ အဖွဲ့ အစည်းများမှ လုပ်ငန်းကော်မတီသို့ တင်ပြလာ သည့် အခက်အခဲကိစ္စရပ်များနှင့် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြား သည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြ သူများက ကိုဗစ်-၁၉ ကြောင့် စီးပွားရေးသက်ရောက် မှုများ ကုစားရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်း ရှင်များက ပြန်လည်တင်ပြလာသည့် အချက်များ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။




**သတင်းစဉ်**

---

❖ *ရှေ့ဖုံးမှ*

သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ADMM-Plus မူဘောင်အောက်ရှိ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ ပူးတွဲဥက္ကဋ္ဌ အဖြစ် တာဝန်ယူဆောင်ရွက်နေသော အကြမ်းဖက်မှု တန်ပြန် တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက် ဆောင်ရွက်မည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးပြောကြား သည်။

**နှစ်စဉ်ကျင်းပသွားကြရန် သဘောတူ**

(၈) ကြိမ်မြောက် အာဆီယံအပေါင်း ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးအပြီးတွင် တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် အပေါင်းနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများက အာဆီယံအပေါင်း ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးကို (၂)နှစ် လျှင်တစ်ကြိမ် ကျင်းပမည့်အစား နှစ်စဉ်ကျင်းပသွားကြရန် အစည်းအဝေးက သဘောတူညီခဲ့ကြသည်။

ထို့ပြင် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် အပေါင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် အနာဂတ်အတွက် အသင့်ဖြစ်ပြီး ငြိမ်းချမ်းသာယာဝပြောသော အာဆီယံအသိုက်အဝန်းတစ်ရပ်အဖြစ် မြှင့်တင်ဆောင်ရွက်ခြင်းဆိုင်ရာ အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး ထူထောင်မှု (၁၅) နှစ် မြောက်နှစ်ပတ်လည်အထိမ်းအမှတ် အဖြစ် အာဆီယံအပေါင်းကာကွယ်ရေးဝန်ကြီးများ၏ ဘန်ဒါဆရီ ဘီဂါဝန်ကြေညာချက်ကို အွန်လိုင်းမှတစ်ဆင့် သဘောတူညီ ထုတ်ပြန်ကြေညာခဲ့ကြသည်။

**သတင်းစဉ်**

---

# ကရင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**ဘားအံ ဇွန် ၁၆**

ကရင်ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ၏ (၁/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ဇွန် ၁၄ ရက် ဘားအံမြို့ရှိ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ကရင်ပြည်နယ်ဒေသ ဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစောမြင့်ဦးက ကရင်ပြည်နယ်သည် ခရီးသွား လုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်နိုင်သော အလားအလာကောင်းများရှိသည့် ပြည်နယ် ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား မှုများရှိနေသေးသည့်အတွက် ခရီးသွား လုပ်ငန်းများအနေဖြင့် အခိုက်အတန့် ရပ်တန့်ထားရသည့် အခြေအနေတွင်ရှိကာ ထိုကာလကို ရင်ဆိုင်ကျော်လွှားပြီးပါက မိမိတို့ ပြည်နယ်၏ သဘာဝရေမြေ တောတောင် အလှအပများအပေါ် မူတည်၍ အဆင့်မြှင့်တင် ထားသည့် ခရီးသွားလုပ်ငန်းဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာသည်နှင့်အမျှ တည်းခိုနေထိုင်ရန် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများ လိုအပ်လာမည်ဖြစ်ပြီး ယခု ကာလတွင် ဟိုတယ်လုပ်ငန်းရှင်များအနေ ဖြင့် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရ သည်ကို သဘောပေါက် နားလည်ကြောင်း၊ ယနေ့တွင် ဟိုတယ်လုပ်ငန်းလိုင်စင် လျှောက်ထားတင်ပြလာမှုနှင့် ပတ်သက်၍ ခွင့်ပြုမိန့်ထုတ်ပေးနိုင်အောင် ကော်မတီ၏ ဆုံးဖြတ်ချက်ကို ရယူရန်ဖြစ်ကြောင်း၊ အဓိက အားဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ လုပ်ငန်းလိုင်စင်များကို လွယ်လွယ်ကူကူရယူ နိုင်သည့် ပုံစံမျိုးဖြစ်အောင် ဆောင်ရွက်ရ မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၃)၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဆိုင်ရာ ပြည်နယ်ဦးစီးမှူး ဦးရဲထွန်းဦးက အမှာ စကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးအေးမောင်လှိုင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် (၁/၂၀၂၁)အစည်းအဝေးတွင် ဆုံးဖြတ် အတည် ပြုရမည့် ကိစ္စရပ်များ၊ ပြည်နယ်စည်ပင် သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ကိုင်ဆောင် ရွက်နေမှုများနှင့် တည်းခိုခန်းဖွင့်လှစ်ခွင့် ဆိုင်ရာများ၊ ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်နှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ ခရီးသွား ကုမ္ပဏီများနှင့်စပ်လျဉ်းသည့် ဥပဒေ၊ လုပ်ထုံး လုပ်နည်းဆိုင်ရာများ စသည်တို့ကို တင်ပြ ဆွေးနွေးကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

# ကယားပြည်နယ် အမျိုးသားဘောလုံး အသင်းအား အောင်နိုင်ရေးအလံပေးအပ်

**လွိုင်ကော် ဇွန် ၁၆**

နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၁ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကယားပြည်နယ် လက်ရွေးစင် အမျိုးသားဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲကို လွိုင်ကော်မြို့ရှိ ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးစိန်ဦးက ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအားလုံး စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အဆင်သင့်ဖြစ်နေပြီဟု ယုံကြည် ပါကြောင်း၊ အားကစားဖြင့် ပြည်နယ်ဂုဏ်ကို မြှင့်တင်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ကယားပြည်နယ် ဘောလုံးအသင်း၏သမိုင်းကို ပြန်ကြည့်ပါက အောင်မြင်မှုများရရှိပြီး ပြည်နယ်ဂုဏ်ကို မြှင့်တင် ပေးနိုင်ခဲ့သည်များရှိသလို ယခုသွားရောက်ယှဉ်ပြိုင်မည့် ဘောလုံး အသင်းအနေဖြင့်လည်း အောင်မြင်မှုများရရှိပြီး ပြည်နယ် ဂုဏ်ဆောင်အဖြစ် မှတ်တမ်းတင်နိုင်အောင် ကြိုးစားယှဉ်ပြိုင်သွား စေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်မှူးကြီး မြင့်ဝေက ပြိုင်ပွဲဝင်အသင်း၏ လေ့ကျင့်ရေး၊ ယှဉ်ပြိုင်ရေးနှင့် အောင်နိုင်ရေးအတွက် စရိတ်များကို လည်းကောင်း၊ ကောင်စီဝင် ဦးစိန်ဦးက အောင်နိုင်ရေးအလံကို လည်းကောင်း ပေးအပ်ရာ အသင်းအုပ်ချုပ်သူ ဦးယောဟန်နှင့် အသင်းခေါင်းဆောင် ဦးရဲရင့်ဖြိုး တို့က လက်ခံယူကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



**ကယားပြည်နယ် အမျိုးသားဘောလုံးအသင်းအား အောင်နိုင်ရေး အလံ ပေးအပ်စဉ်။**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစည်းအဝေးတက်ရောက်

နေပြည်တော် ဇွန် ၁၆

**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ခရီးသွားလုပ်ငန်းကော်မတီနှင့် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေးများ ကျင်းပရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားဝန်ကြီးဌာန နီလာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)




အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် လုပ်ငန်းကော်မတီများ အလိုက် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပူးပေါင်းဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ အလွန် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ခြင်း၊ Pilot Project များ ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ခရီးသွားဈေးကွက် ရှာဖွေမြှင့်တင်ခြင်း ပါဝင်သည့် အဆင့် (၃) ဆင့် သတ်မှတ်၍ ဆောင်ရွက်ခဲ့ရာ ပထမအဆင့်ဖြစ်သည့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ Pilot Project များ အနေဖြင့် စက်ဘီးစီးပြိုင်ပွဲ ကျင်းပခြင်း၊ အထူးဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေရေး အစီအစဉ်များတွင် ခရီးသွားလုပ်ငန်းပါဝင် မြှင့်တင်ဆောင်ရွက်ခြင်း၊ ရိုးရာလှေပြိုင်ပွဲ၊ တိုင်းရင်းသားပွဲတော်၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရေး စီမံချက်များပါဝင်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်မှု အခြေအနေပေါ်မူတည်၍ ခရီးသွားလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်နိုင်ရေး အတွက် ခရီးစဉ်ဒေသများအလိုက် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၊ ခရီးစဉ်ဒေသဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီများ Destination Management Organization (DMOs) များနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

**ဖြည့်စွက်ဆွေးနွေး**

အိမ်နီးချင်းနိုင်ငံများ ကဲ့သို့ ကိုဗစ်-၁၉ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ အဆင့်များသတ်မှတ်၍ ခရီးသည်များ ဖိတ်ခေါ်ရန် Inbound Tourism, Border Tourism များကိုလည်း စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက် ထားရှိမှုများကို အသေးစိတ် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် ဇွန် ၁၆**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များက အဆိုပါ ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ရဲတပ်ဖွဲ့ဝင်များအတွက် ဆန်အိတ် ၂၀၀၊ အာလူး ၁၄၃၈ ပိဿာနှင့် ကြက်သွန်နီ ၁၄၃၈ ပိဿာတို့ကို ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်က လက်ခံရယူသည်။ **(အပေါ်ပုံ)**

ထို့နောက် နေ့လယ်ပိုင်းတွင် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မှော်ဘီမြို့နယ်ရှိ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (မြိုင်သာယာ) နှင့် အဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာ(ကြက်ဖြူကန်)တို့တွင် နေထိုင်ကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံ၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် အာလူး ၆၂၉ ပိဿာနှင့် ကြက်သွန်နီ ၆၂၉ ပိဿာတို့ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေးလွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှု နှင့် ဆူပူအကြမ်းဖက်သူများက မြို့နယ်အချို့၌ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ ပြည့်ဝစွာရရှိစေရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက် ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မော်တော်ယာဉ်များ ဖောင်းကြွနံပါတ်ပြား ပြောင်းလဲတပ်ဆင်ရန် အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားများကို ခေတ်ကာလနှင့်လျော်ညီစွာ နိုင်ငံတကာတွင်အသုံးပြုနေသည့် မော်တော်ယာဉ်နံပါတ်ပြားများနည်းတူ လုံခြုံရေးပိုင်းဆိုင်ရာ အချက်အလက် (Security Feature)များ ထည့်သွင်းရိုက်နှိပ်၍ အသုံးပြုတပ်ဆင်ပေးလျက်ရှိပါသည်။

၂။ မော်တော်ယာဉ်တွင် တပ်ဆင်သည့် လက်ရှိဖောင်းကြွနံပါတ်ပြား၌ တိုင်းဒေသကြီး/ပြည်နယ်ဒေသ သင်္ကေတ၊ ရောက်ရှိအက္ခရာနှင့် ဂဏန်းများသာပါရှိရာမှ ယခုအခါ တိုင်းဒေသကြီး/ပြည်နယ်ဒေသ သင်္ကေတတို့အပြင် မြို့နယ်ကိုယ်စားပြု ဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ်အမျိုးအမည် ဖော်ပြချက်တို့ကိုပါ အောက်ပါအတိုင်း ထပ်တိုးထည့်သွင်းသွားမည် ဖြစ်ပါသည်-

**ပြောင်းလဲတပ်ဆင်ပေးမည့် ဖောင်းကြွနံပါတ်ပြားနမူနာပုံစံ**




၃။ ထိုသို့ ထပ်တိုးထည့်သွင်းခြင်းဖြင့် မော်တော်ယာဉ်နံပါတ်ပြားကို အခြားတရားမဝင်ယာဉ်များ၌ တပ်ဆင်အသုံးပြုမှုကို ထိန်းချုပ်တားဆီးနိုင်ခြင်း၊ မော်တော်ယာဉ်တည်ရှိသည့်မြို့နယ်ကိုပါ ခွဲခြားသိရှိနိုင်ခြင်း၊ ယာဉ်နံပါတ်ပြားနှင့် မော်တော်ယာဉ် တိကျမှန်ကန်စေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ လုံခြုံရေးပိုင်းဆိုင်ရာအချက်အလက်(Security Feature)များအပြင် တိုင်းဒေသကြီး/ပြည်နယ်ဒေသ သင်္ကေတ၊ မြို့နယ်ကိုယ်စားပြု ဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ် အမျိုးအမည် ဖော်ပြချက်တို့ပါရှိသော အင်္ဂလိပ်အက္ခရာ မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားများကို ပထမအဆင့် အနေဖြင့် ကနဦးမှတ်ပုံတင်ခြင်း၊ နယ်ဝင်/အမည်ပြောင်းခြင်းဆောင်ရွက်သည့် မော်တော်ယာဉ်များနှင့် ပိုင်ရှင်ဆန္ဒအရ ပြောင်းလဲတပ်ဆင်လိုသည့်ယာဉ်များ၌ လာမည့်ဇူလိုင်လဆန်းမှစ၍ ပြောင်းလဲတပ်ဆင်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ဖောင်းကြွနံပါတ်ပြား၏ သတ်မှတ်ဈေးနှုန်း ပြောင်းလဲမှုမရှိပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၆**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ထိုင်းနိုင်ငံ)

နေခြည်

**နိဒါန်း**

**ထိုင်းနိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် လူဦးရေအားဖြင့် ၆၉ ဒသမ ၆၃ သန်းရှိ၍ မဲပေးပိုင်ခွင့်ရှိသူ ၅၁ ဒသမ ၄ သန်းကျော် ရှိပါသည်။ မြို့တော်သည် ဘန်ကောက်မြို့တော်ဖြစ်ပြီး အသုံးပြုသည့် ငွေကြေးမှာ ဘတ်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာသည် အများဆုံး ကိုးကွယ်သည့်ဘာသာဖြစ်ပြီး ဧရိယာအကျယ်အဝန်း ၁၉၈,၁၁၅ စတုရန်းမိုင် ကျယ်ဝန်းပါသည်။**

ထိုင်းနိုင်ငံသည် ပါလီမန်ဒီမိုကရေစီစနစ်ပေါ်တွင် အခြေခံထားသည့် စည်းမျဉ်းခံဘုရင်စနစ်ကိုကျင့်သုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ၁၉၃၂ ခုနှစ်၌ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းပြီးနောက် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိုင်းပြည်သူ/ပြည်သားများထံ အပ်နှံခဲ့ပြီး ဘုရင်မင်းမြတ်သည် တိုင်းပြည်၏ အကြီးအကဲအဖြစ်သာ ရပ်တည်လျက်ရှိပါသည်။ အုပ်ချုပ်ရေးအာဏာကို စည်းမျဉ်းခံဘုရင်စနစ် ကျင့်သုံး၍ ဆောင်ရွက်ပါသည်။ ဘုရင်မင်းမြတ်သည် တိုင်းပြည်၏ အကြီးအကဲဖြစ်ပြီး ဘုရင်တစ်ပါး နန်းသက်ကုန်ပါက ၎င်း၏နေရာကို ဘုရင်မင်းမြတ်၏ ဆွေမျိုးသားချင်းတို့သာ ဆက်ခံပိုင်ခွင့်ရှိပါသည်။ နိုင်ငံတော်အာဏာကို အစိုးရအဖွဲ့မှသာ အပြည့်အဝကျင့်သုံးခွင့် ရှိသော်လည်း ဘုရင်မင်းမြတ်သည် ပြည်သူများ၏ ချစ်ခင်လေးစားယုံကြည်မှုဖြင့် နိုင်ငံရေး ပဋိပက္ခများတွင် ဝင်ရောက်ဖြေရှင်းနိုင်စွမ်းရှိရာ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် အရေးပါသည့် ပြယုဂ်တစ်ခုပင် ဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် ပြည်နယ်အုပ်ချုပ်ရေးမှူးများခန့်အပ်၍ အုပ်ချုပ်စေသည့် ပြည်နယ် ၇၇ ပြည်နယ်ရှိပြီး ပြည်နယ်တစ်ခုချင်းစီအလိုက် ခရိုင်၊ ခရိုင်ခွဲနှင့် ကျေးရွာများအဖြစ် ပိုင်းခြားသတ်မှတ်ဖွဲ့စည်းထားပါသည်။

ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့အကြီးအကဲဖြစ်ပြီး ဥပဒေရေးရာ အကောင်အထည်ဖော်ခြင်းများ အပါအဝင် အုပ်ချုပ်ရေးအာဏာကို အပြည့်အဝကျင့်သုံးပိုင်ခွင့်ရှိပါသည်။ ၂၀၁၇ ခုနှစ် ဧပြီလတွင် ပြင်ဆင်ခဲ့သည့် ဥပဒေပြင်ဆင်ချက်အရ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သည့်သူများသည်လည်း ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးအပ်ခံပိုင်ခွင့်ရှိပြီး သက်တမ်းတစ်ခုလျှင် လေးနှစ် တာဝန်ထမ်းဆောင်ရပါသည်။ ဘုရင်မင်းမြတ်သည် အစိုးရအဖွဲ့ကို ဝန်ကြီးချုပ်၏ ထောက်ခံအတည်ပြုချက်ဖြင့် ခန့်အပ်ပါသည်။

**ဥပဒေပြုရေးအာဏာ**

ထိုင်းနိုင်ငံရှိ ဥပဒေပြုလွှတ်တော်ကို အမျိုးသားညီလာခံ ( National Assembly ) ဟု ခေါ်ဆိုသည့် လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားပါသည်။

အမျိုးသားညီလာခံတွင် ၂၀၁၇ ခုနှစ် ဧပြီလ၌ ပြဋ္ဌာန်းခဲ့သည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ထိုင်းတော်ဝင် စစ်တပ်မှခန့်အပ်ထားသော ငါးနှစ်သက်တမ်းထမ်းဆောင်ရမည့် ကိုယ်စားလှယ် ၂၅၀ ပါဝင်သည့် အထက်လွှတ်တော်နှင့် ပြည်သူများမှမဲပေးရွေးချယ်ထားသော လေးနှစ် သက်တမ်းထမ်းဆောင်ရမည့် ကိုယ်စားလှယ် ၅၀၀ ပါဝင်သည့် အောက်လွှတ်တော်တို့ ပါဝင်ပါသည်။

အောက်လွှတ်တော်တွင် မဲဆန္ဒနယ် ၃၅၀မှ မဲဆန္ဒနယ်တစ်နယ်လျှင် ကိုယ်စားလှယ် တစ်ဦးနှုန်းဖြင့် တိုက်ရိုက်ရွေးကောက် တင်မြှောက်သည့် ကိုယ်စားလှယ် ၃၅၀နှင့် အချိုးကျ ကိုယ်စားပြုစနစ်ဖြင့် ရွေးချယ်ထားသည့် ပါတီကိုယ်စားပြုကိုယ်စားလှယ် ၁၅၀ ပါဝင်ပါသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တွင် ရွေးကောက်ပွဲ၌ Mixed Member Apportionment System – MMA စနစ်ကို အသုံးပြုရန် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ထိုင်းနိုင်ငံတွင် ၁၉၃၂ ခုနှစ်၌ သက်ဦးဆံပိုင်ဘုရင်စနစ်ကို ဖျက်သိမ်းပြီးနောက် ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါင်း ၂၀ ရှိပါသည်။

**တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

**အောက်လွှတ်တော်**

အောက်လွှတ်တော်သည် ထိုင်းနိုင်ငံ၏ အဓိက ဥပဒေပြုရေးအဖွဲ့အစည်းဖြစ်ပြီး လွှတ်တော် နှစ်ရပ်တွင် လုပ်ပိုင်ခွင့်အာဏာ ပိုကြီးမားသည့် လွှတ်တော်ဖြစ်ပါသည်။ ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ကနဦးတင်သွင်း ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေမူကြမ်းများအား စိစစ်ဆွေးနွေးနိုင်ရေး ကော်မတီများဖွဲ့စည်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ ပေါ်ပေါက်သည့် ကိစ္စရပ်များအလိုက် ဝန်ကြီးများမှ လွှတ်တော်တွင်း တာဝန်ယူတင်ပြနိုင်ရေးကိစ္စရပ်များ အပါအဝင်ဝန်ကြီးချုပ်နှင့်၎င်း၏ အစိုးရအဖွဲ့ဝန်ကြီးများကို စွပ်စွဲပြစ်တင်ပိုင်ခွင့် အာဏာလည်း ရှိပါသည်။

**◆ ထိုင်းနိုင်ငံ၌ တပ်မတော်မှ အာဏာသိမ်းမှု ၂၂ ကြိမ်ပေါ်ပေါက်ခဲ့ပြီး နိုင်ငံရေးအခြေအနေ ရှုပ်ထွေးမှု အမျိုးမျိုး ကြုံတွေ့ခဲ့ရသော်လည်း ထိုင်းပြည်သူ ပြည်သားတို့၏ သည်းခံနိုင်စွမ်းရှိမှု၊ ဘဝပေး အသိရှိမှုနှင့် ပြဿနာများအား ငြိမ်းချမ်းစွာ အဖြေရှာခြင်း နည်းလမ်းများဖြင့် ဖြေရှင်းမှုများကြောင့် နိုင်ငံကို အကောင်းဆုံးတည်ဆောက်လျက်ရှိ**




## ထိုင်းလွှတ်တော်ဖွဲ့စည်းမှုပုံစံ

**အထက်လွှတ်တော်**

အထက်လွှတ်တော်သည် ဥပဒေကြမ်းများ ဆွေးနွေးခြင်း အပါအဝင် လွတ်လပ်သော အဖွဲ့အစည်းများနှင့် တရားစီရင်ရေးအဖွဲ့၏ အဖွဲ့ဝင်ခန့်ထားရွေးချယ်ခြင်းအပေါ် အကြံပြုခွင့် အာဏာကိုလည်း အပ်နှင်းခြင်း ခံထားရပါသည်။

**အရည်အချင်းသတ်မှတ်ချက်များ**

**အောက်လွှတ်တော်**

မွေးဖွားစဉ်တွင် ထိုင်းနိုင်ငံသားဖြစ်သူ၊ အသက် ၂၅ နှစ်ပြည့်ပြီးသူ၊ သက်မှတ်ချက်နှင့်အညီ နိုင်ငံရေးပါတီဝင်ဖြစ်သူ ဖြစ်ရမည်။

ထို့ပြင်မဲဆန္ဒနယ်ကိုယ်စားပြုကိုယ်စားလှယ်လောင်းဖြစ်ပါက ဝင်ရောက်ယှဉ်ပြိုင်မည့် ခရိုင်တွင် မွေးဖွားသူ၊ ယင်းခရိုင်တွင် အနည်းဆုံး ငါးနှစ်တစ်ဆက်တစ်စပ်တည်း နေထိုင်လျက်ရှိသည့် အိမ်ထောင်စုဇယားရှိသူ၊ ယင်းခရိုင်ရှိ ပညာရေးအဖွဲ့အစည်း တစ်ခုခုတွင် အနည်းဆုံး ငါးနှစ်တစ်ဆက်တစ်စပ်တည်း ပညာသင်ကြားဖူးသူ၊ ယင်းခရိုင် ရှိ အစိုးရအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် အစိုးရ အသိအမှတ်ပြု အဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ယူဖူးသူ ဖြစ်ရမည်။

**အထက်လွှတ်တော်**

မွေးဖွားစဉ်တွင် ထိုင်းနိုင်ငံသားဖြစ်သူ၊ ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အသက် ၄၀ ပြည့်ပြီးသူ၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူ၊ သက်ဆိုင်ရာနယ်ပယ်တွင် အသိပညာပြည့်ဝသူ၊ သက်ဆိုင်ရာဥပဒေနှင့်အညီ ဝင်ရောက်အရွေးခံမည့်ဒေသတွင် မွေးဖွားသူ သို့မဟုတ် အမြဲတမ်းနေထိုင်သူ သို့မဟုတ် အလုပ်လုပ်ကိုင်သူ ဖြစ်ရမည်။

**ကျင်းပခဲ့သည့်ရွေးကောက်ပွဲများနှင့် ရွေးကောက်ပွဲစနစ်များ**

ထိုင်းနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအပါအဝင် ရွေးကောက်ပွဲ ၁၉ ကြိမ် ပြုလုပ်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်တစ်နယ်လျှင် ကိုယ်စားလှယ်တစ်ဦးနှုန်း ရွေးကောက်တင်မြှောက်သည့် မဲဆန္ဒနယ် ၃၇၅ နယ်အတွက် ရွေးကောက်ပွဲကို Mixed Member Majoritarian System – MMM စနစ်ကို အသုံးပြု၍ ကျင်းပခဲ့ပြီး ပါတီကိုယ်စားပြုကိုယ်စားလှယ်နေရာ ( Party–List ) ၁၂၅ နေရာအတွက် ရွေးကောက်ပွဲကို အမျိုးသားမဲဆန္ဒနယ် တစ်ခု သတ်မှတ်၍ Proportional Representation (အချိုးကျ ကိုယ်စားပြုစနစ်) အသုံးပြု၍ ကျင်းပပေးခဲ့ပါသည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့ ရွေးကောက်ပွဲသည် ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မဲရုံများသို့ မဲလာပေးသူများအား နှောင့်ယှက်ဟန့်တားမှုများနှင့် ခရိုင်အားလုံးတွင် မဲပေးခြင်း လုပ်ငန်းစဉ်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိဟူသော စွဲချက်များဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် အထွေထွေရွေးကောက်ပွဲအား ပယ်ဖျက်ကြောင်း ၂၀၁၄ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ကြေညာခဲ့သည့်အတွက် ပျက်ပြယ်ခဲ့ပါသည်။

ယင်းနောက် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ကို ရေးဆွဲခဲ့ပြီး ၂၀၁၆ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပကာ ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကိုလည်းကောင်း၊ အထက်လွှတ်တော် ကိုယ်စားလှယ်များနှင့် အောက်လွှတ်တော် ကိုယ်စားလှယ်များမှ ဝန်ကြီးချုပ်အား ပူးပေါင်းရွေးချယ်ခွင့်ကိုလည်းကောင်း သဘောတူညီမှု ရှိ/မရှိ ပြည်သူ့ ဆန္ဒခံယူခဲ့ပါသည်။

၂၀၁၄ ခုနှစ်တွင် ကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထက်လွှတ်တော်အား တပ်မတော်မှ ခန့်အပ်ထားသော ကိုယ်စားလှယ် ၇၄ ဦးနှင့် Single Non–Transferable Vote (SNTV) ဖြင့် ရွေးချယ်ထားသည့် ကိုယ်စားလှယ် ၇၆ ဦး စုစုပေါင်း ကိုယ်စားလှယ် ၁၅၀ဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ်တွင်မူ အထက်လွှတ်တော် ကိုယ်စားလှယ် အားလုံးကို ထိုင်းတော်ဝင်စစ်တပ်မှခန့်အပ်ရန် ပြင်ဆင်ရေးဆွဲခဲ့ပြီး ကိုယ်စားလှယ်နေရာ ခြောက်နေရာကိုလည်း တပ်မတော်အကြီးအကဲများအတွက် သတ်မှတ်ရန် ပြဋ္ဌာန်းခဲ့ပါသည်။

*စာမျက်နှာ ၇ သို့*

# မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မော်လမြိုင်မြို့ (၁၀)မြို့နယ်အဆောင် အသွားအလာကန့်သတ်စောင့်ကြည့်ရေးနေရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဇွန် ၁၆**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းသည် ကောင်စီဝင်များဖြစ်ကြသော ဗိုလ်မှူးကြီးနေထွန်းဦး၊ နိုင်လယိတမနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့နှင့် အတူ ယမန်နေ့က မော်လမြိုင်မြို့ တောင်းဝိုင်းရပ်ရှိ (၁၀)မြို့နယ်အဆောင်တွင် ပြည်ပနိုင်ငံများမှ ပြန်လည် ရောက်ရှိလာသူများ ထားရှိမည့် အသွားအလာ ကန့်သတ် စောင့်ကြည့်ရေးနေရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ထို့သို့ကြည့်ရှုစစ်ဆေးရာတွင် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့အား ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာနန္ဒဝင်းနှင့် တာဝန်ရှိသူများက (၁၀)မြို့နယ်အဆောင် အသွားအလာကန့်သတ် စောင့်ကြည့်ရေး နေရာတွင် ကျန်းမာရေးဝန်ထမ်းများ ထားရှိဆောင်ရွက်မည့် အခြေအနေ၊ နေထိုင်စားသောက်ရေးအခြေအနေ၊ ပြည်ပနိုင်ငံများမှ ပြန်လည် ရောက်ရှိလာသူများ ထားရှိမည့် အဆောင်အခြေအနေနှင့် ကျန်းမာရေးသုံးပစ္စည်းများ လိုအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် မော်လမြိုင်ပြည်သူ့ဆေးရုံကြီး (Isolation Ward–3) တွင် ကိုဗစ်– ၁၉ ဓာတ်ခွဲအတည်ပြုလူနာများ ထားရှိမည့်နေရာ ပြင်ဆင်မှုများကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**ဝေလင်း**

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျောင်းကုန်းမြို့၌ ကျင်းပ

**ကျောင်းကုန်း ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို သစ်ဆိမ့်ကုန်းအုပ်စု နတ်ချောင်းကျေးရွာ၌ ဇွန် ၁၅ ရက်က ကျင်းပသည်။

**ပျိုးပင် ၁၀၀၀ စိုက်ပျိုး**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများတက်ရောက်ခဲ့ကြပြီး ကျွန်းပင် ၂၅၀၊ ပျဉ်းကတိုး ၂၅၀၊ မဟော်ဂနီ ၁၂၅ ပင်၊ ယူကလစ် ၁၂၅ ပင်နှင့် မန်ကျည်းရှားပင် ၂၅၀ စုစုပေါင်း ပျိုးပင် ၁၀၀၀ကို စိုက်ပျိုးကြသည်။

**အခမဲ့ဖြန့်ဝေပေးမည်**

ကျောင်းကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ယူကလစ်နှင့် မန်ကျည်းရှား ပျိုးပင်ပေါင်း နှစ်သောင်းကို ယခုနှစ် မိုးရာသီတွင် မြို့နယ်အတွင်း စိုက်ပျိုးသွားရန် ပျိုးထောင်ထားရှိပြီး မြို့နယ်အတွင်းရှိ ရုံးဌာနများ၊ စာသင်ကျောင်းများ၊ ကျေးရွာများမှ ပြည်သူများထံသို့ အခမဲ့ဖြန့်ဝေပေး၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ကို ၂၀၁၇ ခုနှစ် ဧပြီလတွင် အတည်ပြုခဲ့ပြီးနောက် ၂၀၁၉ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပါသည်။ ၎င်းရွေးကောက်ပွဲတွင် Mixed Member Apportionment System – MMA စနစ်ကို ပထမဆုံးအကြိမ်အဖြစ် ကျင့်သုံးခဲ့ပါသည်။

**Mixed Member Apportionment System – MMA**

ထိုင်းနိုင်ငံ၏ MMA စနစ်မှာ အခြားသောရောစပ်ရွေးကောက်ပွဲများကဲ့သို့ မဲဆန္ဒရှင်များအနေဖြင့် ကိုယ်စားလှယ်လောင်းအား တစ်ကြိမ်၊ ပါတီအား တစ်ကြိမ် ဆန္ဒမဲပေးရခြင်းမဟုတ်ဘဲ ပေါင်းစပ်မဲ (Fused Ballot) တစ်ကြိမ်သာပေးရမည် ဖြစ်ပါသည်။ မဲဆန္ဒရှင်မှ ဆန္ဒပြုလိုက်သော အဆိုပါ ဆန္ဒမဲတစ်ပြားသည် ကိုယ်စားလှယ်လောင်းအတွက်သာမက ယင်းကိုယ်စားလှယ်လောင်း ကိုယ်စားပြုသောပါတီအတွက်ပါ အကျိုးဝင်မည် ဖြစ်ပါသည်။ ပါတီတစ်ခုချင်းစီမှ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရရှိလာသော စုစုပေါင်းဆန္ဒမဲအရေအတွက်ပေါ်မူတည်၍ ယင်းပါတီရရှိနိုင်မည့် ပါတီကိုယ်စားပြုကိုယ်စားလှယ်နေရာအရေအတွက်ကို သတ်မှတ်ပေးခြင်း ဖြစ်ပါသည်။

ပါတီများအနေဖြင့် ၎င်းတို့ ရရှိထားသည့် မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်နေရာ အရေအတွက်သည် သတ်မှတ်ပမာဏ မပြည့်မီသေးသည့် အခြေအနေမျိုးတွင်သာ ပါတီကိုယ်စားပြု ကိုယ်စားလှယ်နေရာ အရေအတွက်ကို ရရှိနိုင်မည် ဖြစ်ပါသည်။ ထို့အတွက်ကြောင့် ပါတီတစ်ခုအနေဖြင့် အနိုင်ရရှိထားသည့် မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်နေရာ အရေအတွက်သည် ပထမအဆင့်ရေတွက်ချိန်တွင် အရည်အချင်းပြည့်မီ၍ သတ်မှတ်ပမာဏထက် ကျော်လွန်နေပါက ပါတီကိုယ်စားပြုကိုယ်စားလှယ်နေရာ ရရှိခွင့်မရှိပေ။

**ပါတီကိုယ်စားပြု ကိုယ်စားလှယ်နေရာ တွက်ချက်ခြင်း**

Mixed Member Apportionment System –MMA စနစ်အရ မဲဆန္ဒရှင်များ ဆန္ဒပြုလိုက်သည့် ပေါင်းစပ်ဆန္ဒမဲတစ်မဲချင်းစီ (Fused Ballot) သည် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းအတွက်သာမက ယင်းကိုယ်စားလှယ်လောင်း ကိုယ်စားပြုသည့် ပါတီအတွက်ပါ ရေတွက်ခြင်း ဖြစ်ပါသည်။

ပထမအဆင့်အနေဖြင့် ပါတီတစ်ခုချင်းစီ အလိုက်ရရှိမည့် ကိုယ်စားလှယ် အရေအတွက်ကို ၎င်းပါတီ၏နိုင်ငံတစ်ဝန်းရရှိသော စုစုပေါင်း ဆန္ဒမဲအရေအတွက်ပေါ်မူတည်၍ သတ်မှတ်ပေးပါသည်။ ပါတီကိုယ်စားပြု ကိုယ်စားလှယ်အရေအတွက် ရရှိရန်အတွက် နိုင်ငံရေးပါတီများသည် အနိမ့်ဆုံး ထောက်ခံမဲအရေအတွက် ( Threshold ) ရရှိရမည် ဖြစ်ပါသည်။ အနိမ့်ဆုံး ထောက်ခံမဲ အရေအတွက် ( Threshold ) တွက်ချက်ပုံမှာ တစ်နိုင်ငံလုံး၏ ခိုင်လုံမဲ အရေအတွက် စုစုပေါင်းကို တင်မြှောက်မည့် ကိုယ်စားလှယ်အရေအတွက် ၅၀၀ ဖြင့် အချိုးချခြင်း နည်းဖြင့် ရရှိလာခြင်း ဖြစ်ပါသည်။

ဒုတိယအဆင့် ပါတီကိုယ်စားပြု ကိုယ်စားလှယ်နေရာခွဲဝေခြင်းကို ပါတီတစ်ခုချင်းစီ အလိုက်ရရှိသည့် ပေါင်းစပ်ဆန္ဒမဲ ( Fused Ballot ) ရရှိမှု အနည်းအများအပေါ် မူတည်၍ ဆောင်ရွက်ပါသည်။

ပထမအဆင့် တွက်ချက်ရာမှ ထွက်ပေါ်လာသော ပါတီတစ်ခုချင်းစီအလိုက် ရရှိနိုင်မည့် ကိုယ်စားလှယ်အရေအတွက်မှ ၎င်းပါတီ အနိုင်ရရှိထားပြီးဖြစ်သည့် မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်အရေအတွက်ကို ခြားနားလိုက်ပါက ပါတီအနေဖြင့်ရရှိမည့် ပါတီကိုယ်စားပြု ကိုယ်စားလှယ်နေရာအရေအတွက်ကို ရရှိမည်ဖြစ်ပါသည်။ ( ဥပမာ – ပါတီ A သည် တစ်နိုင်ငံလုံး၏ မဲဆန္ဒရှင် စုစုပေါင်း ၂၀ ရာခိုင်နှုန်းရရှိပြီး မဲဆန္ဒရှင်ကိုယ်စားပြု ကိုယ်စားလှယ်နေရာ ၇၀ နေရာ အနိုင်ရရှိထားပါက ပထမအဆင့်အနေဖြင့် A ပါတီအတွက် ကိုယ်စားလှယ်နေရာ ၁၀၀ နေရာ (၅၀၀၏ ၂၀ ရာခိုင်နှုန်း) ရရှိမည်ဖြစ်ပါသည်။ ဒုတိယအဆင့် ဆက်လက်တွက်ချက်ရာတွင် ရရှိထားသည့် ကိုယ်စားလှယ်နေရာ ၁၀၀ နေရာမှ မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်နေရာ ၇၀ကို ခြားနားလိုက်ပါက ပါတီကိုယ်စားပြုကိုယ်စားလှယ်နေရာ ၃၀ နေရာ ရရှိလာမည် ဖြစ်ပါသည်။)

**၂၀၁၉ ခုနှစ်ရွေးကောက်ပွဲ**

ထိုင်းနိုင်ငံတွင် မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ် ၃၅၀နှင့် ပါတီကိုယ်စားပြု ကိုယ်စားလှယ် ၁၅၀ စုစုပေါင်း ၅၀၀ အား သတ်မှတ်ထားပါသည်။ မဲဆန္ဒနယ် တစ်နယ်လျှင် ကိုယ်စားလှယ်တစ်ဦးနှုန်းဖြင့် မဲဆန္ဒနယ် ၃၅၀မှ မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ် ၃၅၀အား တိုက်ရိုက်ဆန္ဒမဲပေး ရွေးချယ်ပြီး ပါတီကိုယ်စားပြု ကိုယ်စားလှယ် ၁၅၀ကို ပါတီတစ်ခုချင်းစီ အလိုက်ရရှိသည့် ဆန္ဒမဲအရေအတွက် အနည်းအများပေါ်မူတည်၍ သတ်မှတ်ချက်များနှင့် အညီ ရွေးချယ်ပါသည်။

၂၀၁၉ ခုနှစ် ရွေးကောက်ပွဲတွင် ခိုင်လုံမဲအရေအတွက် စုစုပေါင်း ၃၅ ဒသမ ၆၃ သန်း ရှိခဲ့ပါသည်။ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်အရေအတွက် စုစုပေါင်း ၅၀၀ ရှိသဖြင့် ကိုယ်စားလှယ်တစ်ဦးအနေဖြင့် အနိမ့်ဆုံးထောက်ခံမဲအရေအတွက် ( Threshold ) ၇၁၀၆၅ ရရှိရန် လိုအပ်ပါသည်။ အနိမ့်ဆုံးထောက်ခံမဲအရေအတွက် ( Threshold ) ၇၁၀၆၅ ရရှိသည့် ပါတီများကို ပါတီကိုယ်စားပြု ကိုယ်စားလှယ်နေရာများ ခွဲဝေပေးပြီးနောက် ကျန်ရှိနေသေးသည့် ကိုယ်စားလှယ်နေရာများအား ၇၁၀၆၅ အောက် လျော့နည်းသော ပါတီငယ်များသို့ ခွဲဝေပေးပါသည်။ လွှတ်တော်တွင်း ပါတီငယ်များပါဝင်ခွင့် ပိုမိုရရှိရေးအတွက် အနိမ့်ဆုံး ထောက်ခံမဲ အရေအတွက် ( Threshold ) ၇၁၀၆၅ မရရှိ၍ ပါတီကိုယ်စားပြု ကိုယ်စားလှယ်နေရာ မရရှိသော ပါတီငယ်များအတွက် သတ်မှတ်ချက်ကို ၃၀,၀၀၀ ခန့်သို့ လျှော့ချပေးခဲ့ပါသည်။

၎င်းတွက်ချက်မှု ပုံစံသည် "ပါတီများအနေဖြင့် ယင်းတို့ ရရှိသင့်သည့် အရေအတွက်ထက် ပိုမို၍ မရရှိသင့်" ဟူသော အချက်အပေါ် ထိခိုက်စေနိုင်သည်ဟု ဝေဖန်ထောက်ပြခဲ့ကြပြီး အစိုးရဖွဲ့စည်းမှုအပေါ် ဆိုးကျိုးများ သက်ရောက်မည်ကို စိုးရိမ်မှုများရှိခဲ့ ကြပါသည်။ ဒီမိုကရေစီလိုလားသော ပါတီများမှ ပါတီကိုယ်စားပြု ကိုယ်စားလှယ်နေရာကို အနိမ့်ဆုံး ထောက်ခံမဲအရေအတွက် ( Threshold ) ၇၁၀၆၅ ရရှိသော ပါတီများသို့သာ ခွဲဝေပေးရန် တင်ပြခဲ့ကြပါသည်။ ယင်းကိစ္စအား ဖြေရှင်းရန်အတွက် အစိုးရအရာရှိ (အစိုးရဌာနများနှင့်စပ်လျဉ်းသည့် ပြဿနာများကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသောအစိုးရအရာရှိ) က ရွေးကောက်ပွဲကော်မရှင်၏ ပါတီကိုယ်စားလှယ်နေရာ တွက်ချက်မှု ပုံစံအပေါ် အငြင်းပွားမှုများ ဖြစ်ပွားစေသည့် ဝိဝါဒကွဲပြားနေသော အထက်ဖော်ပြပါ ပုံစံနှစ်ခုနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးသို့ တင်ပြဆောင်ရွက်ခဲ့ပါသည်။

မေလ ၈ ရက်နေ့တွင် ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးက လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပါတီကိုယ်စားပြု ကိုယ်စားလှယ်နေရာ သတ်မှတ်သည့်ပုံစံနှင့် စပ်လျဉ်း၍ အငြင်းပွားမှုသည် ၂၀၁၇ ခုနှစ် ပဋိညာဉ်နှင့်သွေဖည်ခြင်း မရှိစေရဟု အမိန့်ချမှတ်ခဲ့ပါသည်။ သို့ဖြစ်၍ ထိုင်းနိုင်ငံရေးသမိုင်းတွင် စံချိန်သစ်အနေဖြင့် နိုင်ငံရေးပါတီစုစုပေါင်း ၂၇ ပါတီသည် လွှတ်တော်တွင်း ကိုယ်စားလှယ်နေရာများ ရရှိလာခဲ့ပါသည်။

**နိဂုံး**

ထိုင်းနိုင်ငံသည် တိုင်းပြည်နှင့်ကိုက်ညီမည့် အချိုးကျကိုယ်စားပြုစနစ် ပုံစံအမျိုးမျိုး ပြောင်းလဲ အသုံးပြု၍ ရွေးကောက်ပွဲများ ကျင်းပပေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူတိုင်း၏ ဆန္ဒမဲများကို အလေးထား ခွဲဝေပေးသည့်အတွက် ရွေးကောက်ပွဲတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု များပြားလာကာ ဒီမိုကရေစီလမ်းစဉ် အောင်မြင်ရန် အထောက်အပံ့ဖြစ်စေခဲ့ပါသည်။ နောက်တစ်ကြိမ် ရွေးကောက်ပွဲအား ၂၀၂၃ ခုနှစ် မတ်လတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုင်းနိုင်ငံ၌ တပ်မတော်မှ အာဏာသိမ်းမှု ၂၂ ကြိမ်ပေါ်ပေါက်ခဲ့ပြီး နိုင်ငံရေး အခြေအနေ ရှုပ်ထွေးမှု အမျိုးမျိုး ကြုံတွေ့ခဲ့ရသော်လည်း ထိုင်းပြည်သူ ပြည်သားတို့၏ သည်းခံနိုင်စွမ်းရှိမှု၊ ဘဝပေးအသိရှိမှုနှင့် ပြဿနာများအား ငြိမ်းချမ်းစွာ အဖြေရှာခြင်း နည်းလမ်းများဖြင့် ဖြေရှင်းမှုများကြောင့် နိုင်ငံကို အကောင်းဆုံးတည်ဆောက်လျက်ရှိကြောင်း နိဂုံးချုပ် ဖော်ပြအပ်ပါသည်။

**ရည်ညွှန်းကိုးကား**


- Election Guide by IFES ( Thailand )
- Constitutional Design in Thailand: the Management of Electoral Process in an Emergent Democracy
- Electoral Politics in Thailand
- Thailand's Puzzling 2019 Election: How the NCPO Junta has Embedded itself in Thai Politics
- Thai Election For Dummies: HOW, WHEN, WHERE To Cast Your Vote
- Thailand in Brief by Royal Thai Embassy Washington D.C

# သုတေသနလုပ်ငန်းများကို စီမံချက်ရေးဆွဲ၍ မြှင့်တင်ဆောင်ရွက်သွားမည်

နေပြည်တော် ဇွန် ၁၆

**နည်းပညာရပ်ဆိုင်ရာ သုတေသနများနှင့် လယ်ယာစီးပွားအထောက်အကူပြု အသုံးချသုတေသနများကို စီမံချက်များရေးဆွဲ၍ စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇွန် ၁၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ တိရစ္ဆာန်အစာနှင့် ဆေးဝါးအရည်အသွေးစစ်ဆေးရေးဓာတ်ခွဲခန်းတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။**



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အောက်မြန်မာပြည်(ရန်ကုန်)ရှိ ဓာတ်ခွဲခန်းလုပ်ငန်းများကိုလည်းကောင်း၊ တိရစ္ဆာန်ဆေးဝါးထုတ်လုပ်ရေးနှင့် ရောဂါထိန်းချုပ်ရေးဌာနခွဲရှိ တိရစ္ဆာန်ဆေးဝါးထုတ်လုပ်ရေးဌာနစုနှင့် ရောဂါပျံ့နှံ့မှုနှင့် ရောဂါထိန်းချုပ်ရေးဌာနစုများကိုလည်းကောင်း၊ တိရစ္ဆာန်အစာနှင့် ဆေးဝါးသုတေသနဌာနစိတ်၏ ပို့ကုန်သွင်းကုန်နှင့် ပြည်တွင်းအသုံးပြုမည့် တိရစ္ဆာန်အစာများ၏ အာဟာရတန်ဖိုးနှင့် အဆိပ်အတောက်ပါဝင်မှု စစ်ဆေးပေးခြင်း၊ ကုသဆေးဝါးများ၊ ဆေးဝါးကုန်ကြမ်းများ၊ ဗီတာမင်နှင့် သတ္တုဓာတ်များ အရည်အသွေးစစ်ဆေးခြင်း ဓာတ်ခွဲစစ်ဆေးခြင်း လုပ်ငန်းများ၊ ဦးစီးဌာနမှ ထုတ်လုပ်သော တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများကို စံချိန်စံညွှန်းစစ်ဆေးခြင်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းကိုလည်းကောင်း၊ အသား ၊နို့၊ ဥများတွင် ဓာတ်ကြွင်းများ ပါဝင်မှုစစ်ဆေးပေးခြင်း စသည့်လုပ်ငန်းများကို အမျိုးသားအဆင့် မွေးမြူရေးဆိုင်ရာ မူဝါဒ၊ အမျိုးသားအဆင့် အသားကဏ္ဍမူဝါဒဆိုင်ရာ မဏ္ဍိုင်များနှင့်အညီ ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဓာတ်ခွဲခန်းများ၌ သုတေသနပညာရှင်များနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး က လက်ရှိဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ပေးရန်နှင့် အဆင့်မြင့်ဓာတ်ခွဲခန်းများ တိုးချဲ့တည်ဆောက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဆောက်အအုံများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများမှာ ငွေကြေးကျခံ၍ အသုံးပြုနိုင်သော်လည်း ကျွမ်းကျင်ပညာရှင်များ ရရှိရန် အချိန်များစွာ ရယူသုံးစွဲရမည်ဖြစ်သည့်အတွက် သုတေသနပညာရှင်အနေဖြင့် တစ်ဦးချင်းစီ၏ အရည်အချင်းပြည့်ဝရေး၊ ပညာရှင်မျိုးဆက်တိုးပွားရေး၊ အတွေ့အကြုံမျှဝေပေးရေးနှင့် အရင်းအမြစ်ပြုန်းတီးမှုမရှိစေရေးကို အလေးထားဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၂) ထွက်ပြီ

**နေပြည်တော် ဇွန် ၁၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည့် "သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၂)" စာအုပ်သည် ပြည်သူများ အသိဉာဏ်ဗဟုသုတပြည့်စုံစေရန်၊ ရာထူးဝင်စာမေးပွဲများ၊ ပြန်တမ်းဝင်ခွင့်စာမေးပွဲများ ဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်နှင့် အခြားသိရှိလိုသည့် အချက်အလက်များကို တစ်စုတစ်စည်းတည်း ရှာဖွေလေ့လာဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ်မှ စတင်ကာ နှစ်စဉ်ထုတ်ဝေခဲ့သော စာအုပ်ဖြစ်သည်။

ယခု ၂၀၂၂ ခုနှစ်ထုတ်စာအုပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များ၊ မြန်မာ့ရေးရာနှင့် ပတ်သက်သည့် အချက်အလက်များ၊ နိုင်ငံတကာရေးရာ သိမှတ်ဖွယ်ရာများ၊ သံတမန်ရေးရာ သိမှတ်ဖွယ်ရာများ၊ ကမ္ဘာ့အထွေထွေသိမှတ်ဖွယ်ရာများ၊ ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် အခြားသိမှတ်ဖွယ်ရာများနှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေများကို ထည့်သွင်းဖြည့်စွက်ထားသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာ အချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများလည်း ပါရှိသည့်အတွက် ဗဟုသုတရှာမှီးလိုသူများ၊ ရာထူးဝင်စာမေးပွဲဖြေဆိုမည့်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ဖြစ်သည့်အပြင် အနာဂတ်နိုင်ငံတော်အတွက် လူချွန်လူကောင်းများ၊ ခေါင်းဆောင်ကောင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် အထောက်အကူပြုမည့်စာအုပ်ဖြစ်သဖြင့် အိမ်တိုင်းရှိ စာအုပ်စင်တိုင်းတွင် ဆောင်ထားသင့်သည့် စာအုပ်ဖြစ်သည်။

ယင်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၂ ခုနှစ်၊ ဇွန်လ၌ ထုတ်ဝေပြီး တစ်အုပ်လျှင် ငွေကျပ် ၄၅၀၀ နှုန်းဖြင့် နေပြည်တော်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ၊ ဖုန်း ၀၆၇-၃၄၁၂၃၇၁ နှင့် စာပေဗိမာန်အရောင်းဆိုင်တို့တွင် လည်းကောင်း၊ ရန်ကုန်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ၊ အမှတ် (၂၈၈) သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း ၀၁-၈၂၀၁၀၉၃၆၊ ၀၁-၈၃၇၁၃၄၀၊ စာပေဗိမာန်အရောင်းဆိုင်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင်လည်းကောင်း ဝယ်ယူနိုင်ပြီ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဇူလိုင်လဆန်းပိုင်းတွင် စတင်နေထိုင်ခွင့်ပြုမည့် မြနန္ဒာနိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ

**ရန်ကုန် ဇွန် ၁၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် ရည်ရွယ် တည်ဆောက်ခဲ့သည့် ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြနန္ဒာလမ်းပေါ်ရှိ မြနန္ဒာနိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာကို ယခုအခါ ဝန်ကြီးဌာနအသီးသီးမှ အဆင့်ဆင့်စိစစ်ကာ လျှောက်ထားလာပြီဖြစ်၍ လာမည့်ဇူလိုင်လဆန်းပိုင်းတွင် စတင်နေထိုင်ခွင့်ပြုရန် စီစဉ်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံးချုပ်မှ သိရသည်။



"အငှားဝန်ထမ်းအိမ်ရာ ချထားပေးတဲ့အခါမှာ အဖွဲ့စနစ်နဲ့ ရွေးချယ်ချထားပေးမှာဖြစ်ပါတယ်။ ဌာနတွေက တာဝန်ရှိသူတွေရဲ့ အထူးထောက်ခံစာလိုအပ်တယ်။ ပြောရရင် တိုင်းဒေသကြီးဦးစီးမှူးတွေရဲ့ ထောက်ခံစာ အထူးထောက်ခံချက်ပေါ့။ အိမ်ပိုင်လည်းမရှိဘူး။ မိသားစုဝင်တွေလည်း များမယ်ဆိုရင်တော့ အဲဒီလိုဝန်ထမ်းတွေကို ဦးစားပေး ရွေးချယ်ပေးမှာဖြစ်ပါတယ်။ ခွင့်ပြုတဲ့အခါမှာလည်း ဝန်ကြီးဌာနအသီးသီးရဲ့ လျှောက်ထားမှုအပေါ်မူတည်ပြီး များရင်လည်းများသလို အချိုးကျစနစ်နဲ့ နေခွင့်ပေးသွားမှာပါ။ အချိုးကျစနစ်ပေမယ့် လိုအပ်မှုအပေါ်မူတည်ပြီး ပြောခဲ့တဲ့အတိုင်း အဖွဲ့နဲ့ ဆုံးဖြတ်ပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဆီက စိစစ်ပြီး တိုင်းအစိုးရအဖွဲ့ရုံးတင် နောက်ဆုံး စိစစ်ရွေးချယ်ကာ နေထိုင်ခွင့်ပြုသွားမှာပါ။ တကယ်ကို ဒီရန်ကုန်မှာ အိုးပိုင်၊ အိမ်ပိုင်မရှိဘဲ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေကို ဦးစားပေးနေထိုင်ခွင့်ပြုသွားမှာဖြစ်ပါတယ်။ နေထိုင်ခွင့်ကိုလည်း လာမယ့် ဇူလိုင် ၁ ရက်မှာ စတင်ပြောင်းရွှေ့နေထိုင်နိုင်ဖို့ စီစဉ်ဆောင်ရွက်သွားမှာပါ" ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးယုခိုင်(ဒုတိယညွှန်ကြားရေးမှူးချုပ်-မူဝါဒနှင့်စီမံကိန်း)က ပြောကြားသည်။

ယခုနေထိုင်ခွင့်ပြုမည့် မြနန္ဒာ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာစီမံကိန်းတွင် ရှစ်ခန်းတွဲ ငါးထပ်တိုက် ၁၄ လုံးမှ အခန်းပေါင်း ၄၄၈ ခန်း ခွင့်ပြုပေးသွားမည်ဖြစ်သည်။ အခန်းတစ်ခန်းချင်းစီ အကျယ်မှာလည်း ဧရိယာ ၄၃၆ စတုရန်းပေရှိပြီး ယင်းအခန်းများကို အမှုထမ်းများအတွက် ရည်ရွယ် အငှားချထားမည်ဖြစ်သည်။ ဒုတိယညွှန်ကြားရေးမှူးနှင့်အထက် အငှားအိမ်ရာလျှောက်ထားသူများကို ဧရိယာ ၉၄၀ စတုရန်းပေရှိ အခန်း ၂၈ ခန်းကို ငှားရမ်း သွားမည်ဖြစ်သည်။ ယင်းသို့ အငှားချထားရာတွင် အရာထမ်းများအနေဖြင့် မူရင်းလစာ၏ ၅ ရာခိုင်နှုန်းကို လစဉ်ပေးသွင်းရမည်ဖြစ်ပြီး အမှုထမ်းများမှာမူ မူရင်းလစာ၏ ၃ ရာခိုင်နှုန်းကို လစဉ်ပေးဆောင်ရမည်ဖြစ်သည်။ အိမ်ရာပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့နယ်များအတွင်း ကိုယ်ပိုင်အိမ်ရာမရှိသေးသော ဝန်ထမ်းများအတွက် ရန်ကုန်တိုင်း ဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာအသီးသီးသို့ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ လျှောက်ထားနိုင်မည့် အကြောင်းကြားစာများကို ပြီးခဲ့သောမေလအတွင်းက ပေးပို့ခဲ့သည်။ ယခုအခါ ဌာနဆိုင်ရာအသီးသီးမှ ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လျှောက်ထားခဲ့ပြီးဖြစ်သည်။

အဆိုပါ မြနန္ဒာနိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ကာ ယင်းမြနန္ဒာ အငှားအိမ်ရာဖွင့်ပွဲအခမ်းအနားကို ပြီးခဲ့သောဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

** ကျောဖုံးမှ*

NLD ပါတီဝင်များနှင့် ၎င်းတို့ကိုထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှု မပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာ ရရှိခြင်းများသာမက အချို့ အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၆**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ခရိုင်လေးခရိုင် အသက် ၂၅ နှစ်နှင့်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း(YTC)၌ကျင်းပရာ တောင်ပိုင်းခရိုင်အသင်းနှင့် အရှေ့ပိုင်းခရိုင်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြပြီး တောင်ပိုင်းခရိုင်အသင်းက အရှေ့ပိုင်းခရိုင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲပထမပိုင်းတွင် တောင်ပိုင်းခရိုင်အသင်းမှ ကျော့ခ်ဲပါတ် ၇ က ပြစ်ဒဏ်ဘောမှ ကန်သွင်း၍ ဂိုးရရှိခဲ့ကာ အရှေ့ပိုင်းခရိုင်အသင်းမှ ကျော့ခ်ဲပါတ် ၉ က ချေပဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်ကစားပြီး တောင်ပိုင်းခရိုင်အသင်းက အရှေ့ပိုင်းခရိုင်အသင်းကို နှစ်ဂိုး ထပ်မံသွင်းယူခဲ့ကာ ပွဲအပြီး သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက ပထမဆုရရှိသော တောင်ပိုင်းခရိုင်အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး တောင်ပိုင်းခရိုင် အမျိုးသမီးအသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။

# ဆရာမောင်ခင်မင်(ဓနုဖြူ) ရေးသားသည့် "ပြည်သူ့အတွက် မြန်မာစကားပြေ"စာအုပ်နှင့် "မြန်မာစကား မြန်မာစာရုပ်ပုံလွှာ"စာအုပ်များ ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဇွန် ၁၆**

စကားပြေကို နေ့စဉ်နှင့်အမျှ ဖတ်နေ၊ ရေးနေကြသော ပြည်သူများ၏ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်၊ မြန်မာစာပေနှင့် မြန်မာဘာသာစကားဖွံ့ဖြိုးစေရန်၊ မြန်မာဘာသာစကား၏ သွင်ပြင်လက္ခဏာကို ပို၍ပုံဖော်နိုင်စေရန်နှင့် အများပြည်သူတို့ ဖတ်ရှုနားလည်လွယ်စေရန် ရည်ရွယ်၍ ဆရာမောင်ခင်မင်(ဓနုဖြူ) ရေးသားသည့် "ပြည်သူ့အတွက် မြန်မာစကားပြေ" စာအုပ်နှင့် "မြန်မာစကား မြန်မာစာရုပ်ပုံလွှာ" စာအုပ်များကို စာပေဗိမာန်က ထုတ်ဝေလိုက်ပါသည်။

"ပြည်သူ့အတွက် မြန်မာစကားပြေ" စာအုပ်တွင် စကားပြေရေးသားရာ၌ စကားသုံးနှုန်းမှု၊ ဝါကျဖွဲ့မှုဆိုင်ရာ ဂရုပြုဖွယ်ရာများအပြင် စာရေးသားရာတွင် အရေးပါသော စာပိုဒ်ဖွဲ့ပုံ၊ စာတစ်ပုဒ်လုံးဖွဲ့ပုံတို့ကို ရေးသားထားပါသည်။ ပထမအကြိမ်ပုံနှိပ်စဉ်က ဖော်ပြခဲ့သော သာဓကများထဲမှ ယနေ့ခေတ်နှင့် မဆီလျော်သော သာဓကများကိုလည်း ဆရာကြီးက ပြန်လည်ပြင်ဆင်၍ ဖော်ပြထားပါသည်။

"ပြည်သူ့အတွက် မြန်မာစကားပြေ" စာအုပ်ကို ၁၉၈၅ ခုနှစ်တွင်ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်တွင် ဒုတိယအကြိမ်ထုတ်ဝေခဲ့ပြီး ယခု တတိယအကြိမ် ထပ်မံထုတ်ဝေခြင်း ဖြစ်ပါသည်။

"မြန်မာစကား မြန်မာစာရုပ်ပုံလွှာ"စာအုပ်တွင် ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)က မြန်မာဘာသာအကြောင်း စာအုပ်စာတမ်းများအတွင်းမှ မြန်မာ့ရိုးရာ အစဉ်အလာနည်းများဖြင့် ရေးသားပြုစုသော စာအုပ်စာတမ်းများနှင့် ခေတ်သစ်နည်းများဖြင့် ရေးသားပြုစုသော စာအုပ်စာတမ်းများကို ဆက်စပ်ညှိနှိုင်းပြီး မြန်မာဘာသာစကား၏ သွင်ပြင်လက္ခဏာကို ပို၍ပုံဖော်နိုင်စေရန်နှင့် အများပြည်သူတို့ ဖတ်ရှုနားလည်လွယ်စေရန် ပြုစုရေးသားထားသည်။

"မြန်မာစကား မြန်မာစာရုပ်ပုံလွှာ"စာအုပ်ကို ၁၉၉၀ ပြည့်နှစ်တွင် စာပေဗိမာန်က ပထမအကြိမ်၊ ဓူဝံစာပေတိုက်က ဒုတိယအကြိမ်၊ ၂၀၂၂ ခုနှစ်တွင် မြန်မာစာအဖွဲ့ဦးစီးဌာနက တတိယအကြိမ်၊ ၂၀၁၇ ခုနှစ်တွင် စိတ်ကူးချိုချိုစာပေက စတုတ္ထအကြိမ် ထုတ်ဝေခဲ့ပြီး ယခု ၂၀၂၂ ခုနှစ်တွင် စာပေဗိမာန်က ပဉ္စမအကြိမ် ထပ်မံထုတ်ဝေခြင်း ဖြစ်ပါသည်။

"ပြည်သူ့အတွက် မြန်မာစကားပြေ" စာအုပ်ကို တန်ဖိုးငွေကျပ် ၈၀၀ ဖြင့်လည်းကောင်း၊ "မြန်မာစကား မြန်မာစာရုပ်ပုံလွှာ" စာအုပ်ကို တန်ဖိုးငွေကျပ် ၁၇၀၀ ဖြင့်လည်းကောင်း ရန်ကုန်၊ အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း-၀၂-၄၀၃၀၁၈၆) တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# "မြန်မာမှု မြန်မာ့ဓလေ့ မြန်မာ့အတွေးအမြင် စာတမ်းများ" စာအုပ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဇွန် ၁၆**

မြန်မာစာပေအတွင်းရှိ မြန်မာမှု၊ မြန်မာ့ဓလေ့များနှင့် မြန်မာ့အတွေးအမြင်များကို မျိုးဆက်သစ်များ သိရှိလေ့လာနိုင်ရန်၊ ပြည်ထောင်စုစံ၊ ယဉ်ကျေးမှုစံများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ မြန်မာ့လူမှုဓလေ့၊ အတွေးအခေါ်၊ ယဉ်ကျေးမှုအမွေအနှစ်များမှတစ်ဆင့် မျိုးချစ်စိတ်နှင့် နိုင်ငံချစ်စိတ် ထက်သန်စေရန်၊ စာပေယဉ်ကျေးမှု အမွေအနှစ်များမှ တစ်ဆင့် ပြည်ထောင်စုတိုင်းရင်းသားများ သွေးစည်းညီညွတ်မှုကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ကျင်းပခဲ့သည့် မြန်မာမှု မြန်မာ့ဓလေ့ မြန်မာ့အတွေးအမြင် စာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့သည့် စာတမ်း ကိုးစောင်ကို စုစည်း၍ "မြန်မာမှု မြန်မာ့ဓလေ့ မြန်မာ့အတွေးအမြင် စာတမ်းများ"စာအုပ်ကို စာပေဗိမာန်က ထုတ်ဝေလိုက်ပါသည်။

ဤစာအုပ်တွင် မြန်မာမှုနယ်ပယ်တွင် ကျွမ်းကျင်သည့် စာရေးဆရာနှင့် စာပေပညာရှင် ကိုးဦး၏ "မြန်မာဘာသာစကားတွင် ထင်ဟပ်နေသော မြန်မာ့အတွေးအမြင်"၊ "မြန်မာမင်းများလက်ထက် သံတမန်အတတ်ပညာ"၊ "တွင်းရိုးတွင်းစား ရိုးရာဓလေ့သမိုင်း"၊ "မြန်မာမှုပဒေသာတို့ဖြင့် လွှမ်းခြုံနေသည့် လျှောက်ထုံးကျမ်း(သို့မဟုတ်) အမေးအဖြေကျမ်းများ"၊ "မြန်မာ့ဓလေ့ဆုံးမစာများမှ မြန်မာ့ယဉ်ကျေးမှုအမြင်"၊ "ဗဒုံမင်းနှင့် အမိန့်တော်များ"အစရှိသည့် စာတမ်းကိုးစောင်ကို စုစည်းဖော်ပြထားပါသည်။

"မြန်မာမှု မြန်မာ့ဓလေ့ မြန်မာ့အတွေးအမြင် စာတမ်းများ"စာအုပ်ကို တန်ဖိုး ငွေကျပ် ၂၈၀၀ ဖြင့် ရန်ကုန်၊ အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်( ဖုန်း ၀၂-၄၀၃၀၁၈၆)တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**နေပြည်တော် တပ်ကုန်းမြို့နယ် တဲမြင့်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအတွက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဇွန် ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းမင်းက ဒေသခံတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။**

တင်စိုးလွင်(ပြန်/ဆက်)



# ကွမ်းယာစားသုံးခြင်းအန္တရာယ်

ဒေါက်တာသန်းထိုက် Ph.D(Chem.Engg)(Sydney)

ကွမ်းယာထဲမှာ ကွမ်းသီး၊ ကွမ်းရွက်၊ ထုံး၊ ကွမ်းစားဆေးနဲ့ အခြားဖြည့်စွက် ထည့်စားတဲ့ ပစ္စည်းမျိုးစုံပါပါတယ်။ ကွမ်းယာတစ်ယာဖြစ်ဖို့ ထည့်သုံးရတဲ့ ကွမ်းသီး၊ ကွမ်းစားဆေး၊ ထုံး စတာတွေဟာ အခြေခံပစ္စည်းတွေပါ။ အဲဒီပစ္စည်းတွေထဲက အနည်းဆုံး နှစ်မျိုးကို ကွမ်းရွက်ထဲမှာ ထည့်ယာတာကို ကွမ်းယာလို့ သတ်မှတ်ပြီး ကွမ်းဝါးဖတ်ကတော့ ကွမ်းယာကို ကြေညက်အောင် ဝါးလို့ရတဲ့ အဖတ်အသေးလေး တွေပါ။ ကွမ်းယာကိုဝါးတဲ့အချိန်ကစပြီး ဝါးဖတ် ညက်သည်အထိ ပါးစပ်ထဲမှာ ရှိနေသရွေ့ ခံတွင်းအမှေးပါး ထိခိုက်ပါမယ်။ အနာဖြစ်သည်အထိ ရောဂါအမျိုးမျိုး ဖြစ်ပါမယ်။ ဘယ်ပစ္စည်းဟာ အဆိပ်ဖြစ်မယ်၊ ဘယ်ပစ္စည်းနဲ့ အခြားပစ္စည်းပေါင်းမှ အန္တရာယ်ရှိမယ်ဆိုတာမျိုး သိရှိလိုကြမှာပါ။ ဒ့ါအပြင် သုံးခဲ့တဲ့ ပိုးသတ်ဆေးလက်ကျန်၊ သုံးထားတဲ့ ဓာတ်မြေသြဇာ လက်ကျန်၊ ကွမ်းစိုက်ခင်းတွေမှာသုံးတဲ့ ရေအမျိုးအစားနဲ့ ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှု စတာတွေလည်း အန္တရာယ်ပြုပါလိမ့်ဦးမယ်။ ကွမ်းယာတစ်ယာဖြစ်ဖို့ သုံးနေကြတဲ့ ပစ္စည်းတစ်မျိုးစီက စားသုံးသူကို အန္တရာယ်ပေးမှု ရှိ၊ မရှိ ပစ္စည်းတစ်မျိုးစီကို အသေးစိတ် လေ့လာကြည့်ကြပါစို့။

**ကွမ်းရွက်ကြောင့်လား**

ကွမ်းရွက်မှာ သဘာဝအတိုင်း ကလိုရိုဂျင်းနစ်အက်ဆစ် (Chlorogenic acid) နဲ့ ဟိုက်ဒရိုဇီဂျာဗီကို(လ်) (Hydroxychavicol)တို့ ပါရှိတယ်။ ကလိုရိုဂျင်းနစ်အက်ဆစ်ဟာ ကင်ဆာရောဂါဆဲလ်တွေကို သတ်ပေးနိုင်တယ်။ ကောင်းတဲ့ခန္ဓာကိုယ်ဆဲလ်တွေကို မထိခိုက်စေပါလို့ ဆိုထားပါတယ်။ ကင်ဆာကုသတဲ့ အခြားဆေးများနည်းတူ ဂုဏ်သတ္တိရှိတာကို တွေ့ရှိထားတာကြောင့် အိန္ဒိယသုတေသနပညာရှင်တွေက သုတေသနအဆင့်မှ စီးပွားဖြစ်ထုတ်လုပ် အဆင့်ထိရရှိအောင် ကြိုးပမ်းလျက်ရှိကြတယ်။ စိတ်ဝင်စားစရာ နောက်ပစ္စည်းတစ်ခုမှာ ကွမ်းရွက်၊ ရန့်ဆီထဲမှာပါရှိတဲ့ ဆက်ဖရော (Safrole) ဟာ ကွမ်းရွက် တစ်ရွက်ထဲမှာ ၁၅ မီလီဂရမ်လောက် ပါရှိပြီး အဝါရောင်ဖျော့ အရည်တစ်မျိုးပါ။ ဆက်ဖရောဟာ ကိုယ်ခန္ဓာထဲ ရောက်ရှိပြီးရင် ဇီဝဖြစ်စဉ် အသွင်ပြောင်းနည်း (Biotransformation) ဖြင့် ယူဂျီနောနဲ့ ဟိုက်ဒရိုအောက်ဇီ ချာဗီကိုး(လ်) ဓာတုပစ္စည်းအဖြစ် ပြောင်းသွားတယ်။ ခန္ဓာကိုယ်ကနေ ၂၄ နာရီ အတွင်း ကျင်ငယ်စွန့်တဲ့အခါ ပါရှိသွားတယ်လို့ ဆိုထားတယ်။ ဆက်ဖရောကြောင့် ကင်ဆာ မဖြစ်စေနိုင်တော့တဲ့အတွက် ကွမ်းရွက်ကြောင့် အန္တရာယ်မရှိနိုင်ပါလို့ သုံးသပ်မိပါတယ်။

**ကွမ်းသီးကြောင့်လား**

ကွမ်းသီးမှာ သဘာဝအတိုင်း အယ်(လ်)ကလွိုဒ်သုံးမျိုးပါရှိတယ်။ ခူးပြီးပြီးချင်း ကွမ်းသီးထဲမှာ အလေးချိန်အားဖြင့် အာရီကိုလင်း (arecoline) ၀ ဒသမ ၃၀-၀ ဒသမ ၆၃ ရာခိုင်နှုန်း၊ အာရီကာဒင်း (Arecadine) ၀ ဒသမ ၃၁ မှ ၀ ဒသမ ၆၆ နဲ့ ဂူဗာစိုင် (Guvacine) ၀ ဒသမ ၁၉ မှ ၀ ဒသမ ၇၂ ရာခိုင်နှုန်း စသဖြင့် အယ်(လ်)ကလွိုဒ် သုံးမျိုးပါရှိပါတယ်။



**ကွမ်းယာစားသုံးခြင်းကြောင့် အာခံတွင်း အရည်ကြည်၊ ရည်ကြည်အိတ်နှင့် အမြှေးပါးများ ထိခိုက်ပျက်စီးမှု။**

ကွမ်းသီးရင့်လာပြီး နေလှန်းလိုက်တဲ့အခါမှာတော့ ဒီပစ္စည်းသုံးမျိုး ပါဝင်မှုဟာ လျော့သွားပါတယ်။ ရေနဲ့ပြုတ်ပြီး အခြောက်လှန်းရင် ပိုပြီး လျော့သွားပါဦးမယ်လို့ ဆိုထားပါတယ်။

အာရီကိုလင်းဟာ ကွမ်းယာစားသုံးသူတွေရဲ့ ကွမ်းဝါးဖတ်၊ ကွမ်းတံတွေး၊ သွား စတာတွေကို နီစေတယ်။ ကြာလျှင် သွားတွေ၊ သွားဖုံးတွေကို အနီရောင်၊ အညိုရောင်၊ အနက်ရောင် စတဲ့ အရောင်များ စွဲစေတယ်။ အာရီကိုလင်းကြောင့် ဗဟိုအာရုံကြောစနစ် (Central nervous system) ကို ထိခိုက်စေတယ်။ မျက်စိသူငယ်အိမ်ကျဉ်းစေတယ်။ (Pulpillary constriction) အဆုတ်ပြွန်တင်းကြပ်စေတယ်။ ကွမ်းသီးနဲ့ထုံး ပူးတွဲစားရင် အာရီကိုလင်းဟာ ကိုယ်ခန္ဓာ သွေးကြောထဲကို လွယ်လွယ်ကူကူ ရောက်စေတယ်။ ဒါကြောင့် ကွမ်းယာ စားတဲ့သူတွေဟာ မစားရရင်မနေနိုင်အောင် စွဲမက်စေတယ်ဆိုတာ အာရီကိုလင်းကြောင့်ဖြစ်တယ်လို့ စဉ်းစားလို့ရပါပြီ။

အာရီကိုလင်းဟာ ကွမ်းယာစားသူတွေရဲ့ ဦးနှောက်ထဲက အကြောငယ်များကို နှိုးဆွပေးတဲ့ ပစ္စည်း (Parasympathetic stimulant) ဖြစ်တယ်။ ကိုယ်ဝန်ဆောင် မိခင်များအတွက် ကလေးမွေးဖွားလာရင် ပေါင်ချိန်မပြည့် ဖြစ်နိုင်တယ်။ အချိန်စော မွေးတာလည်း ဖြစ်နိုင်တယ်။ ကွမ်းယာဝါးဖတ်ကို ဆက်ဝါးချင်နေပြီး စိတ်ထဲမှာ သက်လုံကောင်းတယ်၊ ခံနိုင်ရည်ရှိတယ်၊ စိတ်ချမ်းသာတယ်၊ ဝမ်းသာပီတိဖြစ်တယ် စတဲ့ ခံစားချက်တွေ ရရှိတာဟာအာရီကိုလင်းကြောင့်ပါလို့ ဆိုထားပါတယ်။

အာရီကိုလင်းကြောင့် သွေးတိုးမှုဖြစ်တယ်။ ပန်းနာရောဂါသည်တွေအတွက် အကြောတစ်သျှူးတွေ ကျဉ်းစေတယ်။ ဆီးချိုရောဂါဖြစ်စေတယ်။ နှလုံးခုန်နှုန်း တိုးစေတယ်။ အာရီကိုလင်းနဲ့ တင်နင်တို့ကို ခွဲထုတ်ရန် သုတေသန ဆောင်ရွက်လျက်ရှိကြတယ်။ အဲဒီလို အာရီကိုလင်း ပါရှိမှုကို ကွမ်းသီးမှာ လျှော့ချနိုင်ရင် အာရီကိုလင်း မပါရှိတဲ့ ကွမ်းသီးမျိုးကို စီးပွားဖြစ်ထုတ်လုပ်နိုင်လျှင် စားသုံးသူများအတွက် အန္တရာယ် လျော့သွားနိုင်တယ်လို့ သုံးသပ်ထင်မြင်ကြပါတယ်။

ကွမ်းသီးပါ အာရီကိုလင်းဟာ ကွမ်းစားဆေးထဲမှာရှိတဲ့ နီကိုတင်းနှင့် ကျန်းမာရေး ထိခိုက်မှုသဘာဝ အတူတူပါ။ ဗဟိုနှဗ်ကြောစနစ် (Central nervous system) ကို အန္တရာယ်ပြုစေတယ်။ ခန္ဓာကိုယ်ဆဲလ်များနဲ့ မျိုးရိုးဗီဇတို့ကို အဆိပ် (Cyclotoxic and genotoxic) ဖြစ်စေတယ်။ ဦးနှောက် မှတ်ဉာဏ်ချို့ယွင်းခြင်းရောဂါ (Alzheimer disease) ဖြစ်စေတယ်။ ဒ့ါအပြင် အာရီကိုလင်းဟာ ကင်ဆာဖြစ်စေတဲ့ နိုက်ထရို့(စ်)အေမင်း (Nitrosamine) ဖြစ်ဖို့ ရှေ့ပြေးပစ္စည်း (Precursor) ဖြစ်တယ်။ ခံတွင်းနဲ့လည်ချောင်း (Oral and pharyngeal) ကင်ဆာရောဂါ ဖြစ်စေတယ်။ ကွမ်းသီးကို သီးသန့်ဝါးစားနေသူများ၊ ဝါးလွန်းတာများလျှင် ခံတွင်းချွဲမြှေးတို့ရဲ့ အရောင်ဟာ မီးခိုးရောင်ဖြစ်လာပါမယ်။ သွားပွတ်တံနဲ့ တိုက်ပစ်လို့မရတော့ဘဲ ခံတွင်းနေရာ မာလာမယ်။ အရေပြားတစ်သျှူးဆဲလ်တွေ ဖြစ်ပေါ်လာတတ်ပါမယ်။ ကင်ဆာရောဂါစတာတွေ ဖြစ်တယ်လို့ ဆိုပါတယ်။

စိတ်ဝင်စားစရာ စမ်းသပ်ထားတာတစ်ခုမှာ အာရီကိုလင်းကို မှတ်ဉာဏ် ချို့ယွင်းရောဂါ (Alzheimer disease) ရောဂါရှင်အချို့နဲ့ အကြောဆေးအဖြစ် သုံးပြီး စမ်းသပ်ရာမှာ ဝေဒနာရှင် စကားပြောတိုးတက်မှုရှိပြီး မှတ်ဉာဏ် ပြန်လည်ကောင်းမွန်လာတဲ့ လက္ခဏာများ တွေ့ရှိလာတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ အာရီကိုလင်းကို မှတ်ဉာဏ်ချို့ယွင်း ဝေဒနာရှင်များ ကုသဆေးအဖြစ် အလားအလာရှိသော်လည်း ကင်ဆာရောဂါ စတင်ဖြစ်မှုကို စိုးရိမ်ရမှုရှိတာကြောင့် မှတ်ဉာဏ်ချို့ယွင်းရောဂါကုသထုံးကို ဆိုင်းငံ့ထားနေရပါသေးတယ်။

**ထုံးကြောင့်လား**

ကွမ်းရွက်ကို ထုံးသုတ်ပြီးစားတဲ့အခါ ကွမ်းယာဝါးဖတ်ရဲ့ pH ၁၀ အထိ ရောက်ရှိလာတယ်။ ကျန်းမာရေးပညာရှင်တွေက ဒီလို ဓာတ်တိုး ပြောင်းသွားတာဟာ ကင်ဆာဖြစ်စေတဲ့ အခြေခံလို့ ယူဆကြတယ်။ ထုံးကြောင့် ပါးစပ်အတွင်းရှိ အရေပြားပျက်စီးစေတယ်။ ချိုဆိမ့်တဲ့ အရသာရလို့ ထုံးကိုပါးစောင်ထဲနဲ့ လျှာပေါ်မှာငုံထားရင် နုနယ်တဲ့အသားမျှင်ကို ပျက်စီးစေတယ်။ ကွမ်းစားဆေးနဲ့ပေါင်းစပ်စားတဲ့အခါ ခံတွင်း၊ ပါးစပ်ခေါင်းပေါက် (Oral cavity)၊ လည်ချောင်း (Pharynx) အစာပြွန် (Aesorphagus) တို့မှာ ကင်ဆာရောဂါ ဖြစ်နိုင်တယ်။ ဖြစ်နိုင်မယ့် ဓာတုဗေဒဖြစ်စဉ်ကို လေ့လာတဲ့အခါမှာ ကွမ်းယာထဲမှာပါရှိတဲ့ အခြားပစ္စည်းတွေနဲ့ ထုံး (Calcium hydroxide)တို့ ဓာတ်ပြုလိမ့်မယ်။ ထုံးကနေ ဓာတ်ပြုအောက်ဆီဂျင် (Reactive oxygen) ဖြစ်တဲ့ $O_2$, $H_2O_2$, နဲ့ OH– တွေကတစ်ဆင့် pH ၈ မှ ၁၄ ကြားမှာ ခံတွင်းချွဲမြှေး၊ ဆဲလ်များနှင့် ဓာတ်ပြုပျက်စီးစေတယ်။ စားသုံးသူရဲ့ ခံတွင်းလိုဏ်ခေါင်း (Oral cavity) တို့မှာ ပျက်စီးတာတွေ ဖြစ်ပါတယ်။ ဒါကြောင့် လည်ချောင်း၊ အစာပြွန်၊ ခံတွင်းလိုဏ်ခေါင်းတို့မှာ ဆဲလ်ပျက်စီးမှုတွေ ဖြစ်လာတာလို့ ဆိုထားပါတယ်။

**ကွမ်းစားဆေးကြောင့်လား**

ဆေးရွက်ထဲမှာ နစ်ကိုတင်း အလေးချိန် ၀ ဒသမ ၅ မှ ၀ ဒသမ ၈ ရာခိုင်နှုန်းအထိ ပါရှိတယ်။ နစ်ကိုတင်းကို သုံးစွဲမိရင် ခန္ဓာကိုယ်အလေးချိန်

**စာမျက်နှာ ၁၁ သို့**

**☐ ကင်ဆာမဖြစ်ခင် အာခံတွင်း ယားယံတာ၊ အရေပြားပေါ်မှာ အရောင်ပြောင်းလာတာ၊ အကွက်တွေပေါ်လာတာ၊ အရေပြားထူလာတာတွေဟာ မဖြစ်မနေ စဖြစ်တတ်ပါတယ်။ တဖြည်းဖြည်းအာခံတွင်း၊ လည်ချောင်းတို့မှာ ကင်ဆာဖြစ်နိုင်တဲ့ နာတာရှည်ရောဂါ ဖြစ်လာမယ်။ တစ်သျှူးများ ရည်ကြည်အိတ်၊ ရည်ကြည်ဖု၊ လောင်ဖူးငယ် (Vesicals)တွေ ရှေ့ပြေးပေါ်လာမယ်၊ ရောင်လာမယ်၊ အရေပြားပါးတဲ့ တစ်သျှူးဆဲလ်တွေ အခြေအနေ ပြောင်းလဲလာမယ်။ အာခံတွင်း အမြှေးပါးများ ပါးလာပြီး ထမင်းမစားနိုင် ပါးစပ်မဟနိုင်ဖြစ်ပြီး မေးခိုင်လာနိုင်တယ်။ နိုက်ထရို့(စ်)အေမင်း အမျိုးမျိုးမှတစ်ဆင့် ကင်ဆာရောဂါဖြစ်တယ်လို့ ဆေးပညာအရ သတ်မှတ်ကြတယ်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## အခွန်ရုံးပြောင်းလဲစည်းကြပ်ခံယူခြင်းအကြောင်း သိကောင်းစရာများ

၁။ ကုမ္ပဏီလုပ်ငန်းရှင်အခွန်ထမ်းပြည်သူများအနေဖြင့် လုပ်ငန်းတည်နေရာပြောင်းလဲခြင်း၊ လုပ်ငန်းအမျိုးအစားပြောင်းလဲခြင်း၊ လုပ်ငန်းပမာဏပြောင်းလဲခြင်းတို့ကြောင့် အခွန်ရုံးပြောင်းလဲစည်းကြပ်ခံယူရခြင်းများ ပေါ်ပေါက်နိုင်ပါသည်။

၂။ လက်ရှိအခွန်ထမ်းဆောင်လျက်ရှိသော အခွန်ထမ်းဖြစ်ပါက မိမိပြောင်းလဲစည်းကြပ်မှုခံယူလိုသည့် စည်းကြပ်နှစ်မတိုင်မီ တစ်လကြိုတင်၍ အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (Centralized Taxpayer Service Unit-CTSU) တွင် လျှောက်ထားရမည် ဖြစ်ပါသည်။

၃။ အခွန်ထမ်းမှတ်ပုံတင်အသစ် လျှောက်ထားသူဖြစ်ပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (CTSU) မှ အခွန်ထမ်းဆောင်ရမည့်ရုံးအား သတ်မှတ်ပြန်ကြားသည့်နေ့မှ တစ်လအတွင်း အခွန်ထမ်းဝန်ဆောင်မှု ဗဟိုအဖွဲ့ရုံး (CTSU) တွင် လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ လျှောက်ထားရာတွင် အခွန်ရုံးပြောင်းလဲစည်းကြပ်ခံယူခွင့်ပြုပါရန် လျှောက်လွှာနှင့် မည်သည့်အတွက်ကြောင့် ပြောင်းလဲစည်းကြပ်မှုခံယူလိုကြောင်း ခိုင်လုံသောအကြောင်းပြချက် အပြည့်အစုံတို့ကို တင်ပြရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ အခွန်ရုံးပြောင်းလဲစည်းကြပ်မှုခံယူခွင့်ပြုပါရန် လျှောက်လွှာ ပုံစံကို www.ird.gov.mm တွင် ရယူနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**စာမျက်နှာ ၁၀ မှ**

၁ ကီလိုဂရမ်မှာ နှစ်ကိုတင်း ၆ ဒသမ ၅ မှ ၁၃ ဒသမ ၀ မီလီဂရမ် အထက် ပိုသုံးစွဲမိရင် ဆေးစွဲတာမျိုး ဖြစ်သွားနိုင်တယ်။ သွေးတိုး ရောဂါ၊ ကိုယ်ခန္ဓာ အလေးချိန်လျော့ကျရောဂါ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ ပဋိသန္ဓေ ထိခိုက်ရောဂါ၊ အဆုတ်တစ်သျှူးပျက်စီးတဲ့ ရောဂါမျိုး ဖြစ်စေနိုင်တယ်။

ဆေးရွက်ထဲမှာ ကူမာရင်း (Coumarin)၊ အီသိုင်း(လ်)ကာဘာမိတ် (Ethyl Carbamate)၊ N- နိုက်ထရို့(စ်)အေမင်း (N- Nitrosamine)၊ နိုက်ထရို့စိုအေမီနို အက်စစ် (Nitrosoamino Acids)၊ ဆေးရွက်ထဲသီးသန့်ပါသော နိုက်ထရို့(စ်) အေမင်း (Tobacco-Specific Notrosomine)၊ နိုက်ထရိတ် (Nitrate)၊ နိုက်ထရိုက် (Nitrite) စတာတွေ ပါရှိတယ်လို့ ဆိုပါတယ်။ ဒီဓာတုပစ္စည်းတွေဟာ ကွမ်းယာထဲမှာရှိပြီး အခြားဓာတုပစ္စည်းများနဲ့ ဓာတ်ပြုမှုဖြစ်ပြီး ၃ နှစ်မှ ၅ နှစ်အတွင်း ခံတွင်း၊ အစာမြိုပြွန်၊ အသံအိုးစတာတွေမှာ ကင်ဆာရောဂါဖြစ်နိုင်တယ်လို့ ဖတ်ရှုသူများနားလည်အောင် အတိုချုံးရေးသားပေးထားပါတယ်။

### ကွမ်းယာဝါးဖတ်ကြောင့်လား

ကွမ်းယာဝါးဖတ်ကို ဆက်တိုက် စိတ်တိုင်းကျဝါးနေကြရင် ကွမ်းပစ္စည်း အမျိုးစုံနဲ့ ပါးစပ်နှင့် အမြဲထိတွေ့နေတော့မှာပါ။ အထူးသဖြင့် ကွမ်းသီးထဲပါရှိတဲ့ သီးသန့် နိုက်ထရို့(စ်) အေမင်း (Betel-nut-specific Nitrosamine)နဲ့ ဆေးရွက်ထဲပါရှိတဲ့ သီးသန့် နိုက်ထရို့(စ်)အေမင်း (Tobacco-specific Nitrosamine) တို့ကြောင့် ကွမ်းယာဖတ်နဲ့ ထိတွေ့တဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေမှာ အန္တရာယ်ဖြစ်စေပြီး အစိတ်အပိုင်း ပုံသဏ္ဌာန်များ ပြောင်းလဲမှုဖြစ်လာမှာပါ။ ကွမ်းယာဝါးဖတ် အမြဲတမ်းငုံထားတတ်တဲ့ လူတွေရဲ့ပါးစပ်အတွင်းမှာ တစ်သျှူး အရောင်ပြောင်းလဲလာမယ်။ ကွဲလာမယ်။ ထူလာမယ်၊ သွားပွတ်တံနဲ့ ခြစ်ထုတ်လို့ မရတာမျိုး ဖြစ်တတ်တယ်။ ယားနေတဲ့ ဝေဒနာမျိုး ရှိတတ်တယ်။ သွားဖုံးတွေ ဖူးရောင်လာမယ်။ ထမင်းမစားနိုင်၊ ပါးစပ်မဟနိုင်၊ မေးခိုင်တာမျိုး ဖြစ်လာပါမယ်။ ကွမ်းယာစားလွန်းလို့ဖြစ်လာတဲ့ ကွမ်းဖတ်ကြောင့် နောက်ဆုံးအဆင့်မှာ ကင်ဆာရောဂါအဖြစ်များကြောင်း ရှင်းပြထားပါတယ်။

### ကွမ်းဝါးခံစားရောဂါများ

ဒီလိုရောဂါဝေဒနာရှင်တွေဟာ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ထိုင်ဝမ်၊ တရုတ်၊ နီပေါ၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတွေမှာ တွေ့ရှိရတယ်။ အမျိုးသမီးတွေမှာ အမျိုးသားများထက် သုံးဆလောက်ရှိပြီး၊ အသက် ၄၅ နှစ်မှ ၅၅ နှစ်အတွင်းမှာ ဖြစ်တတ်တာများပါတယ်။

နောက်ဖြစ်တတ်တဲ့ လက္ခဏာတွေမှာ အာခံတွင်း တစ်သျှူးများ အရေပြားပေါ်မှာ အနီရောင်၊ ခရမ်းရောင်အကွက်များ စသဖြင့်ပေါ်လာမယ်။ ကွမ်းယာစားမှု လျှော့လျှင် ဤရောဂါမျိုးဟာ တဖြည်းဖြည်း လျော့ပါးလာမည်လို့ ဆိုထားပါတယ်။ ကွမ်းယာစားနေတာနဲ့ တစ်ပြိုင်နက် စီးကရက်၊ ဆေးလိပ်သောက်ပြီး အရက်ပါ သောက်နေရင် လည်ချောင်း၊ အာခေါင် (Pharynx) နဲ့ အစာပြွန် (Aerophagus) တွေမှာ ကျိုချွဲမြွေးကဲ့သို့ အောက်ခံမျက်နှာပြင်ဆဲ(လ်)မှာ ဖြစ်တဲ့ နို့သီးဖုဗိုင်းရပ် (Human papilloma virus) နှင့် တစ်ခါတစ်ရံ ကင်ဆာ ဖြစ်လေ့ရှိတဲ့ ကျိုချွဲမြွေးနှင့်တူသောရောဂါ (Leukoplakia) တို့ ဖြစ်တာကို သုတေသနအရ တွေ့ရှိရတယ်။ ကွမ်းယာစားလို့ရတဲ့ ကွမ်းဝါးဖတ်ကြောင့် နောက်ဆုံးအဆင့်မှာ ကင်ဆာဖြစ်တာ များပါတယ်။ ကင်ဆာမဖြစ်ခင် အာခံတွင်းယားယံတာ၊ အရေပြားပေါ်မှာ အရောင်ပြောင်းလာတာ၊ အကွက်တွေ ပေါ်လာတာ၊ အရေပြားထူလာတာတွေဟာ မဖြစ်မနေ စဖြစ်တတ်ပါတယ်။

တဖြည်းဖြည်းအာခံတွင်း၊ လည်ချောင်းတို့မှာ ကင်ဆာဖြစ်နိုင်တဲ့ နာတာရှည်ရောဂါ ဖြစ်လာမယ်။ တစ်သျှူးများ ရည်ကြည်အိတ်၊ ရည်ကြည်ဖု၊ လောင်ဖူးငယ် (Vesicals)တွေ ရှေ့ပြေးပေါ်လာမယ်၊ ရောင်လာမယ်၊ အရေပြားပါးတဲ့ တစ်သျှူးဆဲလ်တွေ အခြေအနေ ပြောင်းလဲလာမယ်။ အာခံတွင်း အမြှေးပါးများပါးလာပြီး ထမင်းမစားနိုင် ပါးစပ် မဟနိုင်ဖြစ်ပြီး မေးခိုင်လာနိုင်တယ်။ နိုက်ထရို့(စ်)အေမင်း အမျိုးမျိုးမှတစ်ဆင့် ကင်ဆာရောဂါဖြစ်တယ်လို့ ဆေးပညာအရ သတ်မှတ်ကြတယ်။

ကင်ဆာရောဂါမှာ နိုက်ထရို့(စ်)အေမင်းတွေရဲ့ ဆက်တိုက် ဓာတ်ပြောင်းလဲမှုကြောင့် အာခံတွင်း၊ အူလမ်းကြောင်း၊ အစာအိမ် စတာတွေမှာ အနာရောဂါဖြစ်တာတို့၊ အခြားကိုယ်ခန္ဓာ အစိတ်အပိုင်းမှာ မမျှော်လင့်ဘဲ အသားပိုသစ်တို့ ဖြစ်ပေါ်ပြီး ဆက်တိုက် ထိန်းချုပ်မနိုင်လောက်အောင် ဆဲလ်များ ကြီးထွားတာမျိုး၊ တိုးပွားလာတာမျိုး စတာတွေ ဖြစ်တာတွေ့ရပါလိမ့်မယ်။ အမြန်ပြန့်ပွားနိုင်တယ်၊ ကင်ဆာရောဂါဟာ ဆိုးရွားပြီး အသက်အန္တရာယ်ရှိတယ်ဆိုတာကို သိရှိကြပြီး ဖြစ်ပါလိမ့်မယ်။

နယူးဂီနီနိုင်ငံ ဆေးပညာရှင်တွေရဲ့ သုတေသနတွေ့ရှိချက်တစ်ခုမှာ ကွမ်းသီးနဲ့ထုံး ပေါင်းပြီး ဝါးစားတဲ့အခါ ကွမ်းဝါးဖတ်ရဲ့ pH ၁၀ ထိ တက်လာတယ်။ အစွမ်းထက် အောက်ဆီဂျင် (Reactive oxygen) ဟာ ကွမ်းဝါးဖတ်ကနေ ထွက်ရှိပြီး ပါးစပ်ထဲရှိ အသားနုနှင့်ထိတွေ့ပြီး ရောင်စေတယ်။ တိုက်စားတယ်။ ထုံးတစ်မျိုးတည်းကပင် အသား တစ်သျှူးတွေကို စားသွားတယ်။ ဖုရောင်တာတွေ၊ အသားပိုတွေဖြစ်လာရင် ကင်ဆာရောဂါဖြစ်မယ့် အခြေခံပျက်စီးမှု ဖြစ်စဉ်တွေပဲလို့ ကောက်ချက်ချထားတယ်။ ကင်ဆာရောဂါဖြစ်ခြင်းဟာ ပါးစောင်တွေမှာဖြစ်တာပိုများတာ တွေ့ရတယ်။ ပြီးရင် ကွမ်းစားဆေးပါ ထည့်စားရင် အစာမျိုပြွန် (Espop-hageal)နဲ့ လည်ချောင်း (Pharynx) တွေမှာ အလားတူကင်ဆာဖြစ်စေတဲ့ အသားပိုများ ဖြစ်လာတာကိုလည်း တွေ့ရတယ်။

အပြည်ပြည်ဆိုင်ရာ ကင်ဆာသုတေသနဌာန (International Agency Research in Cancer) ရဲ့ တွေ့ရှိချက်မှာ ကွမ်းစားဆေးထဲပါရှိတဲ့ နီကိုတင်း (Nicotine)၊ ကိုတီနင်း (Cotinine) တို့ဟာ ကျန်းမာရေးကို ထိခိုက်စေတယ်။ ကွမ်းစားဆေးရဲ့ ရနံ့တွေထဲမှာ အယ်(လ်)ကလွိုဒ်တစ်မျိုးဖြစ်တဲ့ အိုင်ဆိုပရီနွိုဒ် (Isoprenoid) ဟာလည်း ကျန်းမာရေးကို ထိခိုက်ပြန်တယ်။ ပြဒါး၊ ကက်မီယမ်၊ ကျူမာရင် (Coumarin)၊ အီသိုင်းလ် ကာဘာမိတ် (Ethyl car-bamate) အပြင် ကွမ်းစားဆေးမှာသာ သပ်သပ်ပါရှိတဲ့ နိုက်ထရို့(စ်) အေမင်း (Tobaccospecific Nitrosamine) တို့ဟာလည်း အန္တရာယ်ပြုနိုင်ပါတယ်။ သီးခြားပါရှိတဲ့ နိုက်ထရို့(စ်) အေမင်းဟာ ကွမ်းစားဆေးမှာပါရှိတဲ့ အယ်(လ်)ကလွိုဒ်နဲ့ နိုက်ထရိတ်၊ နိုက်ထရိုက်တို့နဲ့ ဓာတ်ပြုဖြစ်လာတာကြောင့် ကွမ်းစားဆေးမှာပါရှိတဲ့ နိုက်ထရိတ် (Nitrate)၊ နိုက်ထရိုက် (Nitrite)တွေဟာ ဆေးရွက်ကြီး စိုက်ပျိုးရာဒေသရဲ့ မြေဆီပြုပြင်မှုအပေါ် မူတည်နေတယ်လို့ ဆိုထားပါတယ်။ ။

**"ကွမ်းယာစားသုံးခြင်းအန္တရာယ်" ဆောင်းပါးကို စာရေးသူ ဒေါက်တာ သန်းထိုက် Ph.D (Chem.Engg)(Sydney) ရေးသားသည့် ရိုးရာကွမ်းယာ ကောင်းဆိုးဆင်ခြင်သိပွဲအမြင် စာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ထုတ်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။**

**စာတည်းအဖွဲ့**

# ကြည့်မြင်တိုင်မြို့နယ်အတွင်း မုဒိမ်းမှုကျူးလွန်ခဲ့သူကို ပြစ်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အလယ်ချောင်ရပ်ကွက်ရှိ အမျိုးသမီးငယ်တစ်ဦးကို သက်နောင်ထွန်း (ဘ) ဦးလှတင်သည် ဧပြီ ၂၉ ရက်မှ မေ ၆ ရက်အထိ အလိုမတူဘဲ သားမယားအဖြစ် အကြိမ်ကြိမ်ပြုကျင့်ပြီး မုဒိမ်းမှုကျူးလွန်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ- ၃၇၆(၁) အရ ၎င်းအား ဇွန် ၁၅ ရက်တွင် "အလုပ်နှင့် ထောင်ဒဏ် နှစ် (၂၀)" အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကင်းမရွာ၌ လှည့်ကင်းဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကိုင်အကြမ်းဖက်သူများက ပစ်ခတ်တိုက်ခိုက်၍ ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကင်းမရွာ၌ လှည့်ကင်းဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကိုင်အကြမ်းဖက်သူများက ပစ်ခတ်တိုက်ခိုက်၍ ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်**

ဖြစ်စဉ်မှာ ဇွန် ၁၅ ရက်တွင် ပေါက်မြို့နယ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပေါက်မြို့နယ်အတွင်း နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် နံနက် ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် ကင်းမကျေးရွာ ဆိုင်းဘုတ်အနီး အရောက် လက်နက်ကိုင်အကြမ်းဖက်သူ ၁၀ ဦးခန့်က တောင်ကုန်းပေါ်မှနေ၍ တူမီးသေနတ်များ၊ လက်လုပ်ဗုံးများဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူများ တောင်ကုန်းပေါ်မှ ဆုတ်ခွာသွားခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ တောင်ကုန်းပေါ်သို့ အသေးစိတ်ပိတ်ဆို့ရှာဖွေခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် တောင်ကုန်းအလယ်သို့ရောက်ရှိစဉ် အကြမ်းဖက်သူများက ထပ်မံချောင်းမြောင်းပစ်ခတ်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ မွန်းတည့် ၁၂ နာရီခန့်တွင် အကြမ်းဖက်သူများ ပြန်လည်ဆုတ်ခွာ ထွက်ပြေးသွားခဲ့ကြောင်း၊

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ ပတ်ဝန်းကျင်တစ်ဝိုက် လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိစဉ် ကင်းမကျေးရွာအတွင်း မီးလောင်မှုဖြစ်ပွားနေသည်ကို တွေ့ရှိရသဖြင့် ထပ်မံရောက်ရှိလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ သွားရောက်ကူညီငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုအား အသေးစိတ်စစ်ဆေးမှုအရ အကြမ်းဖက်သူ ၄၀ ခန့်က ကင်းမကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် မျက်နှာချင်းဆိုင်ရှိ ဦးကျော်ငွေ၏ နေအိမ်ကို မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်တွင် စတင်မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ယင်းနေအိမ်မှတစ်ဆင့် အခြားနေအိမ်များသို့ လေတိုက်ခတ်ရာမှ မီးကူးစက်ခဲ့ပြီး ကျေးရွာရှိ အိမ်ခြေ ၂၂၅ လုံးအနက် အိမ်ခြေအလုံး ၁၀၀ ခန့် မီးလောင်ပျက်စီးသွားခဲ့ကြောင်း သိရှိရသည်။



လက်နက်ကိုင်အကြမ်းဖက်သူများ မီးရှို့ဖျက်ဆီးမှုကြောင့် ပေါက်မြို့နယ် ကင်းမကျေးရွာ၌ မီးလောင်မှုဖြစ်ပွားစဉ်။

**လုပ်ကြံရေးသားဖော်ပြမှုများ ပြုလုပ်လျက်ရှိ**

အဆိုပါဖြစ်စဉ်အပေါ် အချို့သောမီဒီယာများနှင့် ဆိုရှယ်မီဒီယာများတွင် ကင်းမရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးသကဲ့သို့ အများပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားဖော်ပြမှုများ ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရသည်။

အထက်ပါဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ချောင်းမြောင်းပစ်ခတ်ကာ ကျေးရွာအတွင်းရှိ ၎င်းတို့၏ တိုင်းဖျက်ပြည်ဖျက်လုပ်ရပ်ကို မထောက်ခံသော အေးချမ်းစွာနေထိုင်လိုသူတစ်ဦး၏ နေအိမ်ကို မီးရှို့ဖျက်ဆီးခဲ့သည့်အကြမ်းဖက်သူများအား ဖမ်းဆီးရမိနိုင်ရေးနှင့် ဥပဒေနှင့်အညီ အပြစ်ပေးအရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြို့နယ်အချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုအချို့ကို လက်နက်ကိုင်အကြမ်းဖက်သူများက အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်

**နေပြည်တော် ဇွန် ၁၆**

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အချို့တွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်နေကြသော ပြည်သူလူထုအချို့ကို အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်၊ လူထုအတွင်း အကြောက်တရားများ လွှမ်းမိုးလာစေရန်နှင့် ငါနှင့်မတူ ငါ့ရန်သူဟူသည့် တစ်ဖက်သတ် အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ လက်နက်ကိုင်အကြမ်းဖက်သူများက သေနတ်များ၊ တုတ်၊ ဓားများ၊ လက်လုပ်ဗုံး၊ လက်ပစ်ဗုံးများအသုံးပြုကာ အကြောင်းမဲ့ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ဇွန် ၁၅ ရက် နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကံကြီးကျေးရွာ ပစ္ဆိမာရုံဘုန်းကြီးကျောင်းမှ ဆရာတော် ဦးဉာဏိတ (၄၂)နှစ် (၂၂) ဝါနှင့် ၎င်းကျေးရွာနေ ကိုဇော်မျိုး (၂၆)နှစ် (ဘ) ဦးငွေဦးတို့သည် ကြို့ပင်ကျေးရွာ၊ အင်ပင်လှ ဘုန်းကြီးကျောင်းမှ ဆိုင်ကယ်ဖြင့်ပြန်လာပြီး ကျောက်ရုံတောပြင်ရှိ ကိုဦး၏နေအိမ်တဲ၌ ခေတ္တနားနေစဉ် တူမီးသေနတ်များ ကိုင်ဆောင်ထားသည့် ဆူပူအကြမ်းဖက် သောင်းကျန်းသူ အင်အား ၁၅ ဦးခန့်က ဆရာတော်နှင့် ကိုဇော်မျိုးတို့ကို အော်ဟစ်ဆဲဆိုကာ တူမီးသေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် ဆရာတော်ဦးဉာဏိတနှင့် ကိုဇော်မျိုးတို့တွင် တူမီးသေနတ်ထိမှန် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ကြောင်း သိရသည်။

အလားတူ ဇွန် ၁၆ ရက် နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မလွန်းကျေးရွာ စံချိန်မီရပ်ကွက်၌ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအေးထွန်း (၅၃)နှစ် (ဘ)ဦးထွန်းရွှေသည် ၎င်း၏နေအိမ်မှ မြို့နယ်ပညာရေးမှူးရုံးသို့ သွားရောက်စဉ် ရွှေညောင်ပင်လမ်း အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှေ့အရောက်တွင် အကြမ်းဖက်သူအမျိုးသားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ဦးအေးထွန်းအား ၃၈ ဗိုသေနတ်ဖြင့် တစ်ချက်ပစ်ခတ်၍ မောင်းနှင်ထွက်ပြေးသွားခဲ့ရာ ဦးအေးထွန်းတွင် ကျောကုန်းဝဲဘက် ကျည်ဖောက်ဝင်၊ ယာရင်အုံ ကျည်ဖောက်ထွက် ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်နေကြသော ပြည်သူများကို အကြောင်းမဲ့ရက်စက်စွာ လုပ်ကြံသတ်ဖြတ်မှု ကျူးလွန်ခဲ့သည့် အကြမ်းဖက်သူများကို အမြန်ဆုံးဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❄ *ကျောဖုံးမှ*

ပြင်သစ်အသင်းနှင့် ဂျာမနီအသင်းတို့သည် ယူရို ၂၀၂၀ ချန်ပီယံရှစ်ပြိုင်ပွဲတွင် အုပ်စု (F)၌ လက်ရှိ ယူရိုချန်ပီယံ ပေါ်တူဂီ၊ ဟန်ဂေရီအသင်းတို့နှင့်အတူ ကျရောက်နေသည်။ ထို့ကြောင့် ပြင်သစ်အသင်း ရော၊ ဂျာမနီအသင်းပါ ယူရိုပြိုင်ပွဲနောက်တစ်ဆင့် တက်ရောက်ရန်အတွက် ယနေ့ပွဲစဉ်ကို အနိုင်ရရှိရန် ကစားသမားအင်အား အတောင့်တင်းဆုံးပုံစံဖြင့် ပွဲထွက်လာခဲ့သည်။ ရလဒ်ကောင်းရရှိရန် အကောင်းဆုံးပြင်ဆင်လာသည့် အသင်းနှစ်သင်းဖြစ်သောကြောင့် ပွဲစသည်နှင့် တစ်ပြိုင်နက် ပြိုင်ဆိုင်မှုမြင့်ဆိုင်လာခဲ့သည်။

ယနေ့ပွဲစဉ်တွင် ပြင်သစ်အသင်းသည် ဂျာမနီအသင်းအပေါ် နည်းဗျူဟာ ပိုင်း၊ ကစားကွက်ပိုင်းတွင် သိသိသာသာအသာစီး ရယူထားနိုင်ခြင်းမရှိခဲ့သည်ကို တွေ့ရသည်။ ပွဲချိန် မိနစ် ၂၀ တွင် ဂျာမနီအသင်းမှ ခံစစ်ကစားသမား ဟမ်းမဲလ် ကိုယ့်ဂိုးကိုယ်သွင်းယူမိသလိုဖြစ်ခဲ့၍ ပြင်သစ်အသင်း အဖွင့်ဂိုးရရှိခဲ့သည်။ ပထမပိုင်းပွဲချိန်အတွင်း အပြန်အလှန်ထိုးဖောက်မှု၊ ဂိုးကန်သွင်းမှုများ ရှိခဲ့သော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိသောကြောင့် ပြင်သစ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ဂျာမနီအသင်းသည် ဝါနာ၊ ဆာနေးတို့ ဝင်လာပြီးနောက် အသင်းကစားပုံ ကောင်းမွန်လာခဲ့သည်။ သို့သော်လည်း လိုအပ်နေသည့် ချေပဂိုးကို ရယူနိုင်ခြင်းမရှိချေ။ ပွဲချိန် ၈၅ မိနစ် တွင် ပြင်သစ်အသင်းမှ ဘင်ဇီမာ ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သောကြောင့် ပြင်သစ်အသင်း နစ်နာခဲ့ရသည်။ ထို့နောက် ပွဲချိန်ပြည့်သည်အထိ ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ပြင်သစ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု (F) မှ အခြားသောပွဲစဉ်တွင် ဟန်ဂေရီအသင်းနှင့် ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး လက်ရှိချန်ပီယံ ပေါ်တူဂီအသင်းက အသင်းခေါင်းဆောင် စီရော်နယ်ဒို၏ သွင်းဂိုးနှစ်ဂိုးနှင့်အတူ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ပေါ်တူဂီအသင်းသည် အုပ်စု (F) တွင် ပြင်သစ်အသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။

လာမည့်ပွဲစဉ်(၂)အဖြစ် ဇွန် ၁၉ရက်တွင် ပေါ်တူဂီအသင်းနှင့် ဂျာမနီအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြင်သစ်အသင်းက ဟန်ဂေရီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

## မိန်းကလေးတစ်ဦး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၁၆**

မိန်းကလေးတစ်ဦး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။

ပဲခူးတိုင်းဒေသကြီး ကျောက်တွင်းကုန်းရပ် မြို့သစ် (င) ရပ်ကွက်နေ အမှုံ (ခ) ဒေါ်ခင်မှုံ နှင့် ဒေါ်အေးအေးခင်တို့က ကျောက်တွင်းကုန်းရပ် မြို့သစ် (င) ရပ်ကွက်နေ မxxx၊ (၃၃ နှစ်)ကို တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်ဇနီးအဖြစ် ရောင်းစားခဲ့မှုအား ပဲခူးမြို့မရဲစခန်းက(ပ) ၁၅၉၂/၂၀၁၉၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ပဲခူးခရိုင်တရားရုံးသို့ တရားစွဲ တင်ပို့ခဲ့ရာ ဇွန် ၁၄ ရက်တွင် တရားခံ အမှုံ (ခ) ဒေါ်ခင်မှုံနှင့် ဒေါ်အေးအေးခင်တို့ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ တွေ့ဆုံဆွေးနွေး

ဂျီနီဗာ ဇွန် ၁၆

**အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့၏ တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၁၆ ရက်က စတင်ခဲ့ပြီး နာရီပေါင်းအတော်ကြာဆွေးနွေးခဲ့ကြောင်း သိရသည်။**

ဘိုင်ဒင်နှင့် ပူတင်တို့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာရှိ၁၈ရာစုဗီလာလာ့ဂရန့်အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။ ၎င်းတို့ကို ဆွစ်သမ္မတ ဂိုင်ပါမီလင်က ကြိုဆိုခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် နိုင်ငံ့အကျိုးနှင့် ကမ္ဘာ့အကျိုးအတွက် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ လုပ်ဆောင်နိုင်ခဲ့မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ဗီလာဂရန့်ရှိစာကြည့်တိုက်ထဲတွင် ခေါင်းဆောင်နှစ်ဦးကို နှစ်နိုင်ငံထိပ်တန်းသံတမန်များ ဖြစ်ကြသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်တို့က ကြိုဆိုခဲ့ကြပြီး ၎င်းတို့နှင့်အတူ သတင်းအဖွဲ့များလည်း တက်ရောက်သတင်းရယူခဲ့ကြောင်း သိရသည်။

ပူတင်က အမေရိကန်သမ္မတကို စတင်တွေ့ဆုံမှုပြုခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်းနှင့် အစည်းအဝေးမှာ အကျိုးရှိမည်ဟု မျှော်လင့်ကြောင်း ပြောခဲ့သည်။

ဘိုင်ဒင်က ၎င်းတို့သည် နှစ်နိုင်ငံအပြန်အလှန်အကျိုးစီးပွားနှင့်ဆိုင်သော နယ်ပယ်ကဏ္ဍများကို ဆွေးနွေးခဲ့ကြောင်းနှင့် မော်စကိုနှင့် ကြိုတင်ခန့်မှန်းနိုင်သော ဆက်ဆံရေးမျိုးရှိချင်ကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ တွေ့ဆုံဆွေးနွေးစဉ်။

# အစ္စရေးစစ်တပ်က ဂါဇာကမ်းမြောင်ဒေသတွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်

**ဂျေရုဆလင် ဇွန် ၁၆**

ဂါဇာအုပ်ချုပ်သူ ဟားမားစ်တို့နှင့် မေလတွင် အပစ်ရပ်စဲပြီးနောက် ဂါဇာကမ်းမြောင်ဒေသ၌ ပထမဆုံး လေကြောင်းတိုက်ခိုက်မှုလုပ်ခဲ့ကြောင်း အစ္စရေးစစ်တပ်က ဇွန် ၁၆ ရက်က ပြောလိုက်သည်။

ညဘက်တိုက်ပွဲတွင် အစ္စရေးစစ်လေယာဉ်များက ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်း ခန်ယူနစ်မြို့ရှိ ဟားမားစ်တို့ပိုင်ဆိုင်သော စစ်စခန်းများကို တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားလိုက်သည်။

ထုတ်ပြန်ချက်တွင် ဂါဇာကမ်းမြောင်ဒေသ၌ ဖြစ်ပွားသောဖြစ်ပျက်မှုများအားလုံးသည် ဟားမားစ်တို့တွင်သာ တာဝန်ရှိသည်ဟု စွပ်စွဲထားပြီး ၎င်းတို့သည် ၎င်းတို့၏ လုပ်ဆောင်ချက်များ၏အကျိုးဆက်ကိုခံစားရမည်ဖြစ်ကြောင်း သတိပေးထားသည်။ အစ္စရေးကာကွယ်ရေးတပ်ဖွဲ့(အိုင်ဒီအက်ဖ်) သည် ဂါဇာကမ်းမြောင်ဒေသ၏ အကြမ်းဖက်မှုများ ပြန်လည်စတင်ခြင်း အပါအဝင်ဖြစ်ပေါ်လာနိုင်သော အကြမ်းဖက်လုပ်ရပ်များ အားလုံးကို ရင်ဆိုင်ရန် ကြိုတင်ပြင်ဆင်ထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစ္စရေးမျိုးချစ်ရာပေါင်းများစွာသည် ဇွန် ၁၅ ရက်က အရှေ့ဂျေရုဆလင်သို့ ချီတက်ခဲ့ပြီး အစ္စရေးအလံများကို ဝှေ့ယမ်းခဲ့သည်။ ၎င်းတို့ထဲမှ အချို့သည် 'အာရပ်များ သေရမည်' ဆိုသည့် ကြွေးကြော်သံများကို ကြွေးကြော်ခဲ့ကြသည်။

ကုလသမဂ္ဂ အပါအဝင် ပါလက်စတိုင်းများနှင့် အပြည်ပြည်ဆိုင်ရာ သံတမန်အသိုင်းအဝိုင်းက အစ္စရေးကို ထိုသို့ချီတက်ခြင်းမပြုရန် ပြောကြားလိုက်ပြီး ယင်းသို့ချီတက်ခြင်းက ဒေသတွင်းတင်းမာမှုကို မြင့်တက်စေကြောင်း ပြောကြားလိုက်သည်။

**ဆင်ဟွာ**



အစ္စရေးနှင့် ဟားမားစ်တို့အကြား ၁၁ ရက်ကြာဖြစ်ပွားခဲ့သော တိုက်ပွဲများအတွင်း ပျက်စီးခဲ့သော အိမ်တစ်အိမ်၌ ပါလက်စတိုင်းသားအမိကို တွေ့ရစဉ်။

## ဂျပန်အစိုးရ ကိုဗစ်-၁၉ အရေးပေါ်အခြေအနေ ထုတ်ပြန်ချက်ကို ရုပ်သိမ်းမည်

**တိုကျို ဇွန် ၁၆**

ဂျပန်အစိုးရသည် အိုကီနာဝါမှလွဲ၍ ကိုဗစ်-၁၉ အရေးပေါ်အခြေအနေ ထုတ်ပြန်ခဲ့သော ခရိုင် ၁၀ ခုတွင် ယင်းထုတ်ပြန်ချက်ကို ရုပ်သိမ်းရန် ဆုံးဖြတ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် အဆိုပါခရိုင်များထဲမှ တိုကျိုနှင့် အိုဆာကာအပါအဝင် ခရိုင်ခုနစ်ခုကို တင်းကျပ်သည့် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးဆောင်ရွက်ချက်များ ချမှတ်အကောင်အထည်ဖော်သွားရန် စီစဉ်လျက်ရှိသည်။

အဆိုပါအစီအစဉ်ကို ဝန်ကြီးချုပ် ဆူဂါ ယိုရှီဟိဒဲနှင့် ကိုရိုနာဗိုင်းရပ်စ်တုံ့ပြန်ရေးဆိုင်ရာ ဝန်ကြီး နိရှီမူရာယာဆူတိုရှိနှင့် ကျန်းမာရေးဝန်ကြီး တာမူရာနိုရီဟီဆာအပါအဝင် ထိပ်ပိုင်းခေါင်းဆောင်များဆွေးနွေးမှု၌ သဘောတူခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ဖြင့် ထပ်မံသေဆုံးသူ ၇၃ ဦးရှိ

**ကွာလာလမ်ပူ ဇွန် ၁၆**

မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၁၅၀ ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။ ထပ်မံကူးစက်ဖြစ်ပွားသူအပါအဝင် နိုင်ငံအတွင်းစုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၇၃၀၂၆ ဦးအထိ ရောက်ရှိလာခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန် အဗ္ဗဒူလာက ထပ်မံကူးစက်ဖြစ်ပွားသူများအနက် သုံးဦးမှာ ပြည်ပကူးစက်မှုဖြစ်ကာ ၅၁၄၇ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ပြောခဲ့သည်။ လက်ရှိချမှတ်ထားသော ကန့်သတ်ပိတ်ဆို့မှုများကို တဖြည်းဖြည်းဖြေလျှော့လာပြီဖြစ်ကြောင်း အရာရှိများက ပြောသည်။ ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ၇၃ ဦးထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၁၄၂ ဦး ရှိလာခဲ့သည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ နှစ်သန်းနီးပါးရောက်ရှိ

**ဂျကာတာ ဇွန် ၁၆**

အင်ဒိုနီးရှားနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၉၉၄၄ ဦးတိုးလာကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၉၃၇၆၅၂ ဦးအထိရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်ပြီး ဆက်စပ်သေဆုံးသူ ၁၉၆ ဦး ထပ်တိုးလာသောကြောင့် စုစုပေါင်းသေဆုံးသူ ၅၃၄၇၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၆၂၉ ဦးတိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၁၇၆၃၈၇၀ ရှိလာခဲ့ပြီဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါသည် နိုင်ငံ၏ ပြည်နယ်ပေါင်း ၃၄ ခုသို့ ကူးစက်ပျံ့နှံ့လျက်ရှိသည်။

အထူးသဖြင့် လွန်ခဲ့သော ၂၄ နာရီက အနောက်ဂျာဗားတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၅၉၉ ဦး၊ ဂျကာတာတွင် ၂၃၇၆ ဦး၊ အလယ်ဂျာဗားတွင် ၁၂၅၁ ဦး၊ အရှေ့ဂျာဗားတွင် ၇၀၂ ဦးနှင့် ယိုဂျကာတာတွင် ၅၃၄ ဦး ရှိသည်။ ဆူလာဝေစီမြောက်ပိုင်းတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသည့် သတင်းဖော်ပြခြင်း မရှိချေ။

**ဆင်ဟွာ**



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာတွင် အမျိုးသမီးတစ်ဦး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှု ခံယူနေစဉ်။

# ဂျီ - ၇ အဖွဲ့ဝင်နိုင်ငံများ၏ ကာကွယ်ဆေးလှူဒါန်းမှုထက် ကိုဗစ် - ၁၉ ကူးစက်မှုမှာ ပိုမိုလျင်မြန်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးထား

နှင်းမိုးအိမ်



ဂျီ - ၇ ထိပ်သီးအစည်းအဝေးပြုလုပ်နေစဉ်။

ချမ်းသာကြွယ်ဝသော နိုင်ငံကြီးများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရှိန်အဟုန်တိုးမြှင့်ကာ ထိုးပေးနေသည့်အတွက် ပုံမှန်လူနေမှုဘဝ ပြန်ရလုနီးနီး ဖြစ်နေပြီဖြစ်သည်။

**အလှမ်းကွာဝေးလွန်းနေ**

သို့သော်လည်း ဝင်ငွေနိမ့်သည့်နိုင်ငံများနှင့် ဆင်းရဲသည့်နိုင်ငံများအတွက်မူ ကာကွယ်ဆေးကို အရှိန်အဟုန်ဖြင့် ထိုးပေးနိုင်ရေးမှာ အလှမ်းကွာဝေးလွန်းနေသေးသည်။ ကိုဗစ် -၁၉ ကူးစက်ပျံ့နှံ့မှုမှာ ကာကွယ်ဆေးထက်ပင် ပို၍လျင်မြန်နေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးခဲ့သည်။ မကြာသေးမီအချိန်အတွင်း ဂျီ- ၇ အဖွဲ့ကြီးသည် တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ် -၁၉ ကာကွယ်ဆေးကို ဖြန့်ဖြူးပေးနိုင်ရေးအတွက် ကာကွယ်ဆေး တစ်ဘီလီယံ လှူဒါန်းမှုပေးသွားမည်ဟု ထိပ်သီးအစည်းအဝေးတွင် ပြောကြားခဲ့ကြသည်။

**အချိန်လည်းနောက်ကျ**

ကမ္ဘာ့ကျန်းမာရေး ခေါင်းဆောင်များကမူ အဆိုပါပမာဏမှာ နည်းပါးလွန်းနေပြီး အချိန်လည်း နောက်ကျသည်ဟု သတိပေးပြောကြားခဲ့ကြသည်။ ယင်းပမာဏမှာ ဝင်ငွေနိမ့်သည့်နိုင်ငံများအတွက် လုံလောက်မှုမရှိဘဲ နောက်ထပ်ကာကွယ်ဆေး ၁၁ဘီလီယံကျော်လိုအပ်သည်ဟု ပြောကြားခဲ့ကြသည်။ စက်မှုအင်အားကြီး ခုနစ်နိုင်ငံ အုပ်စုသည် ပြီးခဲ့သည့်သီတင်းပတ်အတွင်း ဗြိတိန်နိုင်ငံ၌ ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် ၎င်းတို့ စုစုပေါင်းလှူဒါန်းမည့် ကာကွယ်ဆေးအရေအတွက်မှာ ၁ ဘီလီယံဟု ကြေညာခဲ့ကြသည်။ ဂျီ - ၇ အဖွဲ့ဝင်နိုင်ငံများ၏ ကြေညာမှုကို ကြိုဆိုကြောင်းနှင့် ကာကွယ်ဆေး သန်း ၈၇၀ ကို ကိုဗက်အစီအစဉ်မှတစ်ဆင့် လှူဒါန်းမည်ကို သိရှိရသည့်အတွက် ဝမ်းသာမိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ တက်ဒရော့စ် အက်ဒ်ဟာနွန်ဂီဘရီယက်ဆုဇ်က သတင်းထောက်များကို ပြောသည်။

**အချိန်မြန်ရန် လိုအပ်**

ဂျီ - ၇ အဖွဲ့ကြီး၏ အကူအညီပေးမှုမှာ ကြီးမားသည့်ကိစ္စရပ်ဖြစ်သော်လည်း ယခုထက်ပို၍ အချိန်လျင်မြန်ရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ယခုအချိန်ကာလတွင် ဗိုင်းရပ်စ်ကူးစက်မှုမှာ တစ်ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေး ဖြန့်ဖြူးပေးမှုထက်ပို၍ လျင်မြန်နေသည်ဟုလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ နေ့စဉ်နေ့တိုင်း ကိုဗစ် -၁၉ ကြောင့် လူသေဆုံးမှု များပြားနေပြီး အဆိုပါအသိုက်အဝန်းများမှာ အမှန်တကယ်ပင် ကိုဗစ် -၁၉ ကာကွယ်ဆေးကို လိုအပ်နေကြကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်က ပြောသည်။ အဆိုပါ အသိုက်အဝန်းမှလူများ ကာကွယ်ဆေးလိုအပ်နေသည်မှာ ယခုချက်ချင်းပင်ဖြစ်ပြီး နောက်နှစ်ကျမှဆိုလျှင် အချိန်နောက်ကျနိုင်ကြောင်း ၎င်းက ဆက်ပြောသည်။

**ကွာခြားချက်များစွာရှိနေ**

ချမ်းသာကြွယ်ဝသည့်နိုင်ငံများမှ ပြည်သူများသည် ကိုဗစ် -၁၉ ကာကွယ်ဆေး အရှိန်အဟုန်ဖြင့် ထိုးပေးနိုင်သည့်အကျိုးကျေးဇူးကြောင့် ပုံမှန်လူနေမှုဘဝပြန်လည်ရောက်ရှိရန် နီးစပ်နေပြီဖြစ်သည်။ ကာကွယ်ဆေးထိုးပေးနိုင်သည့် ပမာဏကိုကြည့်လျှင် ဂျီ - ၇ အဖွဲ့ဝင်နိုင်ငံများနှင့် ဝင်ငွေနိမ့်သည့်နိုင်ငံများကြား ကွာခြားချက်များစွာရှိနေသည်ကို တွေ့ရသည်ဟု ကမ္ဘာ့ဘဏ်က ပြောသည်။ ဂျီ - ၇ အဖွဲ့ဝင်နိုင်ငံများမှ လှူဒါန်းမည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် ကိုဗက်အစီအစဉ်မှတစ်ဆင့် ရရှိမည်ဖြစ်သည်။ ကိုဗက် အစီအစဉ်သည် တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ် -၁၉ ကာကွယ်ဆေးကို ညီညီမျှမျှခွဲဝေပေးနိုင်ရေး ဖွဲ့စည်းထားသည့်အဖွဲ့လည်း ဖြစ်သည်။

**၁၁ ဘီလီယံလိုအပ်**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဦးစီးနေသည့် ဂါဗီ ကာကွယ်ဆေးနှင့် ကာကွယ်ဆေးမဟာမိတ် စီအီပီအိုင်အဖွဲ့အစည်းတို့သည် နိုင်ငံပေါင်း ၁၃၁ နိုင်ငံသို့ ကိုဗစ် -၁၉ ကာကွယ်ဆေး ၈၇ သန်းကျော်ကို မျှော်မှန်းထားသည့်ထက် နောက်ကျကာပေးပို့နိုင်ခဲ့သည်။ လာမည့်နှစ် ဂျာမနီနိုင်ငံတွင် ပြုလုပ်မည့် ဂျီ - ၇ ထိပ်သီးအစည်းအဝေးတွင် ကမ္ဘာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ကို ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးပေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လိုလားလျက်ရှိသည်။ ယင်းသို့ ပြုလုပ်နိုင်ရေးအတွက် ကိုဗစ် - ၁၉ ကာကွယ်ဆေး ၁၁ ဘီလီယံလိုအပ်သည်။ ယင်းသို့ အမှန်တကယ်ဖြစ်လာနိုင်အောင်လည်း ဂျီ - ၇ နှင့် ဂျီ - ၂၀ နိုင်ငံများက လုပ်ဆောင်နိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ်က ပြောသည်။

**ဝေဖန်ပြောကြား**

ကိုဗစ် -၁၉ ကာကွယ်ဆေးဝယ်ယူရာတွင် ဂျီ - ၇ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မည်မျှရိုးသားမှုရှိသလဲဟု နယ်စည်းမခြားဆရာဝန်များအဖွဲ့က မေးခွန်းထုတ်ထားသည်။ အမှန်တကယ် လှူဒါန်းသည့် ကာကွယ်ဆေးပမာဏကို ပိုမိုရှင်းရှင်းလင်းလင်းသိသင့်သည်ဟုလည်း အဆိုပါအဖွဲ့အစည်းက ပြောသည်။ ကိုဗစ် - ၁၉ ကာကွယ်ဆေးကိုပိုမိုထုတ်လုပ်နိုင်ရေးအတွက်လည်း စက်ရုံများတွင် ကြုံတွေ့နေရသည့်ပြဿနာကို လျင်လျင်မြန်မြန်

> **ချမ်းသာကြွယ်ဝသည့်နိုင်ငံများမှ ပြည်သူများသည် ကိုဗစ် -၁၉ ကာကွယ်ဆေး အရှိန်အဟုန်ဖြင့် ထိုးပေးနိုင်သည့်အကျိုးကျေးဇူးကြောင့် ပုံမှန်လူနေမှုဘဝ ပြန်လည်ရောက်ရှိရန် နီးစပ်နေပြီဖြစ်သည်။ ကာကွယ်ဆေးထိုးပေးနိုင်သည့် ပမာဏကိုကြည့်လျှင် ဂျီ - ၇ အဖွဲ့ဝင်နိုင်ငံများနှင့် ဝင်ငွေနိမ့်သည့်နိုင်ငံများကြား ကွာခြားချက်များစွာရှိနေသည်ကို တွေ့ရသည်ဟု ကမ္ဘာ့ဘဏ်က ပြော**

ရှင်းလင်းသင့်သည်ဟု အခြားသူများက ဝေဖန်ပြောကြားကြသည်။ လာမည့်နှစ် နှစ်ကုန်ပိုင်းတွင် တစ်ကမ္ဘာလုံးကို ကာကွယ်ဆေးထိုးပေးနိုင်ရေး အလိုရှိသည်ဟု ဂျီ - ၇ ခေါင်းဆောင်များက ပြောသည်။

**လုံလောက်မှုမရှိ**

သို့သော်လည်း ၎င်းတို့၏ လုပ်ရပ်များမှာမူ ဆေးဝါးကုမ္ပဏီကြီးများကို လက်ဝါးကြီးအုပ်ခြင်းနှင့် မူပိုင်ခွင့်အတွက် စောင့်ရှောက်ပေးခြင်းတို့ကိုသာ ပို၍ အရေးစိုက်နေသည်ဟုလည်း အောက်စ်ဖမ်းအဖွဲ့ကြီး၏ မညီမျှမှုဆိုင်ရာ မူဝါဒအကြီးအကဲမှ အကြီးအကဲဖြစ်သူ မက်စ်လောဆန်က ပြောသည်။ ကာကွယ်ဆေးအပေါ် အာရုံစိုက်ခြင်းနှင့် လှူဒါန်းခြင်းများမှာ လုံလောက်မှုမရှိဟု စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်မှုအဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ အရှုနာကာရီယက်ပ်က အေအက်ဖ်ပီသို့ ပြောသည်။

**ထောက်ပြပြောဆို**

လက်ရှိကြုံတွေ့နေရသည့် ကပ်ရောဂါကို ကျော်လွှားနိုင်ရေးအတွက် အလှူငွေများလိုအပ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် မိတ်ဖက်အဖွဲ့အစည်းများက ပြောသည်။ ကိုဗစ် -၁၉ ကာကွယ်ဆေးကို အရှိန်အဟုန်ဖြင့် ထုတ်လုပ်နိုင်ရေး၊ ကိုဗစ် -၁၉ ဆေးစစ်မှုများပြုလုပ်နိုင်ရေး၊ လူနာများကို ကုသမှုများပေးနိုင်ရေးနှင့် ကာကွယ်ဆေးထိုးပေးနိုင်ရေးတို့အတွက် ယခုနှစ်အတွင်း အမေရိ ကန်ဒေါ်လာ ၁၆ ဘီလီယံ (ယူရို ၁၃ ဒသမ ၂ ဘီလီယံ) လိုအပ်နေဆဲဖြစ်သည်။ ယင်းပမာဏမှာ နှစ်စဉ် တစ်ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ရေးအသုံးစရိတ်၏ တစ်ရာခိုင်နှုန်းထက် လျော့နည်းသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အရေးပေါ်ကိစ္စရပ်များဆိုင်ရာ ညွှန်ကြားရေးမှူး မိုက်ကယ်ရိုင်ယန် က ထောက်ပြပြောဆိုသည်။

**လူ့အသက်များကို ကယ်တင်နိုင်**

တစ်ရာခိုင်နှုန်းမျှသာ အလှူငွေစိုက်ထုတ်ခြင်းဖြင့် လူ့အသက်များကို ကယ်တင်နိုင်ပြီး ကပ်ရောဂါကိုလည်း အဆုံးသတ်ပေးနိုင်သည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ လက်ရှိအခြေအနေအရ ကမ္ဘာပေါ်တွင် ကိုဗစ် -၁၉ ကပ်ရောဂါမှာဆက်လက် ဖြစ်ပွားနေဆဲဖြစ်ပြီး ပုံမှန်လူနေမှုဘဝပြန်လည်ရရှိရေးမှာ ကမ္ဘာပေါ်ရှိလူသားတိုင်း၏ မျှော်လင့်ချက်ပင်ဖြစ်သည်။ လူတိုင်းလူတိုင်းကို ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကကြိုးပမ်းလျက်ရှိရာ ဂျီ-၇ အဖွဲ့ကြီး၏ ကာကွယ်ဆေးလှူဒါန်းမှုထက် ဗိုင်းရပ်စ်ကူးစက်မှုမှာ ပို၍မြန်ဆန်သည်ဟု သတိပေးပြောကြားခဲ့ခြင်းဖြစ်သည်။ ။

ကိုးကား - အေအက်ဖ်ပီ

# COVID - 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၅၅ ဦး တွေ့ရှိ

**(၁၆–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၅–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၃,၅၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၅၅) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၅၇,၈၀၈) ခု အား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၆,၄၀၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၁၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၃,၂၁၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၅၀) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၆–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၃၉၀) ခု | (၁၀၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၈) ခု | (၁၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၈၄) ခု | (၃) ဦး |
| နေပြည်တော်၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၈) ခု | (၇) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၀) ခု | – |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၉၂) ခု | (၈) ဦး |
| ကလေးမြို့၊ တပ်မတော် Mobile PCR Team | (၃၀) ခု | (၂၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၀၂) ခု | (၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၈၆) ခု | (၇၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID– 19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၈၆) ခု | (၁၀၃ )ဦး |
| **စုစုပေါင်း** | **(၃,၅၅၆) ခု** | **(၃၅၅) ဦး** |

**** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –**

- **နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊**
- **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။**
- **COVID–19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ၁၆ - ၆ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၃၅၂၃၆ | ၂၈၅၇၈၇၀၁ | ၆၁၅၇၂၂ |
| ၂။ | အိန္ဒိယ | ၂၉၆၃၃၁၀၅ | ၂၈၃၈၈၁၀၀ | ၃၇၉၆၀၁ |
| ၃။ | ဘရာဇီး | ၁၇၅၄၃၈၅၃ | ၁၅၉၄၄၆၄၆ | ၄၉၁၁၆၄ |
| ၄။ | ပြင်သစ် | ၅၇၄၄၅၈၉ | ၅၅၁၁၁၆၆ | ၁၁၀၅၃၀ |
| ၅။ | တူရကီ | ၅၃၄၂၀၂၈ | ၅၂၁၁၀၂၂ | ၄၈၈၇၉ |
| ၆။ | ရုရှား | ၅၂၄၉၉၉၀ | ၄၈၂၈၅၀၀ | ၁၂၇၅၇၆ |
| ၇။ | ဗြိတိန် | ၄၅၈၁၀၀၆ | ၄၂၉၂၁၈၂ | ၁၂၇၉၁၇ |
| ၈။ | အီတလီ | ၄၂၄၇၀၃၂ | ၄၀၁၄၀၄၅ | ၁၂၇၁၀၁ |
| ၉။ | အာဂျင်တီးနား | ၄၁၇၂၇၄၂ | ၃၇၇၁၉၆၈ | ၈၆၆၁၅ |
| ၁၀။ | ကိုလံဘီယာ | ၃၈၀၂၀၅၂ | ၃၅၃၉၄၄၂ | ၉၆၉၆၅ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၆ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၉၃၇၆၅၂ | ၁၇၆၃၈၇၀ | ၅၃၄၇၆ |
| ဖိလစ်ပိုင် | ၁၃၃၂၈၃၂ | ၁၂၅၃၅၄၁ | ၂၃၁၂၁ |
| မလေးရှား | ၆၇၃၀၂၆ | ၆၀၀၉၃၅ | ၄၁၄၂ |
| ထိုင်း | ၂၀၄၅၉၅ | ၁၆၇၆၆၅ | ၁၅၂၅ |
| မြန်မာ | ၁၄၆၄၀၆ | ၁၃၃၂၁၆ | ၃၂၅၀ |
| စင်ကာပူ | ၆၂၃၃၉ | ၆၁၉၁၁ | ၃၄ |
| ကမ္ဘောဒီးယား | ၄၀၁၅၇ | ၃၄၃၂၅ | ၃၆၈ |
| ဗီယက်နမ် | ၁၁၀၈၄ | ၁၀၉၅၈ | ၁၀၇ |
| လာအို | ၂၀၃၃ | ၁၉၁၀ | ၃ |
| ဘရူနိုင်း | ၂၅၀ | ၂၃၉ | ၃ |

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) မိမိကစ၍ ကာကွယ်ပါ

ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19) နောက်ထပ်လှိုင်းတစ်လှိုင်းအဖြစ် ပြင်းထန်စွာကူးစက်ပြန့်ပွားမှု မရှိစေရေးနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်–၁၉ ရောဂါပိုးများ ကူးစက်ပြန့်ပွားခြင်းမရှိစေရန် အောက်ဖော်ပြပါ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို **"ကိုရိုနာဗိုင်းရပ်စ် ရောဂါမိမိကစ၍ ကာကွယ်ပါ"** ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေလိုက်နာဆောင်ရွက်ကြပါရန် အသိပေး/ သတိပေးနှိုးဆော်တိုက် တွန်းအပ်ပါသည်–

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့်နှာခေါင်းစည်း(mask)ကို စနစ်တကျတပ်ဆင်ထားပါ၊ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield)ကို တွဲဖက်တပ်ဆင်ပါ၊

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ၊

(၃) လူစုလူဝေးရှောင်ပါ၊

(၄) လက်ကို စက္ကန့်(၂၀)ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ၊

(၅) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်/လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ၊

(၆) အိမ်ပြင်သို့ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိအသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/ သွေးတိုး/နှလုံးစသည့်...နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူ စားသောက်ခြင်း တို့မှ ရှောင်ကြဉ်ပါ၊

(၇) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine) လုပ်ငန်းစဉ်များ တွင် အပြည့်အဝ ပူးပေါင်းပါဝင်ပါ၊

(၈) ပါးစပ်နှင့်နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

(၉) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ၊

(၁၀) ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

(၁၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ပါ၊

(၁၂) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ရုတ်တရက်အနံ့အရသာ ပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

**(၁၄.၆.၂၀၂၁)**

# ၁၂-၆-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*(ယမန်နေ့မှအဆက်)*

**VOM သတင်းဌာနမှ ဦးမောင်မောင်ထွန်း** က နိုင်ငံရေးအခြေအနေအရပ်ရပ်ကြောင့် ဘဏ်လုပ်ငန်းတွင် ဥပဒေအချို့ကို ထုတ်ပြန်ကြောင်း၊ သို့သော်လည်း အောက်ခြေတွင် တော်တော်အဆင်မပြေမှုများဖြစ်နေကြောင်း၊ နောက်တစ်ချက်မှာ သက်ပြည့်ပင်စင်ဝန်ထမ်းများ၊ ကျဆုံး၊ သေဆုံးစစ်မှုထမ်းများ၏ စစ်မှုထမ်းဆုကြေးငွေများကို အပတ်စဉ်ထုတ်နေရ၍



ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်နေမှုမှတ်တမ်း

အခက်အခဲဖြစ်နေကြောင်း၊ ထို့ကြောင့် တစ်လုံးတစ်ခဲတည်းရအောင် ထုတ်ပေးရန် အစီအစဉ်ရှိမရှိ၊ အပြင်၌ K Pay ၊ Wave Money များက လုံးဝထုတ်၍မရသည်ကို ဘာကြောင့် ထုတ်၍မရသလဲဆိုသည်မှာ ဘဏ်ကထုတ်မပေး၍ဖြစ်ကြောင်း၊ ထို့ကြောင့် ဘဏ်၌ပိုက်ဆံမရှိ၍ ထုတ်မပေးခြင်း၊ မည်သည့်အတွက်ကြောင့်ဆိုသည်ကို သိလိုကြောင်း၊ ငွေထုတ်၊ ငွေလွှဲအချိန်တွင် ရာခိုင်နှုန်းများကိုလည်း တောင်းနေကြကြောင်း၊ ထိုကိစ္စကို မည်သို့အဆင်ပြေစေရန် ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အငြိမ်းစားများအနေဖြင့် ပင်စင်လစာထုတ်ယူရန်အတွက် E-Pension စနစ်ကို ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များရှိကြောင်း၊ ထိုအထဲတွင် ကနဦး ဆုကြေးနှင့် ပင်စင်လစာထုတ်ယူပြီး နောက်ပိုင်း လစဉ်ထုတ်ယူမည့် ပင်စင်များအတွက် ဆောင်ရွက်ရမည့်စနစ်မှာ E-Pension စနစ်ဖြင့် အငြိမ်းစားလစာထုတ်ယူခြင်းကို ဘဏ်သို့ နှစ်ကြိမ်လာရောက်ရန် မလိုတော့ကြောင်း၊ ဘဏ်ဖွင့်ရက်၊ ဘဏ်လုပ်ငန်းအချိန်တွင် မည်သည့်နေ့ရက်မဆို ထုတ်ယူနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နောက်တစ်ချက်မှာ ဘဏ်ဝန်ဆောင်ခ ငွေကျပ် ၂၀ ပေးဆောင်ပြီး ATM စာရင်းသို့ လွှဲပြောင်းကာ ATM ကတ်ဖြင့် ထုတ်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ATM ကတ်မှ ပြန်ထုတ်ရသည့် အခက်အခဲများ၊ ATM ကတ်က ထုတ်၍မရသည့် အခက်အခဲများကို ဆောင်ရွက်လျက်ရှိသည်ကို သိရကြောင်း၊ နောက်တစ်ချက်မှာ ATM ကတ်ဖြင့် ပင်စင်လစာထုတ်ယူမည်ဆိုပါက ပထမဦးစွာ မြန်မာ့စီးပွားရေးဘဏ်တွင် ATM ကတ်ပြုလုပ်ရမည်ဖြစ်ပြီး ATM ကတ်ရပြီးပါက ATM အမှတ်ကို မည်သည့်လတွင် လွှဲပြောင်းပေးစေလိုကြောင်း အကြောင်းကြားစာနှင့် လျှောက်ထားရမည်ဖြစ်ကြောင်း၊ ထို့နောက် Mobile Money ၊ MPT pay ၊ Mytel Pay များဖြင့်လည်း ပင်စင်လစာထုတ်ယူနိုင်ရန် ဆောင်ရွက်လျက်ရှိသည်ကို သိရှိရကြောင်း၊ ကျန်ရှိသည့် အချက်အလက်များ၊ ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဗဟိုဘဏ်မှ ဖြေပေးနိုင်ပါက ဖြေပေးစေလိုကြောင်း ပြန်လည်ဖြေကြားသည်။

**မြန်မာနိုင်ငံဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦး**က ဖြည့်စွက်ရှင်းလင်းရာ ယခုဗိုလ်ချုပ်တင်ပြသွားသည်မှာ တော်တော်လေး ပြည့်စုံသွားပြီဖြစ်ကြောင်း၊ K pay၊ Wave Money ကိစ္စရပ်များ၏ အခက်အခဲများကို ဗဟိုဘဏ် သိရှိပြီး ဖြေရှင်းပေးလျက်ရှိကြောင်း၊ အသေးစိတ်သိရှိလိုပါက မိမိတို့ကို သီးခြားထပ်မံမေးပေးစေလိုကြောင်း၊ သတင်းဌာနကို ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**VOM သတင်းဌာနမှ ဦးမောင်မောင်ထွန်း**က ယခုလတ်တလောဖြစ်နေသည့် ကိစ္စရပ်များကို မည်သို့ဖြေရှင်းပေးမည်ကိုလည်းသိလိုကြောင်း ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦးအား ထပ်မံမေးမြန်းသည်။

**မြန်မာနိုင်ငံဗဟိုဘဏ်မှတာဝန်ရှိသူတစ်ဦး**က မိမိအနေဖြင့် ယခုလောလောဆယ် ဖြေ၍မရသေးကြောင်း ဖြေကြားသည်။

**VOM သတင်းဌာနမှ ဦးမောင်မောင်ထွန်း**က တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးတွင် လက်ရှိအခြေအနေ၌

❂ **အငြိမ်းစားများအနေဖြင့် ပင်စင်လစာထုတ်ယူရန်အတွက် E-Pension စနစ်ကို ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များရှိကြောင်း၊ ထိုအထဲတွင် ကနဦး ဆုကြေးနှင့် ပင်စင်လစာထုတ်ယူပြီး နောက်ပိုင်း လစဉ်ထုတ်ယူမည့်ပင်စင်များအတွက် ဆောင်ရွက်ရမည့်စနစ်မှာ E-Pension စနစ်ဖြင့် အငြိမ်းစားလစာထုတ်ယူခြင်းကို ဘဏ်သို့ နှစ်ကြိမ်လာရောက်ရန် မလိုတော့ကြောင်း၊ ဘဏ်ဖွင့်ရက်၊ ဘဏ်လုပ်ငန်းအချိန်တွင် မည်သည့်နေ့ရက်မဆို ထုတ်ယူနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိ**

မြန်မာကုန်သည်များက Custom မှ Duty နှင့် Licence ကိုရရှိပြီး အခွန်အခများပေးဆောင်ကာ ကုန်သွယ်ရေးစခန်းကိုဖြတ်၍ တစ်ဖက်နိုင်ငံကို တရားဝင်တင်သွင်းနေရသည့် အခြေအနေကိုအစိုးရအနေဖြင့် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က တရားဝင်ကုန်သွယ်မှု လုပ်ဆောင်နေသည့် လုပ်ငန်းများနှင့်ပတ်သက်ပြီး ပို့နေသည့်လုပ်ငန်းများ၊ ယခုလောလောဆယ် မူဆယ် (၁၀၅) မိုင်ဂိတ်တွင် ကုန်သွယ်မှုပမာဏမှာ COVID-19 တတိယအကျော့ မကန့်သတ်ချိန်ကာလတွင် တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ၁၀ သန်း/ ၁၂ သန်းခန့်ရှိကြောင်း၊ ယခု ဇွန် ၅ ရက်တွင် တစ်ဝက်နီးပါး ဒေါ်လာ ၅ သန်းခန့် လျော့ကျသွားမှုရှိကြောင်း၊ ယခုမေးမြန်းသည့် မေးခွန်းသည် ဤကိစ္စများနှင့် ဆက်စပ်နိုင်ကြောင်း၊ ဂိတ်များတွင် COVID-19 နှင့်ပတ်သက်ပြီး ကားများကို တားဆီးမှုများရှိကြောင်း၊ ယခင်က ယာဉ်တစ်စီးချင်းအပေါ် COVID-19 စစ်ဆေးခြင်းများကိုပြုလုပ်ရမှုများရှိကြောင်း၊ COVID-19 စစ်ဆေးရာ ယခုအချိန်တွင် ပိုမိုတင်းကျပ်၍ စစ်ဆေးမှုများရှိကြောင်း၊ မြန်မာနိုင်ငံမှ ကြံများကိုယူသွားသော်လည်း တစ်ဖက်နိုင်ငံတွင် ထိုကြံများကမရောင်းရကြောင်း၊ ကြံများက မရောင်းရသည့်အတွက် ကြံသည် ၂၄ နာရီ ၊ ၄၈ နာရီကျော်ပါက အချဉ်ပေါက်၍ ကြံများကို သွန်ခဲ့ရမှုများရှိကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်ပြီး ဆောင်ရွက်လျက်ရှိရာ ကြံများကို အခွန်ဆောင်ပြီး၊ အခွန်အခပေးပြီးသည့် ကြံမှန်သမျှကို တစ်ဖက်တွင် ရောင်းချနိုင်ရေးအတွက် လိုက်လံညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည် ဖြေကြားသည်။

**Myanmar Nation သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က လက်ရှိအခြေအနေတွင် တပ်မတော်ကို ချစ်သည့်လူများ၊ နိုင်ငံကိုအလေးထားတန်ဖိုးထားသည့်လူများကို CRPH ၊ NUG ၊ NLD ကို ထောက်ခံသည့်အဖွဲ့များက မတရားအကြမ်းဖက်ခြင်းကို ခံနေရကြောင်း၊ တပ်မတော်က ဗိုလ်ချုပ်အောင်ဆန်း သန္နေတည်ခဲ့သည်ဟု ပြောပါက မိမိတို့လက်ခံကြောင်း၊ သို့သော်လည်း ဗိုလ်ချုပ်ကြီးနေဝင်းက တစ်ဆင့် တပ်မတော်ကိုခက်ခဲစွာ မွေးဖွားထူထောင်ခဲ့ကြောင်း၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေခေတ်တွင် တပ်မတော်က နိုင်ငံ့အလယ် ထည်ဝါစွာ ရပ်တည်နိုင်ခဲ့ကြောင်း၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ခေတ်တွင် NUG ဖြစ်စေ၊ CRPH ဖြစ်စေ၊ တခြားနိုင်ငံကဖြစ်စေ မိမိတို့နိုင်ငံကို မည်သို့အန္တရာယ်ပြုသည် ဖြစ်စေ၊ မိမိနိုင်ငံနှင့် မိမိတို့တပ်မတော်သည် ဘယ်တော့မှ ပြိုလဲတော့မည်မဟုတ်ဟု အကြွင်းမဲ့ယုံကြည်ထားကြောင်း၊ ယုံကြည်ထားသကဲ့သို့ တပ်မတော်ကို အားကိုးကြောင်း၊ သို့သော်လည်း လက်ရှိမြေပြင်အခြေအနေအရ တပ်မတော်ကို အားကိုးနေသော်လည်း အိမ်ရှေ့ကို ဘယ်အချိန်ရောက်လာမလဲဆိုသည်မျိုးကို တွေးကြောက်နေရကြောင်း၊ လွတ်လပ်ရေးရရန် ကြိုးပမ်းစဉ်ကာလကတည်းက ပြည်သူများက တပ်မတော်နှင့်အတူ လက်တွဲပြီး ရရာလက်နက်ကိုဆွဲကိုင်ကာ နယ်ချဲ့ကို တော်လှန်ခဲ့သူများ ဖြစ်ကြောင်း။

ယခုအချိန်တွင် ဘာမဟုတ်သည့် NUG ၊ CRPH နှင့် NLD ထောက်ခံသူများ၏ အကြမ်းဖက် ရန်ပြုခြင်းကို ငြိမ်ခံနေရကြောင်း၊ မည်သည့်အတွက်လဲဆိုသည်မှာ မိမိတို့ တုံ့ပြန်လိုက်ပါက ထောင်ကျမည်ဖြစ်ကြောင်း၊ မတုံ့ပြန်ဘဲ ငြိမ်ခံမည်ဆိုပါကလည်း သေမည်ဖြစ်ကြောင်း၊ ရွေးချယ်စရာမရှိကြောင်း၊ ထို့ကြောင့် ဗိုလ်ချုပ်တို့အနေဖြင့် မိမိတို့ကိုယ့်ကိုယ်ကိုယ် ပြည့်ဝစွာ ခုခံကာကွယ်နိုင်ခွင့်၊ မိမိတို့၏ အသက်အန္တရာယ်ကို ကာကွယ်နိုင်မည့် လက်နက်မျိုးကို ကိုင်ဆောင်ခွင့်ပြုပါဟု တောင်းဆိုလိုကြောင်း၊ နောက်တစ်ချက်မှာ မိမိတို့က ဥပဒေဘက်တော်သားများဖြစ်ကြောင်း၊ ကားပေါ်ဖြစ်စေ၊ အိမ်၌ဖြစ်စေ လက်နက်တစ်ခုခုကို ကိုင်ဆောင်ထားပါက မိမိတို့အဖမ်းခံရမည်ဖြစ်ကြောင်း၊ မိမိတို့ကို ကိုင်ဆောင်ခွင့်ပြုပါဟု တောင်းဆိုသော်လည်း ဥပဒေမဲ့ဖြစ်နေကြောင်း၊ အမြန်လမ်းတွင် အနေးယာဉ်တက်မောင်းခွင့်မပြုထားကြောင်း၊ အနေးယာဉ်သည် ကားဖြင့်ဖြစ်စေ တိုက်မိသည့်အချိန်တွင် မည်သို့ပင် လမ်းကြောင်းမှန်နေပါစေ အနေးယာဉ်က အလွန်သာဖြစ်ကြောင်း၊ ထိုသာဓကအရ လောလောဆယ် မိမိကိုယ်ကိုယ် အသက်အန္တရာယ်ကို ခုခံကာကွယ်ပိုင်ခွင့်အရ အပြည့်အဝကာကွယ်နိုင်သော လက်နက်ကိုပေးကိုင်ခွင့်ပြု၍ ရ/မရကို အရေးတကြီး သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ဥပဒေ၏အကာအကွယ်သာ ယူရမည်ဖြစ်ကြောင်း၊ ရာဇသတ်ကြီးဥပဒေအရ ပုဒ်မ ၁၀၀ ခန့်တွင်ရှိကြောင်း၊ မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့် လူတိုင်းတွင်ရှိကြောင်း၊ မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်အရ လုပ်ဆောင်သည့် လုပ်ဆောင်မှုများက ပြစ်မှုမမြောက်စေရ ဆိုသည်မျိုးရှိကြောင်း၊ သို့သော် မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်တွင် စည်းမျဉ်းများရှိကြောင်း၊ CRPH၊ NLD အကြမ်းဖက်သမားများက မိမိအသက်အန္တရာယ်ကို ရန်ရှာခြင်း၊ မိမိနှင့်မိမိပတ်ဝန်းကျင်ကို ရန်ရှာ၍ ခုခံကာကွယ်ခြင်းက ရာဇသတ်ကြီးဥပဒေအရ ပြစ်မှုမြောက်စရာအကြောင်း မရှိကြောင်း၊ ဥပဒေအရ အကာအကွယ်သည် ယခင်ကတည်းကရရှိပြီးဖြစ်ကြောင်း၊ နောက်တစ်ချက်အနေဖြင့် ထိုအသံများကို အမြဲတမ်း ကြားနေရကြောင်း၊ တပ်မတော်ထောက်ခံသူများ၊ ပြည်ခိုင်ဖြိုးပါတီဝင်များနှင့် ထောက်ခံသူများ၊ အမျိုးသားရေးသမားများက ပြောကြသည်မှာ ၎င်းတို့အနေဖြင့် အသက်အန္တရာယ်ရှိကြောင်း၊

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

အသက်အန္တရာယ် ပြုခံရကြောင်း၊ အန္တရာယ်ဖြစ်သည့်အကြောင်း၊ နေ၍ထိုင်၍မရသည့်အကြောင်းကို ကြားသိရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် မည်သည့်ဒုက္ခရောက်နေသည့် ပြည်သူတစ်ဦးတစ်ယောက်ကိုမဆို၊ မည်သည့်ပြစ်မှုမှမကျူးလွန်ဘဲ အပြစ်မဲ့သည့်ပြည်သူတစ်ဦး တစ်ယောက်ကိုမဆို ကာကွယ် စောင့်ရှောက်ပေးလျက်ရှိကြောင်း၊ မိမိတို့ဝန်ခံကြောင်း၊ မိမိတို့ကာကွယ် စောင့်ရှောက်ပေးနိုင်မှုမှာ လူတစ်ဦးချင်း တစ်ဦးချင်းကို ကာကွယ်စောင့်ရှောက် ပေးနိုင်ခြင်းမရှိကြောင်း၊ သို့သော်မိမိတို့အနေဖြင့် အကြောင်းကြားမှုများ၊ ပြောဆိုမှုများရှိပါက အချိန်မီသွားရောက်၍ ဆောင်ရွက်ပေးနိုင်မှုမျိုးကို ဆောင်ရွက်ပေးကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်ပြီး လုံခြုံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်အတွက် ကျောင်းများလုံခြုံရေး၊ ပြည်သူလူထုလုံခြုံရေးနှင့်ပတ်သက်ပြီး အမြဲတမ်းဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar Nation သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် မြေပြင်အခြေအနေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အနေဖြင့် အတိအကျ၊ အမှန်အကန် သိရှိပါသလား၊ သိရှိနေပါက တပ်မတော်မှ အကြမ်းဖက်များကို နှိမ်နင်းလိုက်၍ သေသွားသည့် ဦးရေများကိုသာ ဘက်ပေါင်းစုံ၊ နေရာပေါင်းစုံက ကြားသိနေရကြောင်း၊ ယမန်နေ့က ပြည်မှ ပရဟိတလုပ်ခဲ့သော ပုဂ္ဂိုလ်မျိုး၊ ဗိုလ်တထောင်ဘုရားဝင်းရှေ့တွင် သေနတ်ဖြင့် ပစ်သွားသည့်ကိစ္စများ၊ ထိုကဲ့သို့ အကြမ်းဖက်အဖွဲ့အစည်းများ၏ သတ်ဖြတ်ခြင်းခံရသည့် စာရင်းကိုမူ မည်သည့်နေရာကမှ တင်ပြသည်ကို မတွေ့ရကြောင်း၊ နိုင်ငံတော် စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမှန်တကယ် မြေပြင်သတင်းကို သိသည်ဆိုပါက ဗိုလ်ချုပ်တို့အနေဖြင့် ခံစားနေရသော ပြည်သူများ၊ သေဆုံးသွားသည့် လူများ၏ အမည်စာရင်းကို အတိအကျ ထုတ်ပြန်ပေး၍ရနိုင်ပါသလား၊ ယခုအခြေအနေတွင် NUG နှင့် CRPH တို့ သေဆုံးနေသော ဦးရေနှင့် တပ်မတော်ကို ထောက်ခံသည့် သူများ သေဆုံးနေသော ဦးရေမှာ မည်သည်ကများမည်ကို ဗိုလ်ချုပ်အနေဖြင့် သိပါသလား မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အပြစ်မဲ့ပြည်သူ ၁၇၃ ဦး အသတ်ခံရကြောင်း၊ ထိုစာရင်းဇယားကိုလည်း ပေးလိုက်မည်ဖြစ်ကြောင်း၊ အတိအကျပေးလိုက်မည်ဖြစ်ပြီး အမည်မပါကြောင်း၊ လူဦးရေမည်မျှရှိသည်၊ စာသင်ကျောင်း ဘယ်လောက် မီးရှို့ခံရသည်၊ ဒလန်ဟု စွပ်စွဲပြီး နှိပ်စက်ခံရသူ မည်မျှရှိသည်တို့ကို ပေးလိုက်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Sky net up to date သတင်းမီဒီယာမှ ဦးကောင်းစုသာ**က Eleven Media အား တရားစွဲထားခြင်းကို ပြန်ပြီးရုပ်သိမ်းပေးသည်ကိုတွေ့ရကြောင်း၊ အနုပညာရှင်တချို့ကို တရားစွဲထားသည့် ပုဒ်မ-၅၀၅ ကိုပိတ်သိမ်းပြီး ပြန်လည်လွတ်မြောက်လာသည်ကို တွေ့ရကြောင်း၊ ယခုလို တရားစွဲထားသည်များကို ပြန်လည်ရုပ်သိမ်းခြင်းနှင့် ပတ်သက်ပြီး ဆက်လက်လုပ်ဆောင်သွားဖို့ ရှိ/မရှိ သိလိုကြောင်း၊ ထိုသို့ တရားစွဲဆိုထားသည်များကို ပြန်ပြီးရုပ်သိမ်းသည့် သဘောထားမှာ အဘယ်ကြောင့်လဲ ဆိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်ပြီး သဘောထားရှင်းရှင်းလင်းလင်း ပြောကြားပြီးဖြစ်ပါကြောင်း၊ မီဒီယာများကို မိမိတို့က စတုတ္ထမဏ္ဍိုင်အဖြစ် သဘောထားပြီးဖြစ်ကြောင်း၊ အနုပညာရှင်များနှင့် ပတ်သက်ပြီး ပထမအဆင့် ပြစ်မှုကျူးလွန်မထားသည့်သူများ၊ CDM ကိစ္စများ၊ Social Bullying ကိစ္စများတွင် ထဲထဲဝင်ဝင် လှုံ့ဆော်ခြင်း မဟုတ်သည့်သူများကို ၎င်းတို့၏ လူမှုရေးကိစ္စများ၊ လူမှုစီးပွားကိစ္စများကို ထောက်ထားပြီး ပြန်လည်ကုစားဆောင်ရွက်ပေးခြင်း ရှိကြောင်း၊ နောက်ထပ်လည်း ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်ထားသည့် အနုပညာရှင်အချို့ကို အမှုပိတ်သိမ်းပေးရန် အစီအစဉ်ရှိပါကြောင်း၊ အမှုပိတ်သိမ်းရေးဆောင်ရွက်ရာတွင် အကြမ်းဖျင်းအားဖြင့် CDM လုပ်ဆောင်နေသည့် တချို့ဝန်ထမ်းများ အချိန်မီ လုပ်ငန်းခွင်ပြန်ဝင်လာရန် ဆောင်ရွက်သည့် အဆင့်အတိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယမန်နေ့က မီဒီယာတချို့တွင် တွေ့ရကြောင်း၊ တချို့အနုပညာရှင်များ ပြန်လွတ်လာခြင်းရှိကြောင်း၊ ၎င်းတို့ကိုယ်တိုင်၏ Page များ၊ Wall များတွင်လည်း သတင်းများရေးနေကြောင်း၊ မီဒီယာတချို့က အနုပညာရှင်တချို့ကို ငွေယူပြီး ပြန်လွှတ်ပေးနေသည်ဟု ရေးနေခြင်းတွေ့ရကြောင်း၊ တချို့အနုပညာရှင်များကလည်း ၎င်းတို့ဘာမှငွေမပေးရဆိုပြီး ၎င်းတို့ Wall များတွင် ရေးထားခြင်းတွေ့ရကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်ပြီး အမှုပိတ်သိမ်းပြီး ပြန်ရောက်နေသည့် အနုပညာရှင်များရှိပြီး ၎င်းတို့ကို ပြန်ပြီးမေးစေလိုကြောင်း၊ မီဒီယာများရှေ့တွင် ပြောရခြင်းကို အားနာပါကြောင်း၊ အနုပညာရှင်များကို ပိုက်ဆံယူပြီး လွှတ်ပေးသည်ဟုရေးသည့် တချို့မီဒီယာများကို ပြောခြင်းဖြစ်ပါကြောင်း၊ ယူပြီး လွှတ်ပေးစရာအကြောင်း မရှိကြောင်း၊ အမှန်တကယ်ပြစ်မှုကျူးလွန်ထားသည့်သူကိုလည်း လွှတ်ပေး၍မရကြောင်း၊ မီဒီယာများအနေဖြင့် မိမိတို့ မီဒီယာရုပ်တည်နိုင်ရေးအတွက် ယင်းလောက် ဖာကျဖို့မလိုဘူးဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။



ဖြူးမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်းအား
အကြမ်းဖက်သောင်းကျန်းသူများမှ မီးရှို့ဖျက်ဆီးမှုမှတ်တမ်း

**နိုင်ငံ့သစ္စာ အွန်လိုင်းသတင်း အေဂျင်စီမှ အယ်ဒီတာချုပ် ဦးအောင်ကျော်ဦး**က အိမ်သုံးမီတာယူနစ်ပြန်လည်ပြင်ဆင်ပေးရန်ကိစ္စနှင့် ပတ်သက်ပြီး မေးမြန်းလိုကြောင်း၊ ယခင်အစိုးရက ၁ ယူနစ်မှ ၃၀ ယူနစ်အထိ ၃၅ ကျပ်၊ ၃၁ ယူနစ်မှ ၅၀ ယူနစ်အထိ ၅၀ ကျပ်၊ ၅၁ ယူနစ်မှ ၇၅ ယူနစ်အထိ ၇၀ ကျပ်စသည်ဖြင့် ထိုသို့သွားကြောင်း၊ ၂၀၀ ယူနစ်ကျော်က ၁၂၅ ကျပ်အထိ သွားကြောင်း၊ အဆင့် ၇ ဆင့် သွားကြောင်း၊ ယခု ပြည်သူများဖြစ်နေသည်မှာ တော်တော်များများ ကာလကြာသော်လည်း ယခုထက်ထိ နားမလည်သဘောမပေါက်ကြကြောင်း၊ ၎င်းတို့ နားလည်သဘောပေါက်သည်မှာ ၇၀ ယူနစ်၊ ၅၀ ယူနစ်၊ ၁၀၀ ယူနစ် တစ်သမတ်တည်းကောက်ခံပါက သူတို့ အကုန်လုံးနားလည်ကြောင်း၊ ဥပမာ- ၁ ယူနစ် ၇၀ ကျပ် ၁၀၀ ယူနစ်သုံးပါက ၇၀၀၀ ကျပ် ပေးရမည်ဆိုလျှင် သူတို့နားလည်ကြောင်း၊ မီတာလာဖတ်သည့် စာရေးနှင့် အများပြည်သူများမှာ ယင်းကိစ္စများနှင့် အမြဲပြဿနာဖြစ်ရကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်တို့အနေဖြင့် ပြောင်းလဲသတ်မှတ်ပေးရန် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယခုလိုမေးခွန်းမေးမြန်းသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ မီတာခနှုန်းထားများကို ယခုလောလောဆယ်ပြောင်းလဲသတ်မှတ်ပေးရန်မရှိပါကြောင်း၊ ယခင်သတ်မှတ်ပေးထားသည့်နှုန်းများကို ထဲထဲဝင်ဝင် နားမလည်သည့်အတွက် အခက်အခဲဖြစ်ခြင်းဖြစ်ကြောင်း၊ အိမ်သုံးအမျိုးအစားအလွှာများကို အဆင့် ၇ ဆင့်သတ်မှတ်ထားကြောင်း၊ ထိုသို့ သတ်မှတ်ရာတွင် လစဉ် ဝင်ငွေနည်းသည့် အိမ်ထောင်စုများနှင့် အလယ်အလတ် ဝင်ငွေရှိသူများကို လစဉ်ပေးချေရန် တတ်နိုင်သည့်နှုန်းများနှင့် စဉ်းစားပြီးဆောင်ရွက်ထားခြင်းဖြစ်ကြောင်း။

အိမ်တွင် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ဝင်ငွေကောင်းသည့်သူများ၊ ငွေကြေးချမ်းသာသည့်သူများကို ဓာတ်အားယူနစ် ၁၀၀၀ ထက် ကျော်လွန်သုံးစွဲပါက ကျော်လွန်သည့် ဓာတ်အားယူနစ်နှုန်းထားကို ပေးသွင်းရခြင်းဖြစ်ကြောင်း၊ အဆိုပါ နှုန်းထားတွင် ဆင်းရဲချမ်းသာမရွေး လူတန်းစားအားလုံး ယူနစ် ၁၀၀ အထိ သက်သာသည့်နှုန်းထားဖြစ်ကြောင်း ၊ ထို့ကြောင့် လတ်တလောပြင်ရန်မရှိကြောင်း၊ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်သိမြင်အောင် ဆောင်ရွက်ရန်ရှိကြောင်း၊ ယခုလို မေးမြန်းသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ လျှပ်စစ်မီတာကောက်ခံသည့် ဇယားနှင့်ပတ်သက်သည်များကို မီဒီယာများအား ပေးလိုက်မည်ဖြစ်ကြောင်း၊ ထိုအရာများကိုလည်း မီဒီယာများက ပြည်သူများကို ပြန်ပြီးအသိပေးရန် ပြောလိုကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလ ၂၀၂၀ ပြည့်နှစ် ဧပြီလမှ ၂၀၂၁ ခုနှစ် မတ်လအထိ ၁၂ လတာကာလအတွင်း အိမ်သုံးအမျိုးအစား သုံးစွဲသူများအတွက် လစဉ်သုံးစွဲဓာတ်အားယူနစ်များအနက် ယူနစ် ၁၅၀ အထိ သုံးစွဲမှုကိုလည်း အခမဲ့ ခံစားခွင့်ပြုပြီးဖြစ်ပါကြောင်း၊ သတင်းစာ၊ TV ၊ ရေဒီယိုသတင်းများတွင် ထုတ်လွှင့်သော်လည်း တချို့က မသိကြသေးကြောင်း၊ ထို့ကြောင့် ပိုပြီး နားလည်အောင် လုပ်ဆောင်ပေးရန် အစီအစဉ်ရှိသည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံ့သစ္စာ အွန်လိုင်းသတင်း အေဂျင်စီမှ အယ်ဒီတာချုပ် ဦးအောင်ကျော်ဦး** က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိမိတို့ မီဒီယာများကို သတင်းမှန်ဖော်ပြပေးစေခြင်းကို သိရှိကြောင်း၊ သို့သော် စာသင်ကျောင်းများ၊ နေအိမ်တွင် ဗုံးပေါက်ကွဲခြင်း၊ အစိုးရအဆောက်အအုံတွင် ဗုံးပေါက်ကွဲခြင်း တစ်ခုခုဖြစ်ပွားပါက လုံခြုံရေးအဖွဲ့အစည်းများက မီဒီယာများသတင်းယူရာတွင် တားဆီးပိတ်ပင်ခြင်းများ ရှိကြောင်း၊ ယင်းသို့တားဆီးပိတ်ပင်ရာတွင် Fake အကောင့်ဟု ခေါ်သည့် အကောင့်တုများက အွန်လိုင်းပေါ်တွင် တစ်ရာ၊ နှစ်ရာခန့် ပျံ့နှံ့သွားကြောင်း၊ သတင်းတစ်ထောင်ခန့် ပျံ့နှံ့သွားကြောင်း၊ သတင်းမှန်ရရှိသွားချိန်မှာ မမီတော့ကြောင်း၊ ထိုသို့ အခက်အခဲများရှိသည့်အတွက် ဗိုလ်ချုပ်တို့အနေဖြင့် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယမန်နေ့ကလည်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက သတင်းတုများကို မထုတ်လွှင့်ကြရန်၊ သတင်းအမှားများကိုမရေးကြရန်၊ သတင်းမီဒီယာများကို မေတ္တာရပ်ခံသည့် ကြေညာချက်ထုတ်ပြန်ထားခြင်းကိုတွေ့ရကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သတင်းမီဒီယာကောင်စီအနေဖြင့် သတင်းမီဒီယာများကို သတင်းမီဒီယာကတ်၊ သတင်းတိုက်အလိုက်ကတ်မဟုတ်ဘဲ၊ သတင်းမီဒီယာကတ်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းသတင်းမီဒီယာကတ်များ ဆောင်ရွက်ပြီးသည့်အခါ အသိအမှတ်ပြုထားသည့် သတင်းမီဒီယာများက လုံခြုံရေးအရကန့်သတ်ထားသည့်နေရာ၊ ခွင့်ပြုထားသည့်နေရာ၊ သတင်းရယူနိုင်သည့်နေရာများကို အလွယ်တကူ ဝင်နိုင်အောင် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း၊ ဖြစ်ပေါ်လာမည်ဟု မျှော်လင့်ပါကြောင်း၊ ယခုလောလောဆယ် လုံခြုံရေးအရ ဆောင်ရွက်မှုများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးများနှင့်ဆက်သွယ်ပြီး ဘယ်လောက်အထိခွင့်ပြုပေးနိုင်မည်ဆိုသည်ကို စုံစမ်းစစ်ဆေးပေးမည်ဖြစ်ကြောင်း၊ ကတ်များကို သတင်းမီဒီယာကောင်စီနှင့် ဆောင်ရွက်ပြီးလျှင် သတင်းလွတ်လပ်ခွင့်သည် ပိုပြီးရရှိနိုင်မည်ဟု မိမိပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**ခေတ်ပုံရိပ်သတင်းဌာနမှ မွန်ပြည်နယ် သတင်းတာဝန်ခံ ဦးအေးလွင်**က မွန်ပြည်နယ်တွင် တရုတ်ကလာရောက်ပြီး လုပ်ကိုင်နေသည့် ကျောက်မိုင်းများရှိကြောင်း၊ ထိုကျောက်မိုင်းထဲမှ တချို့တချို့သော ကျောက်မိုင်းများသည် နေပြည်တော် လိုင်စင်ဖြင့်လုပ်နေခြင်းကို တွေ့ရကြောင်း၊ တချို့ကျောက်မိုင်းများမှာ ပြည်နယ်လိုင်စင်ဖြင့် လုပ်နေခြင်းတွေ့ရကြောင်း၊ ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီခေတ် ပြောင်းလဲသည့်အချိန်တွင် ထိုကျောက်မိုင်းများကို ပိတ်ထားသည်၊

*စာမျက်နှာ ၁၈ သို့*

**✻ အနုပညာရှင်များနှင့် ပတ်သက်ပြီး ပထမအဆင့် ပြစ်မှုကျူးလွန်မထားသည့်သူများ၊ CDM ကိစ္စများ၊ Social Bullying ကိစ္စများတွင် ထဲထဲဝင်ဝင် လှုံ့ဆော်ခြင်းမဟုတ်သည့်သူများကို ၎င်းတို့၏ လူမှုရေးကိစ္စများ၊ လူမှုစီးပွားကိစ္စများကို ထောက်ထားပြီး ပြန်လည်ကုစား ဆောင်ရွက်ပေးခြင်းရှိကြောင်း၊ နောက်ထပ်လည်း ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်ထားသည့် အနုပညာရှင်အချို့ကို အမှုပိတ်သိမ်းပေးရန် အစီအစဉ်ရှိ**

*စာမျက်နှာ ၁၇ မှ*

ဖွင့်ထားသည်ဆိုသည်ကို ပြည်သူများ မသိရကြောင်း၊ ပြည်သူများက အထိတ်တလန့် ဖြစ်နေသည့်အချိန်၊ ကျောင်းသားကျောင်းသူများက ကျောင်းတက်ပြီး အထိတ်တလန့်ဖြစ်နေသည့် အချိန်တွင် ၎င်းကျောက်မိုင်းများခွဲနေခြင်းကို ကြားရကြောင်း၊ ဝန်ကြီးချုပ်အနေဖြင့် မည်ကဲ့သို့ ရှင်းလင်းပေးမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယင်းကိစ္စအားမေးခွန်းပေးခဲ့ပြီး မွန်ပြည်နယ်သို့ မေးမြန်း၍ ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း၊ နောက်တစ်ခု မေတ္တာရပ်ခံလိုသည်မှာ မမေးစေလို၍မဟုတ်ကြောင်း၊ သတင်းစာရှင်းလင်းပွဲတွင် မီဒီယာများကို တချို့ကိစ္စများ လက်ငင်းမဖြေကြားနိုင်ခြင်းရှိပါကြောင်း၊ တချို့ကိစ္စများမှာ မိမိတို့နှင့် အလှမ်းဝေးသည့်အတွက်ကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် သတင်းစာရှင်းလင်းပွဲမတိုင်ခင်တွင် တချို့နယ်သတင်းများ၊ ဖြစ်စဉ်များ၊ နိုင်ငံတော်အဆင့်မဟုတ်သည့် သတင်းများကို မီဒီယာများအနေဖြင့် မေးချင်သည့်မေးခွန်းများကို ကြိုပေးပါရန် မေတ္တာရပ်ခံထားခြင်းရှိပါကြောင်း၊ ထို့ကြောင့် မေးခွန်းကို လတ်တလော ဖြေကြားနိုင်ခြင်းမရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ သတင်းထောက် ဦးစည်သူမြင့်** က ယခုလက်ရှိဖြစ်ပေါ်နေသည့် ဆေးရုံများ၌ လူနာအင်အား အလွန်များပြားနေသည့်အတွက် တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်၊ ဆရာမ၊ ကျန်းမာရေးဝန်ထမ်းများ နည်းနေသောကြောင့် မမျှမတဖြစ်နေသည်ဟု သိရှိရပါကြောင်း၊ ထိုကိစ္စအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ဆေးရုံကိစ္စနှင့်ပတ်သက်ပြီး ယခင်က ဆေးရုံ၊ ဆေးခန်းများ ဖွင့်လှစ်နိုင်ခြင်းမရှိကြောင်း၊ ဆေးရုံ၊ ဆေးခန်းဖွင့်လှစ်နိုင်ခြင်း မရှိသည့်အချိန်တွင် တပ်မတော်ဆေးရုံများက ကုသပေးခဲ့ကြောင်း၊ ယခုအချိန်တွင် ဆေးရုံ၊ ဆေးခန်းများ တော်တော်များများ ပြန်လည်ဖွင့်လှစ်ခဲ့ပြီ ဖြစ်ကြောင်း၊ တပ်မတော်ဆေးရုံ အနေဖြင့်လည်း လိုအပ်သလောက် ဆက်လက်ကုသပေးနေကြောင်း၊ ဆေးရုံ ဆေးခန်းများ၌ ဆရာဝန်၊ ဆရာမအချို့ CDM လုပ်နေသည့်အတွက် မတတ်နိုင်ခြင်းဖြစ်ကြောင်း၊ အပြည့်အဝမဖွင့်လှစ်နိုင်သည့် ဆေးရုံများလည်းရှိကြောင်း၊ ဥပမာအားဖြင့် အထူးကုသဆောင်များမဖွင့်နိုင်သည့် အခြေအနေမျိုးရှိကြောင်း၊ သို့သော် ကျန်းမာရေးဝန်ထမ်းအင်အား၊ ဆရာဝန်အင်အားနှင့် လိုက်လျောညီထွေအောင်လုပ်ပြီး ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ သတင်းထောက် ဦးစည်သူမြင့်** က ယခုလတ်တလောတွင် အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ အကြမ်းဖက်တိုက်ခိုက်မှုများခံနေရကြောင်း၊ မန္တလေး၌ဆိုလျှင် ရဲတပ်ဖွဲ့ဝင် ကိုယ်တိုင် အပစ်ခံရခြင်းမျိုးတွေ့ရှိလာရပါကြောင်း၊ ဂန့်ဂေါနယ်၌ ငါးလောင်ပြိုင် မီးရှို့သတ်သည့် အခြေအနေအထိ ဖြစ်လာကြောင်း၊ ထိုအကြောင်းအရာများနှင့် ပတ်သက်ပြီး Myanmar National Post နှင့် ဂန့်ဂေါလွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးလှဆွေ အင်တာဗျူးသည့်အခါ ဦးလှဆွေက ၎င်းသိလိုသည်များကို မိမိတို့ Myanmar National Post ကတစ်ဆင့် မေးမြန်းပေးစေလိုသည့်အတွက် မေးမြန်းလိုကြောင်း၊ မအေးချမ်းသေးသည့် နယ်မြေများ၌ အုပ်ချုပ်ရေးမှူးများအတွက် လုံခြုံရေးနှင့် အလှမ်းဝေးသည့် နေရာများတွင် တာဝန်ကျနေသည့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ အဖွဲ့အစည်းများအပေါ် လိုင်စင်ထုတ်ပေးနိုင်သည့် လက်နက်များချထားပေးရန် ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

> **◆ ဥပဒေအရ လက်နက်ကိုင်ဆောင်ခွင့်ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာနက ပုဂ္ဂလိကလျှောက်ထားရသည့်အရာမျိုးရှိကြောင်း၊ ဥပဒေအရ စည်းမျဉ်းစည်းကမ်းနှင့်အညီသာ ဆောင်ရွက်ခွင့်ရှိကြောင်း၊ နံပါတ်နှစ်အနေဖြင့် လက်နက်ကိုင်အဖွဲ့အစည်းနှင့်ပတ်သက်ပြီး အကြမ်းဖက်မှုကြောင့်ဖြစ်စေ၊ သောင်းကျန်းမှုကြောင့်ဖြစ်စေ လိုအပ်လာလျှင် ဒေသဆိုင်ရာပြည်သူ့စစ်များဖွဲ့စည်းနိုင်ခွင့်ရှိကြောင်း၊ နယ်မြေဒေသအခြေအနေ အမှန်တကယ် လိုအပ်မှု ရှိ၊ မရှိဆိုသည်ကို သုံးသပ်ပြီးမှသာ ဆောင်ရွက်နိုင်မည်ဖြစ်**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ဥပဒေအရ လက်နက်ကိုင်ဆောင်ခွင့် ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာနက ပုဂ္ဂလိကလျှောက်ထားရသည့် အရာမျိုးရှိကြောင်း၊ ဥပဒေအရ စည်းမျဉ်းစည်းကမ်းနှင့် အညီသာ ဆောင်ရွက်ခွင့်ရှိကြောင်း၊ နံပါတ်နှစ်အနေဖြင့် လက်နက်ကိုင်အဖွဲ့အစည်းနှင့်ပတ်သက်ပြီး အကြမ်းဖက်မှုကြောင့်ဖြစ်စေ၊ သောင်းကျန်းမှုကြောင့်ဖြစ်စေ လိုအပ်လာလျှင် ဒေသဆိုင်ရာပြည်သူ့စစ်များ ဖွဲ့စည်းနိုင်ခွင့်ရှိကြောင်း၊ နယ်မြေဒေသအခြေအနေ အမှန်တကယ်လိုအပ်မှု ရှိ၊ မရှိဆိုသည်ကို သုံးသပ်ပြီးမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိပြောခဲ့သည့် နှစ်ချက် လုပ်ပေးနိုင်သည်ဆိုသည်မှာ ဥပဒေအရရှိသည်/ လုပ်ပေးနိုင်သည်ဟု ပြောခြင်းသာဖြစ်ပြီး လုပ်ပေးမည်ဟုပြောခြင်း မဟုတ်ကြောင်း၊ လုပ်ပေး၍ရသည်/ ရှိပြီးသားဆိုသည်ကို ပြောခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ သတင်းထောက် ဦးစည်သူမြင့်** က ယခုလက်ရှိဖြစ်ပေါ်နေသည်မှာ စာသင်ကျောင်းများ၌ အချို့ကျောင်းသားမိဘများက ကျောင်းလာအပ်နှံသော်လည်း အကြမ်းဖက် သောင်းကျန်းသူများက လေလှိုင်းပေါ်တွင်ရော လက်ရှိအပြင်တွင်ပါ မီးရှို့ခြင်း၊ ဗုံးပစ်ခြင်းများ၊ ဆရာ၊ ဆရာမများကိုလည်း ပြဿနာရှာနေသည့်ကိစ္စများ ဖြစ်နေသည့်အတွက် ကလေးများ၏ လုံခြုံရေးကိုစိုးရိမ်ပြီး ကျောင်းကို လာမပို့နိုင်သေးကြောင်း၊ ထိုကျောင်းကိစ္စနှင့် ပတ်သက်ပြီး ကျောင်းလာမပို့နိုင်သေးသည့် မိဘများကို ကျောင်းပို့လိုသည့်စိတ်ဖြစ်အောင်၊ ပို့ချင်လာအောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့ ပြောပေးနိုင်မည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အဓိကစုပေါင်းအင်အားလိုကြောင်း၊ လေလှိုင်းပေါ်ကနေ ခြိမ်းခြောက်သည့်အတွက် ကလေးများလုံခြုံရေးကို စိုးရိမ်သည့်အတွက် ကျောင်းကို မပို့နိုင်ကြောင်း၊ လက်တွေ့ ဗုံးဖောက်ခွဲရန်အတွက် ကျောင်းဝိုင်းထဲဝင်လာပြီး ဗုံးဖောက်ခွဲသည့် ထီးချိုင့်ဖြစ်စဉ်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များလည်း တာဝန်မရှိမဟုတ်ကြောင်း၊ တာဝန်ရှိပါကြောင်း၊ မြန်မာနိုင်ငံကာကွယ်ရေးအတွက် ပြည်ပရန်ကာကွယ်ရေးသည် တပ်မတော်တွင် အဓိကတာဝန်ရှိကြောင်း၊ ပြည်တွင်းအကြမ်းဖက်မှု ကာကွယ်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ အဓိကတာဝန်ရှိကြောင်း၊ သို့သော် ပြည်တွင်းပြည်ပနှစ်ရပ်လုံးမှာ လက်နက်ကိုင်လုံခြုံရေးတပ်ဖွဲ့ဝင်များ၌ တာဝန်ရှိသည်ဆိုသည်ကို ခံယူပြီးဖြစ်ကြောင်း၊ ထိုအတိုင်းလည်းလုပ်နေပါကြောင်း၊ သို့သော် ခြိမ်းခြောက်မှုတိုင်းကိုကြောက်၍ လိုက်ပြီးလုပ်နေမည်ဆိုလျှင် အလုပ်မဖြစ်နိုင်ကြောင်း၊ ထီးချိုင့် ဖြစ်စဉ်ကို ဥပမာပေးရလျှင် ဝိုင်းဖမ်းသည့် ပထမဦးဆုံးဖမ်းသည့်သူမှာ အမျိုးသား (သို့မဟုတ်) အမျိုးသမီးဆိုသည်ကို သေချာကြည့်ရန်လိုကြောင်း၊ မြန်မာနိုင်ငံ၌ လူဦးရေ ၅၄ သန်းရှိကြောင်း၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်အင်အားသည် မည်သို့ပင်ဖြစ်စေ တိုင်းပြည်၏ အချိုးအရ လူဦးရေအချိုးထက် ၂ ရာခိုင်နှုန်းသည် အမြင့်ဆုံးဖြစ်ကြောင်း၊ မည်သည့် နိုင်ငံမှ ၂ ရာခိုင်နှုန်း၊ ၃ ရာခိုင်နှုန်းဆိုသည့် စစ်ပုံစံသွင်းထားသည့် Militarization Country များပင် ထိုမျှလောက်မရှိကြောင်း၊ ထို့ကြောင့် တစ်ယောက်ချင်းစီအတွက် မိမိတို့အနေဖြင့် လိုက်လုပ်ပေးနိုင်၊မပေးနိုင်ကို စဉ်းစားကြည့်စေလိုကြောင်း၊ မိမိတို့ တာဝန်မရှိဟု မဆိုလိုကြောင်း၊ တာဝန်ရှိသည်ဟုခံယူပါကြောင်း၊ တာဝန်လည်း အများဆုံးရှိကြောင်း၊ သို့သော် မိမိတို့ပြည်သူများ ပါဝင်မှုရမည်ဟု မိမိပြောလိုကြောင်း၊ ပြည်သူများ ပူးပေါင်းပါဝင်ရန်လိုသည်ဟု ပြောလိုကြောင်း၊ ထိုသို့ ပူးပေါင်းပါဝင်ခဲ့၍ ဗုံးဖောက်ခွဲရန်လာသည့်လူများကို တားဆီးနိုင်သည်များလည်းရှိကြောင်း၊ အားလုံးပူးပေါင်းပါဝင်မှုရနိုင်မည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**မြန်မာ့ရုပ်မြင်သံကြားမှ ဒေါ်ဆွေဆွေသန်း**က လက်ရှိမြန်မာနိုင်ငံ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရနှင့် NUG အစိုးရဟူ၍ အပြင်မှာ ပြောနေကြကြောင်း၊ NUG အနေနှင့် နိုင်ငံတကာ အသိအမှတ်ပြုရေးအတွက်လည်း ဆောင်ရွက်နေမှုများကို တွေ့ရှိရကြောင်း၊ အချို့မီဒီယာသတင်းများအရ မည်သည့်နိုင်ငံ၊ မည်သည့်လွှတ်တော်၊ မည်သည့်အဖွဲ့အစည်းများက အသိအမှတ်ပြုသည်ဟူ၍ ပြောနေကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ မည်သို့ သုံးသပ်ချက်များ ပြောလိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယင်းမေးခွန်းကို အီးမေးလ်မှ မေးထားခြင်းလည်းရှိကြောင်း၊ ပထမဦးဆုံးပြောလိုသည်မှာ မြန်မာနိုင်ငံတွင် NUG နှင့် နစက အစိုးရ ဆိုပြီး ရှိသည်ဆိုသည့်စကားကို ကန့်ကွက်လိုပါကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရသာရှိကြောင်း၊ NUG ဆိုသည်မှာ မည်သည့်နေရာတွင်ရှိမှန်း မိမိမသိကြောင်း၊ Online ပေါ်တွင် ရှိကောင်းရှိနိုင်ကြောင်း၊ မည်သည့်နေရာ မည်သည့်ဒေသတွင် ရှိသည်ကို မပြောနိုင်ကြောင်း၊ အသိအမှတ်ပြုခြင်း မပြုခြင်းမှာ လက်တွေ့ဖြစ်စဉ်ဖြစ်ရပ်အရ အသိအမှတ်ပြုခြင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ အသိအမှတ်ပြုခြင်းဆိုပြီး နှစ်မျိုးခွဲ၍ရသည်ဟု ထင်ပါကြောင်း၊ လက်တွေ့ဖြစ်စဉ်ဖြစ်ရပ်အရ အသိအမှတ်ပြုခြင်းကို လက်တွေ့မြင်ရပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ နိုင်ငံတကာနှင့်ပတ်သက်သည့် အစည်းအဝေးများ၊ ဖိတ်ခေါ်ချက်များ၊ ဖိတ်ခေါ်ခံရသည့် အစိုးရ၊ အစည်းအဝေးတက်ရောက်သည့်အစိုးရ၊ အာဆီယံ တရုတ် ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးတွင် တက်ရောက်သည့်ကိုယ်စားလှယ်ကို ကြည့်လျှင် သိနိုင်ကြောင်း၊ လက်တွေ့တွင် နိုင်ငံတကာအဖွဲ့အစည်းများတွင် ဌာနဆိုင်ရာအဆင့်ကို ပြောရလျှင် ဥပမာ ပြန်ကြားရေးဝန်ကြီးဌာနကို ပြောရမည်ဆိုပါက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးများအဆင့် အစည်းအဝေးများ၊ ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးများ၊ ရှေ့နေချုပ်ရုံးဆိုလျှင်လည်း အပတ်စဉ် အစည်းအဝေးများ ရှိကြောင်း၊ အာဆီယံတွင်ရှိနေသည့် ဥပဒေပြုဆိုင်ရာ အစည်းအဝေးများကို အစိုးရ ကိုယ်စားပြုတက်ရောက်ရာတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ခန့်အပ်ထားသော သက်ဆိုင်ရာ ကိုယ်စားလှယ်များသာ တက်ရောက်ရသည်ဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာဥပဒေအရ အသိအမှတ်ပြုခြင်းကို မိမိရှင်းနိုင်သလောက် ရှင်းပြရမည်ဆိုပါက အပြည်ပြည်ဆိုင်ရာ ဥပဒေအရ အသိအမှတ်ပြုခြင်း နှစ်ချက်ရှိကြောင်း၊ နံပါတ်တစ်မှာ အမှန်တကယ် အသိအမှတ်ပြုခြင်း (De facto recognition)၊ နံပါတ်နှစ်မှာ တရားဝင် အသိအမှတ်ပြုခြင်း (De jure recognition) တို့ဖြစ်ကြောင်း၊ ယင်းနှစ်ချက်၏ကွာခြားချက်မှာ အသိအမှတ်ပြုခြင်းတွင် De facto သဘောနှင့် ပြောရမည်ဆိုပါက အခြားနိုင်ငံများက ဆက်ဆံရေးကို တည်ငြိမ်မှု အပြည့်အဝမရှိသေးသည့်အတွက် အခြေအနေ စောင့်ကြည့်နေသည့် အခြေအနေမျိုးဖြစ်ပြီး De jure သဘောနှင့် ပြောရမည်ဆိုပါက အပြည့်အဝအသိအမှတ်ပြုပြီး ကိစ္စတော်တော်များများတွင် ဆက်ဆံမှု ပြုလုပ်နေခြင်းကို ဆိုလိုကြောင်း။

တရားဝင် အသိအမှတ်ပြုမှုကို အချက်လေးချက်နှင့် တိုင်းတာကြောင်း၊ နံပါတ်တစ်မှာ အသိအမှတ်ပြုနိုင်ငံနှင့် သံတမန်နှင့် ကောင်စစ်ဝန်ဆက်ဆံမှုများ အပြည့်အဝပြုလုပ်ခြင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် သံတမန်များ၊ ကောင်စစ်ဝန်များ ဆက်ဆံမှုအပြည့်အဝ ဆောင်ရွက်လျက်ရှိကြောင်း၊ မည်သည့်နိုင်ငံသံတမန်များမှ ထွက်သွားခြင်းမရှိကြောင်း၊ မြန်မာနိုင်ငံက သံတမန်များလည်း နိုင်ငံတကာ၌ အပြည့်အဝရှိကြောင်း၊ နံပါတ်နှစ်အနေဖြင့် အသိအမှတ်ပြုသည့် နိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ ညီလာခံ conferenceတွင် ပါဝင်ခွင့်ရှိခြင်း၊ အာဆီယံအစည်းအဝေးများ၊ အပြည်ပြည်ဆိုင်ရာ ညီလာခံများတွင် ကိုဗစ်-၁၉ ကြောင့် လူတွေ့ မလုပ်နိုင်သော်လည်း zoom meeting များနှင့် online meeting များ လုပ်နေကြောင်း၊ ပါဝင် တက်ရောက်သူများကိုလည်း လက်တွေ့မြင်ကြရပြီ ဖြစ်ကြောင်း၊ နံပါတ်သုံးအနေဖြင့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များနှင့် သဘောတူခြင်းများတွင် ပါဝင်အရေးဆိုနိုင်သည့် အခွင့်အရေးရှိခြင်း၊ လက်တွေ့ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ မည်သူတို့က ကိုင်စွဲလုပ်ဆောင်နေသည်ကို၊ မည်သူကလုပ်ခွင့် ရှိသလဲဆိုသည်ကို လက်တွေ့မြင်ရပြီဖြစ်ကြောင်း၊ နံပါတ်လေးအချက်အနေဖြင့် အသိအမှတ်ပြုခံနိုင်ငံ၏ တရားဥပဒေနှင့် အုပ်ချုပ်ရေး၊ တရားစီရင်ရေးအဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များကို အသိအမှတ်ပြုခြင်းနှင့် လေးစားလိုက်နာခြင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး အားလုံးသိပြီးဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း အုပ်ချုပ်လျက်၊ လိုက်နာလျက်ရှိကြောင်း၊ တရားစီရင်ရေးများ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအနေနှင့် ထိုအတိုင်းသာ အသိအမှတ်ပြုပြီးဖြစ်ကြောင်း၊ ထို့ကြောင့် တရားဝင် အသိအမှတ်ပြုခြင်း ဆိုသည့် အပြည်ပြည်ဆိုင်ရာဥပဒေအရ အချက်လေးချက်နှင့်တိုင်းတာလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် De jure အခွင့်အရေး အပြည့်အဝရှိသည့် အစိုးရဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၆-၂၀၂၁ ကြာသပတေးနေ့

### MRTV

| | | | |
|---|---|---|---|
| ၀၆:၀၀ | ရတနသုတ်ပရိတ်တရားတော် | ၁၇:၃၀ | လူမှုစီးပွားမြင်ကွင်းများ |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၉:၁၀ | NRC အစီအစဉ် 'ဂျပန်နိုင်ငံရဲ့လူပတ်ရှုမျှော်ခင်းများ' | ၁၈:၃၀ | မြန်မာ့ပုလဲထုတ်လုပ်ပုံ အဆင့်ဆင့်နှင့်ရောင်းချခြင်း |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၄) |
| ၁၁:၄၀ | ပြည်သူ့နီတိ 'ဘဝလမ်းကိုရွေးချယ်ခြင်း' | | |
| ၁၃:၃၀ | MRTV National News | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်၏စေညွှန်ရာ' (အပိုင်း-၅၄) | ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'နတ်သိုးမလေးရဲ့ကိုယ်ရံတော်' (အပိုင်း-၈) |
| ၁၅:၀၀ | Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်' | | |
| ၁၆:၃၅ | မျက်မှောက်ရေးရာအဖြာဖြာ | ၂၂:၃၀ | ပြည်သူ့နီတိ 'ဝတ်ထွေပေတ္တာ' |
| ၁၇:၀၅ | Soccer View | | |

### mitv

07:01 News
07:27 Gold: King Of All Metals
08:01 An Ardent Aficionado Of Traditional Design
08:33 Dances of Myanmar "Lisu Traditional Dance"
08:38 Come Beat Eggs For Fun & Reward
09:01 ASEAN Women Entrepreneurship: Thailand
09:12 Secret Recipes by Gourmet Chefs (India)
09:43 Products of Myanmar - Pottery Business
10:01 Cruising To Precious Islands (Part-1)
10:33 The Art of Sand Painting
10:42 Clam Farming
11:11 Myanmar and Korea Art Installation Trip

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ဒဲသမားတို့ရဲ့ဘဝ

**ဝကကကရင် (၁၀:၀၀ မှ ၁၁:၀၀)**
တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်ရိုးရာဝက်သားနှင့်မျှစ်ဖက်ထုပ်

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၃)

**ချင်း (လိုင်ဇို) (၁၃:၀၀ မှ ၁၄:၀၀)**
ဆန်းပြားလှသည့်ချင်းရိုးရာနာခေါင်းပလွေမှုတ်

**ချင်း (ဇိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ချင်း(ဇိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၃)

**မွန် (၁၅:၀၀ မှ ၁၈:၀၀)**
ရှာလွတ်ဆေးတံ

**ရခိုင် (၁၈:၀၀ မှ ၁၉:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
မျိုးဆက်ပွားကျန်းမာရေး

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ကြက်မောက်သီးနှင့်ကျန်းမာရေး

### MRTV Sports

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel
MRTV Farmers Channel ကို
နေ့စဉ် နံနက် (၆း၀၀)နာရီမှ
ည (၁၀း၀၀)နာရီထိ၊
Education Channel
ကို
စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀း၀၀)နာရီမှ ညနေ(၆း၀၀)နာရီထိ
ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

# အမှန်နှင့်အမှား၊ ဓမ္မနှင့် အဓမ္မ ပြည်သူတွေကွဲပြားကြဖို့ လိုပါပြီနှင့် အခြားဆောင်းပါးများ

**နေပြည်တော် ဇွန် ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် အမှန်နှင့်အမှား၊ ဓမ္မနှင့် အဓမ္မ ပြည်သူတွေကွဲပြားကြဖို့ လိုပါပြီနှင့် အခြားဆောင်းပါးများ ပါဝင်သည့် ဆောင်းပါးပေါင်းချုပ် စာအုပ်ထွက်ရှိလာသည်။

ယင်းစာအုပ်တွင် ကနောင်၊ မင်းပြည့်စုံ၊ ဒေါင်၊ ဘမောင်တိုး၊ ကိုထွန်းခင်၊ နေခြည်သွေး၊ မောင်သောမန၊ စွန်ရဲ၊ ကိုလူလူ၊ မောင်ပြည်ချစ်၊ ညိုချော အစရှိသည့် ကလောင်စုံရေးဖွဲ့ထားသည့် ဆောင်းပါး ၉၂ ပုဒ်ပါဝင်သည်။

ယင်းဆောင်းပါးပေါင်းချုပ်စာအုပ်တွင် ဆောင်းပါးရှင် မင်းပြည့်စုံက **"နောက်အစိုးရတက်လာမှ အလုပ်လုပ်မယ်ဆိုတဲ့ ရွှေပြည်တော်မျှော်သူတွေကို အချိန်တန်လို့ အများဆန္ဒနဲ့အညီ ရွေးကောက်တင်မြှောက်တဲ့ အစိုးရတစ်ရပ်ကရော ဘယ်လိုယူဆမယ်လို့ ထင်ပါသလဲ၊ တက်လာတဲ့ အစိုးရတိုင်းကို မကြိုက်ဘူးဆိုပြီး ဝန်ထမ်းတွေက တစ်ခါပြန်ပြီး CDM လုပ်ကြမယ်ဆိုရင် အမယ်ဘုတ်နဲ့ သူ့ရဲ့ ချည်ငင်လို တိုးတက်ရာ တိုးတက်ကြောင်းမရှိဘဲ ဝန်ထမ်းတွေ ခံစားချက်ကို ရှေ့တန်းတင်နေကြတာနဲ့တင် တိုင်းပြည် ဘယ်လိုလုပ် မြင့်မားလာပါတော့မလဲ"**ဟု မတူညီတာတွေကို နားလည်ပြီး အတူတူရှေ့ဆက်နိုင်မှ **ဒီမိုကရေစီ** ဆောင်းပါးဖြင့် ထောက်ပြထားသည်။




အလားတူ ဆောင်းပါးရှင် ဒေါင်က တစ်ဖက်ပိတ်ဝါဒီနှင့် (၂၁)ရာစု ဒေဝဒတ်လက်သစ်များ မဖြစ်စေလိုပါ ခေါင်းစဉ်ဖြင့် **"ကလေးတွေကို လမ်းပေါ်ထွက်ခိုင်းပြီး ကိုယ်တိုင်တော့ ထောက်ပံ့ကြေးလေးထုတ်လိုက်၊ အဲယားကွန်းအေးအေးလေးနဲ့ အချိုရည်လေးစုပ်ပြီး ဝေဖန်လေကန်လိုက်နဲ့သူတွေက (၂၁)ရာစုရဲ့ ခေတ်သစ် ဒေဝဒတ်တွေပေါ့။ သူတို့က ပညာတတ်တွေသာဆိုတယ်။ သူတို့လုပ်ရပ်တွေက အတ္တကြီးကြီးနဲ့ တိုင်းပြည်နစ်မွန်းအောင် ဝန်ထမ်းတွေ အလုပ်မလာရဲအောင်၊ လူတွေလမ်းပေါ်ထွက်ပြီး အပြစ်ပေးအရေးယူခံကြရအောင် လုပ်နေတာမို့ လူ့အတ္တသမားတွေလိုပေါ့ဗျာ"**ဟု ကိုသံချောင်း၊ မစာဥ တစ်ခန်းရပ်စကားပြောခန်း(၁၀) တွင် ရေးသားတင်ပြထားသည်။

ထို့ပြင် ဆောင်းပါးရှင် ကိုထွန်းခင်က **မြင့်မြတ်တဲ့ စိတ်စေတနာတွေနဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်နိုင်ကြပါစေ** ဆောင်းပါးဖြင့် **" မြန်မာနိုင်ငံမှာ နိုင်ငံ့ဝန်ထမ်းအရေအတွက်က နိုင်ငံလူဦးရေရဲ့ ၁ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေ၊ ပြည်သူ့ဝန်ထမ်းတွေဆိုရင်လည်း ပြည်သူကချီးမြှင့်တဲ့ လစာကို ယူနေသူတွေဖြစ်တဲ့အတွက် ပြည်သူကို သစ္စာရှိရမှာဖြစ်ပါတယ်။ ပြည်သူကို စေတနာထားပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်"**ဟု နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ ရေးသားတင်ပြထားသည့် ဆောင်းပါးများကို လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါ စာအုပ်ကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်အမှတ် (၁၇၂/၁၇၅) ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၈၂၄၈၀၁၂ သို့ ငွေကျပ် ၃၅၀၀ ဖြင့် ဆက်သွယ်ဝယ်ယူနိုင်ပြီဖြစ်သည်။

**မြန်မာ့အလင်း**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၆ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၅၈၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၁၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၄၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈.၇၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၀ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၃၀၀၂ | ၂၇၀၁၈၀၀၀ |
| MTSH | ၃၅၅၀ | ၃၅၀၀ | ၁၂၁၅ | ၄၂၆၄၂၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀ | ၁၀၂၀၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁ | ၄၉၀၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# မဟာဇနကဇာတ်တော်

**မြတ်မင်းလှိုင်**




ဝိဒေဟရာဇ်တိုင်း မိတ္ထိလာပြည်၌ မဟာဇနကမင်း စိုးစံတော်မူလေသည်။ ထိုမင်းကြီးသည် သားတော်ကြီး အရိဋ္ဌဇနကမင်းသားအား အိမ်ရှေ့အရာ ချီးမြှင့်ထားပြီး သားတော်ငယ် ပေါလဇနကအား စစ်သေနာပတိအဖြစ် ခန့်ထားသည်။

မဟာဇနကမင်းကြီး နတ်ရွာစံသောအခါ သားတော်ကြီး အရိဋ္ဌဇနကသည် ထီးနန်းကိုဆက်ခံကာ ညီတော်ပေါလဇနကအား အိမ်ရှေ့အရာပေးသနားတော်မူ၏။ အိမ်ရှေ့မင်း ပေါလဇနက၏ ကျွန်ယုံတစ်ဦးသည် ၎င်း၏အလိုဆန္ဒအတိုင်း ဖြစ်မလာသည်ကို မိမိအရှင်အပေါ်အငြိုးဖြင့် မင်းအရိဋ္ဌဇနကထံပါး ဝင်ရောက်၍ ညီတော်ပေါလဇနကသည် ထီးနန်းကိုလုယူ၍ မင်းကြီးအသက်နှင့် စည်းစိမ်ကိုအန္တရာယ်ပြုရန် ကြံဆောင်နေကြောင်း ကုန်းချောလေသည်။ မင်းကြီးက မယုံကြည်သော်လည်း အကြိမ်ကြိမ်အကြောင်းသင့်တိုင်း ထိုစကားကို လျှောက်ထားလေသည်။ ဤသို့ ကြိမ်ဖန်များစွာ လျှောက်ထားသည့်အခါ မင်းအရိဋ္ဌဇနကသည် ဆင်ခြင်စူးစမ်းမေးမြန်း စစ်ဆေးခြင်းမရှိဘဲ တစ်ဖက်၏စကားနှင့်သာ ပေါလဇနကကို ဖမ်းဆီးပြီး ခြေကျင်းအနှောင်အဖွဲ့ အစောင့်အရှောက်လုံခြုံစွာဖြင့် အချုပ်ထောင်တွင်း၌ ထားစေသည်။

ထိုအခါ ညီတော်ပေါလဇနကသည် **ငါသည် နောင်တော်၏ ရန်သူစင်စစ်မှန်လျှင် ဤအိမ်တံခါးအနှောင်အဖွဲ့ သံခြေကျင်းတို့သည် မပွင့်မလွတ်စေကုန်သတည်း၊ နောင်တော်၏ ရန်သူစင်စစ်မဟုတ်လျှင် ဤအိမ်တံခါးအနှောင်အဖွဲ့ သံခြေကျင်းတို့သည် ယခုခဏချင်း ပွင့်စေလွတ်ကုန်စေသတည်း**ဟု သစ္စာဆိုလေသည်။ ပေါလဇနက၏ သစ္စာတော်အာနုဘော်ဖြင့် အနှောင်အဖွဲ့ လွတ်သွားသည်။ ပေါလဇနကမင်းသားသည် အနှောင်အဖွဲ့မှ လွတ်သောအခါ ဆင်ပြောင်မှန်ယစ်သကဲ့သို့အပြင် မင်းဖြစ်ထိုက်သည်တစ်ကြောင်းဖြစ်၍ အစောင့်အရှောက် တစ်စုံတစ်ယောက်မျှ မဖမ်းဆီးဝံ့ချေ။ မင်းသားသည် ရပ်စွန်ရွာငယ်ဖြစ်သော ပစ္စန္တရစ်ရွာ၌ ခိုလှုံနေလေသည်။ ရွာသူရွာသားတို့လည်း အိမ်ရှေ့မင်းသားမှန်းသိလျှင် ခစားကျိုးနွံကြလေသည်။ အခြွေအရံပေါများလာသည့်အလျောက် ရေးကရန်ပြုရန် ရည်ရွယ်ချက်မရှိသော်လည်း မနေသာတော့သည့်အတွက် လူသူစု၍ မိတ္ထိလာပြည်ကိုသိမ်းရန် ချီတက်လေတော့သည်။

မြို့တော်အနီးသို့ ရောက်လျှင် ညီတော်ပေါလဇနကသည် နောင်တော်ထံသို့ ထီးနန်းအပ်မည်လော သို့မဟုတ် စစ်ဖက်ပြိုင်မည်လောဟု စေလွှတ်မေးမြန်းစေသည်။ နောင်တော်အရိဋ္ဌဇနကမင်းသည် စစ်ပြိုင်ရန် ပြန်ကြားပြီး စစ်ပြင်လေသည်။ ထိုအချိန်တွင် မိဖုရားကြီးဝမ်းတွင် ဘုရားလောင်း ပဋိသန္ဓေယူ၍ ကိုယ်ဝန်အရင့်အမာရှိနေသည်။ ထို့ကြောင့် မင်းကြီးသည် မိဖုရားအား သတိမူ စောင့်ရှောက်ရန်မှာကြားပြီး စစ်ထွက်လေသည်။ စစ်ပွဲတွင် အရိဋ္ဌဇနကမင်း ကျဆုံး၍ ပေါလဇနကမင်းသားက အနိုင်ရရှိကာ ထီးနန်းကို သိမ်းယူလေသည်။

မင်းကြီး ကျဆုံးကြောင်း သိလျှင် မိဖုရားကြီးသည် ရွှေ၊ ငွေ၊ ပတ္တမြားတို့ကို တောင်း၌ ထည့်ကာ အဝတ်ဟောင်းဖုံးအုပ်၍ သူဆင်းရဲမအသွင်ဟန်ဆောင်ပြီး မြို့မှ ထွက်လေသည်။ မိဖုရားသည် စမ္ပာနဂိုရ်ပြည်သို့ ထွက်ပြေးတိမ်းရှောင်ရန်အတွက် ဇရပ်တစ်ခု၌ ဝင်နားလေသည်။

ထိုအခါ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာတင်းသဖြင့် ဆင်ခြင်ကြည့်လေရာ အကြောင်းစုံသိလျှင် လူအိုသဏ္ဌာန် ဖန်ဆင်းပြီး ရထားကို မိဖုရားကြီး ရှေ့မှောက်သို့ မောင်းလာသည်။ သိကြားမင်းသည် မိဖုရားကြီး အားစမ္ပာနဂိုရ်ပြည်တောင်တန်း သို့ အရောက် ပို့ခဲ့ပြီးလျှင် တာဝတိံသာနတ်ပြည်သို့ ပြန်တက်ခဲ့လေသည်။

ထိုအချိန်တွင် ဒိသာပါမောက္ခဆရာကြီး ဥဒိစ္စပုဏ္ဏားကြီးသည် တပည့်များနှင့် ရေချိုးထွက်လာရာ မိဖုရားကြီးကိုမြင်လျှင် မေးမြန်းလေသည်။ ပုဏ္ဏားကြီးသည် နတ်ရွာစံပြီးသော အရိဋ္ဌဇနကမင်းကြီး၏ မိဖုရားဖြစ်ကြောင်းသိလျှင် နှမရင်းသဖွယ်ကျွေးမွေးစောင့်ရှောက်ထားမည်ဖြစ်ကြောင်း ပြောပြလျက် နေအိမ်သို့ ခေါ်ဆောင်လာခဲ့သည်။

ပုဏ္ဏားကြီး၏ဇနီးသည်လည်း မိဖုရားကြီးအား ပြုစုစောင့်ရှောက်လေသည်။ မိဖုရားကြီးသည် ဘုရားလောင်းသားငယ်ကို ဖွားမြင်ရာ ဘိုးတော်၏အမည်အတိုင်း "မဟာဇနက"ဟု အမည်ပေးလေသည်။

မင်းသားငယ်သည် အရွယ်ရောက်၍ ကစားဖော်များနှင့် စိတ်ဆိုးသည့်အခါ မုဆိုးမသားဟုခေါ်ကြသည်ကို မင်းသားငယ်က မခံမရပ်နိုင်ဖြစ်ကာ မိခင်အားပြန်မေးလေသည်။ မိဖုရားကြီးက စိတ်အားမငယ်စေလိုသဖြင့် ပုဏ္ဏားကြီးမှာ သားငယ်၏ ဖခင်ဖြစ်ကြောင်းပြောပြသည်။ ကစားဖော်များက ပုတ်ခတ်ပြောဆိုကြမြဲဖြစ်၍ မိခင်အား မရအရ ထပ်မံမေးသည်။ ထိုအခါ မိခင်က သားငယ်၏ ခမည်းတော်သည် မိတ္ထိလာပြည့်ရှင် အရိဋ္ဌဇနကဖြစ်ပြီး စစ်ပွဲ၌ ကျဆုံးခဲ့ကြောင်း ပြောပြရလေသည်။

မင်းသားငယ် တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်ရှိလာသောအခါ ကုန်သွယ်ရောင်းဝယ်ခြင်းမှ ရရှိလာသော ဥစ္စာတို့ဖြင့် ခမည်းတော်၏ မိတ္ထိလာပြည်ကို ပြန်လည်သိမ်းယူမည်ဟု ကျောက်မျက်ဥစ္စာပစ္စည်းများအား လျှောက်ထားသည်။ မိဖုရားကြီးက မိမိထံတွင် ပါရှိလာသော ကျောက်မျက်ဥစ္စာပစ္စည်းများမှာ မိတ္ထိလာပြည်သာမက များစွာသော တိုင်းပြည်များကိုပင် ရနိုင်သဖြင့် ရှိဥစ္စာဖြင့်ပင် မိတ္ထိလာပြည်ကို သိမ်းပိုက်၍ သမုဒ္ဒရာအတွင်း ကုန်သွယ်ခြင်းမပြုလုပ်ရန် တားမြစ်လေသည်။ သားတော်သည် လိုက်ပါမည့် သင်္ဘောပင်စီစဉ်ပြီးဖြစ်၍ မတားမြစ်ရန် တောင်းပန်ရှိခိုးပြီး ခုနစ်ရာသော သင်္ဘောသားများနှင့်အတူ လိုက်ပါသွားလေသည်။

**မဟာဇနကမင်းသည် သမုဒ္ဒရာ၌ ရေနစ်အံ့ဆဲဆဲတွင် လုံ့လကြောင့် ထီးနန်းကို ရရှိခဲ့သည့်အပြင် မိခင်နှင့် ပြန်လည်တွေ့ဆုံခဲ့ရသည်။ ထိုသို့ အကျိုးကျေးဇူးကို ရရှိခဲ့ခြင်းမှာ "လူတို့သည် မြတ်သောလုံ့လကို အစဉ်အားထုတ်အပ်သည်။ လုံ့လအစွမ်းဖြင့် အလိုရှိရာတောင့်တမှုကို ပြည့်စုံစေနိုင်သည်။ လူတို့၏ ဆန္ဒသည် ကြံလျက်လည်း ပျက်တတ်၏။ မကြံဘဲလည်း ဖြစ်တတ်၏။ လုံ့လကိုသာ မလျှော့ဘဲ အားထုတ်သင့်သည်" ဟူသော ထုံးနှလုံးမူ၍ ကြိုးပမ်းခဲ့ခြင်း၏ရလဒ် ဖြစ်ပေသည်**

---

● *ကျော်ဖုံးမှ*

မြန်မာအသင်းသည် ဒုတိယအဆင့် ခြေစစ်ပွဲအပြီးတွင် အုပ်စုအောက်ဆုံးနေရာတွင် ရပ်တည်ခဲ့သဖြင့် ယခင်ကျင်းပမည့်ပုံစံအရဆိုပါက အာရှဖလားတတိယအဆင့် ခြေစစ်ပွဲ ကစားခွင့်ရရန် Play-off ပွဲစဉ် ထပ်မံကစားရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဖလားတတိယအဆင့် ခြေစစ်ပွဲဝင်ခွင့်ရအသင်းများကိုသာ ပြောင်းလဲခဲ့ခြင်းဖြစ်ပြီး ယခင်က စတုတ္ထနေရာရ အသင်းများအနက် အဆင့် ၅ မှ ၈ အတွင်းရပ်တည်သည့် လေးသင်းနှင့် အုပ်စု အောက်ဆုံးရပ်တည်သည့် ခုနစ်သင်းကို Play-off ပွဲစဉ် ထပ်မံကစားရန် စီစဉ်ထားသော်လည်း ပုံစံအသစ်ကြောင့် စတုတ္ထနေရာရ ရှစ်သင်းစလုံး တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရခဲ့သလို အုပ်စုအောက်ဆုံး ရပ်တည်မှုအရ ခုနစ်သင်းတွင် အကောင်းဆုံးသုံးသင်းမှာ တိုက်ရိုက်ကစားခွင့်ရကာ ကျန်လေးသင်းသာ Play-off ပွဲစဉ် ထပ်မံကစားရမည်ဖြစ်သည်။ ထို့ကြောင့် ဒုတိယအဆင့် အုပ်စုပွဲစဉ်များ အပြီးတွင် အုပ်စုအောက်ဆုံး ရပ်တည်ခဲ့သည့် မြန်မာအသင်းသည် ပဉ္စမနေရာရ အကောင်းဆုံးသုံးသင်းတွင်ပါဝင်ပြီး အာရှဖလား တတိယအဆင့်ခြေစစ်ပွဲအား တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ ဒုတိယနေရာရ အသင်းများအနက် အဆင့် ၆ မှ ၈ အတွင်းရရှိသည့် တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်၊ ကူဝိတ်။ အုပ်စုတတိယနေရာရရှိသည့် ဘာရိန်း၊ တဘ့ခ်မင်နစ္စတန်၊ ဂျော်ဒန်၊ ပါလက်စတိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ ကာဂျစ္စတန်၊ အိန္ဒိယ။ အုပ်စုစတုတ္ထနေရာရရှိသည့် ထိုင်း၊ စင်ကာပူ၊ မွန်ဂိုလီးယား၊ အာဖဂန်နစ္စတန်၊ ဟောင်ကောင်၊ မော်လ်ဒိုက်၊ သီရိလင်္ကာ၊ နီပေါ။ ပဉ္စမနေရာရအသင်းများအနက် အကောင်းဆုံးသုံးသင်း ဖြစ်သည့် မြန်မာ၊ ယီမင်နှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့မှာ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲအား တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ အဆင့် ၅ နေရာရအသင်းများတွင် အဆင့် ၄ မှ ၇ အတွင်း ရရှိသည့် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ တရုတ်(တိုင်ပေ) နှင့် ဂူအမ်အသင်းတို့မှာ Play-off ထပ်မံကစားရမည်ဖြစ်ပြီး အနိုင်ရသည့်နှစ်သင်းမှာ တတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်ကစားခွင့်ရမည်ဖြစ်သည်။ တတိယအဆင့်ခြေစစ်ပွဲကစားခွင့်ရသည့်အသင်း ၂၂ သင်းရှိလာပြီး နှစ်နေရာအတွက်သာ Play-off ပွဲစဉ် ကစားရမည်ဖြစ်သည်။ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲကို အသင်းပေါင်း ၂၄ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ကျင်းပမည့်ကာလကို ပြန်လည်ထုတ်ပြန်မည်ဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲအပြီးတွင် အုပ်စုပထမနေရာရရှိသည့် ဆီးရီးယား၊ သြစတြေးလျ၊ အီရန်၊ ဆော်ဒီအာရေဗျ၊ ဂျပန်၊ တောင်ကိုရီးယား၊ ယူအေအီး၊ အကောင်းဆုံးအုပ်စု ဒုတိယနေရာရသည့် တရုတ်၊ အိုမန်၊ အီရတ်၊ ဗီယက်နမ်၊ လက်ဘနွန်အသင်းတို့မှာ ၂၀၂၂ ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲကစားခွင့်ရခဲ့ပြီး ၂၀၂၃ အာရှဖလား ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ၂၀၂၂ ကမ္ဘာ့ဖလား အိမ်ရှင်ကာတာအသင်းသည် အုပ်စုပထမနေရာရခဲ့သော်လည်း တတိယအဆင့်ခြေစစ်ပွဲ ဆက်လက်မယှဉ်ပြိုင်ရသဖြင့် ယင်းအသင်းအစား အကောင်းဆုံးအုပ်စု ဒုတိယနေရာတွက်ချက်ရာတွင် အဆင့် ၅ ရသည့် လက်ဘနွန်အသင်းက အစားထိုးတက်ရောက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ **ရဲရင့်လွင်**



ဘုရားလောင်းမဟာဇနက လိုက်ပါလာသည့် သင်္ဘောသည် ခုနစ်ရက်အကြာတွင် လေအဟုန်ပြင်းခြင်းကြောင့် သင်္ဘောပျဉ်စပ်တို့ကွဲပေါက်၍နစ်လေသည်။

မဟာဇနကမင်းသားသည် ယောကျာ်းတို့၏ အစွမ်းသာလျှင် ဘေးလွတ်ကြောင်းဖြစ်၏ဟု နှလုံးစွဲတော်မူ၍ ရွက်တိုင်ဖျားသို့ တက်ကာ မိတ္ထိလာပြည်ဘက်သို့ ခုန်လိုက်သည်။ ခွန်အားကြီးတော်မူခြင်းကြောင့် ငါးလိပ်မိကျောင်းတို့ ပေါများရာကို ကျော်လွန်၍ အတောင် ၁၄၀ ခန့်ကွာဝေးသော ရေပြင်သို့ ကျရောက်လေသည်။ မင်းသားလည်း မလျှော့သောဇွဲဖြင့် ခုနစ်ရက်ပတ်လုံး ကူးခပ်ရင်း ဥပုသ်ဆောက်တည်လေသည်။

စတုလောကပါလ နတ်မင်းကြီးလေးပါးသည် မိဘကို ရိုသေစွာလုပ်ကျွေးသူ၊ သူတစ်ပါးအား ချစ်ခင်သနားသူ၊ အလှူပေးသူ၊ သီလဆောက်တည်သူတို့အား မဟာသမုဒ္ဒရာ၌နစ်၍ သေဆုံးခြင်း မရှိစေရန် မဏိမေခလာနတ်သမီးအားစောင့်ရှောက်ရန် တာဝန်ပေးထားလေသည်။

မဏိမေခလာနတ်သမီးသည် သမုဒ္ဒရာကိုကြည့်ရာ သမုဒ္ဒရာအတွင်း မလျှော့သောဇွဲဖြင့် ကူးခပ်နေသော မဟာဇနကကို တွေ့မြင်ရလေသည်။ မဏိမေခလာနတ်သမီးသည် ဘုရားလောင်းအနီးသို့ ချဉ်းကပ်မေးမြန်း၍ အကြောင်းစုံသိရသည့်အခါတွင် မင်းသား၏ဆန္ဒအတိုင်း မိတ္ထိလာပြည်သို့ ကောင်းကင်ခရီးမှ ပို့ဆောင်လေသည်။ ဘုရားလောင်းသည် ခုနစ်ရက်ကြာ ဆားငန်ရေတွင် ကူးခပ်ရသဖြင့် လွန်စွာပင်ပန်းတော်မူသည့်အပြင် နတ်သမီး၏ သိမ်မွေ့နူးညံ့မှုတို့ကြောင့် အိပ်ပျော်ရင်း လိုက်ပါသွားလေသည်။ မဏိမေခလာနတ်သမီးသည် မိတ္ထိလာပြည်မင်းအဆက်ဆက်တို့ ထွက်စံရာ သရက်ဥယျာဉ်တော်ရှိ ကျောက်ဖျာပြင်ပေါ်တွင် သိပ်ထားပြီး ရက္ခစိုးနတ်တို့အား စောင့်ရှောက်စေလေသည်။

ထိုအချိန်တွင် နာမကျန်းဖြစ်နေသော မိတ္ထိလာပြည်မင်း ပေါလဇနကသည် နတ်ရွာစံလွန်တော်မူခဲ့သည်မှာ ခုနစ်ရက်ရှိခဲ့ပြီးဖြစ်သည်။ မင်းကြီး၌ သမီးတော် သီဝလိဒေဝီတစ်ပါးသာ ကျန်ရစ်ခဲ့သည်။ ပေါလဇနကမင်းကြီး နတ်ရွာစံခါနီးတွင် ဗိုလ်ခြေတစ်ထောင်တင်ရသောလေးကို တစ်ယောက်တည်း တင်နိုင်သူ၊ ပလ္လင်တော်၏ခေါင်းရင်းကို သိနိုင်စွမ်းရှိပြီး တစ်ဆယ့်ခြောက်လုံးသော ရွှေအိုးများကို ဖော်ထုတ်နိုင်သည့် ယောကျာ်းကောင်းကို သမီးတော်နှင့် ထိမ်းမြားပြီး နန်းအပ်ရန် မှူးမတ်တို့အား မိန့်ကြားထားခဲ့သည်။

ပေါလဇနကမင်းနတ်ရွာစံပြီး ခုနစ်ရက်ကြာသောအခါ မှူးမတ်တို့သည် လွှတ်တော်အစည်းအဝေးကျင်းပကာ မင်းကြီး၏မိန့်မှာထားသည့်အတိုင်း အရည်အချင်းပြည့်ဝသည့်သူကို ထီးနန်းအပ်ရန် တိုင်ပင်ကြ၏။ ၎င်းနောက် နန်းတွင်းမှ ပုဂ္ဂိုလ်များကို စစ်ဆေးရာ မင်းကြီးမှာတော်မူခဲ့သည့်အတိုင်း ပလ္လင်ဦးခေါင်းရင်းကိုသိသူ၊ ရွှေအိုးတစ်ဆယ့်ခြောက်လုံးကို ဖော်နိုင်သူ၊ လေးကိုတင်နိုင်သူ ချနိုင်သူမရှိသည့်အပြင် မင်းသမီး၏နှစ်သက်မှုကိုပင် မရရှိကြချေ။

မှူးမတ်အပေါင်းတို့သည် စည်းဝေးတိုင်ပင်ကြပြီး ဖုဿရထားလွှတ်၍ ဘုန်းရှင်ကံရှင်ရှာရန် ဆုံးဖြတ်ကြကာ ဖုဿရထားကို အမိဋ္ဌာန်ဖြင့် စေလွှတ်လေသည်။ ရထားသည် မြို့ကို လက်ယာရစ်လှည့်ပြီး ဘုရားလောင်းမဟာဇနက မင်းသားရှိရာ ဥယျာဉ်တော်သို့ သွား၍ စက်တော်ခေါ်ရာကျောက်ဖျာကို လက်ယာရစ်လှည့်လျက် ရပ်တန့်နေသည်။ ပုရောဟိတ်ပုဏ္ဏားလည်း ဘုရားလောင်းကိုတွေ့သည့်အခါ တူရိယာမှုတ်စေ၏။ အလွန်ဆူညံလှသော်လည်း ဘုရားလောင်းသည် ထိတ်လန့်ခြင်းမရှိဘဲ တစ်ဖက်သို့ပြောင်း၍ ဆက်လက်စက်တော်ခေါ်နေ၏။ မှူးမတ်ဗိုလ်ပါတို့က မင်းကြီးထတော်မူလော့ဟု ပင့်ခေါ်ကြသည့်အခါတွင်မှ အကြောင်းစုံသိရှိကာ လျောင်းတော်ဦး၌ စံမြန်းလေသည်။ မင်းသမီး၏ နန်းဆောင်တော်သို့ ကြွချီရာ မင်းသမီးက ခရီးဦးကြိုပြုလျက် ရာဇပလ္လင်တော်၌အတူ စံမြန်းလေ၏။

မင်းကြီးပေါလဇနက နတ်ရွာမစံမီက မှာကြားချက်များကို မှူးမတ်တို့က လျှောက်ထားကြသည်ကို ဇနကမင်းသားက မကြားဟန်ဆောင်ပြီး ရွှေဦးသျှောင်ကျင်အားချွတ်၍ မင်းသမီးအား လှမ်းပေးလိုက်၏။ မင်းသမီးသည် ဦးသျှောင်ကျင်ကို ပလ္လင်၏ခေါင်းရင်းဘက်၌ ချထားလေသည်။ ထိုတွင်မှ မင်းသားက မှူးမတ်တို့၏ လျှောက်ထားချက်ကို ထပ်မံမေးပြီး ဦးသျှောင်ကျင်ထားရာအရပ်သည် ပလ္လင်ခေါင်းရင်း ဖြစ်ကြောင်း ချက်ချင်းညွှန်ပြလေသည်။

ဗိုလ်ခြေတစ်ထောင် တင်ရ ချရသည့်လေးကို သက်သာစွာပင် တင်ပြလေသည်။ တစ်ဖန်ရွှေအိုးကြီး တစ်ဆယ့်ခြောက်လုံးကို နောက်တစ်နေ့နံနက်အထိ ဆိုင်းငံ့စေပြီးလျှင် နံနက်လင်း၍ မှူးမတ်တို့ ရောက်ရှိလာသောအခါ ရွှေအိုးတစ်ဆယ့်ခြောက်လုံးကို ညွှန်ပြဖော်ယူစေသည်။

- အရှင်ပစ္စေကဗုဒ္ဓါအား မင်းကြီး ခရီးကြိုပြုသည့်နေရာတွင် တစ်လုံး၊
- အရှင်ပစ္စေကဗုဒ္ဓါ ပြန်ကြွသည့်အခါ မင်းကြီးလိုက်ပို့သည့်နေရာတွင်တစ်လုံး၊
- နန်းတော်အရှေ့တံခါးခုံအတွင်းတွင် တစ်လုံး၊ တံခါးအပြင်နားတွင် တစ်လုံး၊
- တံခါးခုံအောက်တွင်တစ်လုံး၊
- မင်းကြီးဆင်တော်စီးသောအခါ ဆင်တက်လှေကားထားသည့်နေရာတွင်တစ်လုံး၊
- ဆင်ပေါ်မှဆင်းသက်တော်မူသည့် နေရာတွင်တစ်လုံး၊
- မင်းကြီးလျောင်းစက်စံပယ်သည့် ညောင်စောင်းတော်၏ ခြေလေးချောင်းအောက်၌တစ်လုံးစီ၊
- မင်းကြီး၏ စက်တော်မူရာ ကျက်သရေတိုက်မှ ရထားထမ်းပိုးတစ်ပြန်ခြားရာ ရှစ်မျက်နှာ၌တစ်လုံးစီ၊ (ရွှေအိုးရှစ်လုံးဖြစ်သော်လည်း တစ်ဌာနသာဖြစ်သည်)
- ဆင်တော်အစွယ်နှစ်ချောင်းအောက်၌ တစ်လုံးစီ (ဌာနတစ်ခုသာ)၊
- ဆင်တော်အမြီးနေရာအောက်၌တစ်လုံး၊
- မင်္ဂလာကန်တော်အလယ်၌တစ်လုံး၊
- ဥယျာဉ်တော်တွင်း မင်္ဂလာပြုရာ အင်ကြင်းပင်ကြီးဝန်ကျင် အရပ်ရှစ်မျက်နှာ အရိပ်ဖျားကျရာ၌ ရွှေအိုးကြီးရှစ်လုံး (တစ်ဌာနတည်း)၊

**(မှတ်ချက်။** ရွှေအိုးကြီး ၁၆ လုံးဆိုသော်လည်း နေရာဌာနတစ်ဆယ့်ခြောက်ဌာနကို ဆိုလိုပြီး၊ အိုးရေအားဖြင့် သုံးဆယ့်တစ်လုံးဖြစ်သည်။)

ဘုရားလောင်းဇနကမင်းအား မှူးမတ်တို့က ချီးမြှောက်ပူဇော်သဘင်ကို ခြိမ့်ခြိမ့်သဲ ကျင်းပလေသည်။ ဝိဒေဟရာဇ်တိုင်းပြည်ရှိ ကျေးရွာမကျန်လာရောက်ပူဇော်ကြသည်။ မင်းကြီးသည် သီဝလိဒေဝီမင်းသမီးအား မိဖုရားကြီးအရာ ချီးမြှောက်လိုက်လေသည်။ ကာလစမ္ပာနဂိုရ်ပြည်မှ မယ်တော်၊ ပါမောက္ခပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမ မိသားစုတို့ကို မိတ္ထိလာပြည်သို့ ခေါ်ယူချီးမြှောက်လေသည်။ ထို့အပြင် မြို့လေးမျက်နှာနှင့် မြို့လယ်တို့၌ အလှူဇရပ်ငါးဆောင်ဆောက်လုပ်ပြီး နေ့တိုင်းအလှူပေးကာ မွေ့လျော်နေလေသည်။

ကာလအတန်ကြာသော် သီဝလိမိဖုရားသည် "ဒီဃာဝု" မည်သော သားတော်တစ်ပါး ဖွားမြင်လေသည်။ အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ရောက်လျှင် အိမ်ရှေ့အရာအပ်နှင်းလေသည်။

တစ်နေ့သောအခါ မင်းကြီးသည် ဥယျာဉ်တော်သို့ အခြွေအရံများနှင့်အတူ ထွက်တော်မူလေသည်။ မင်းကြီးသည် သရက်ပင်ကို တွေ့တော်မူရာတွင် အသီးသီးသောအပင်မှာ ဖျက်ဆီးသူနှင့်ဆက်ဆံရသဖြင့် ပျက်စီးရပြီး အသီးမသီးသောအပင်သည် နှစ်သက်ဖွယ်ပကတိအတိုင်းရှိနေသည်ကို တွေ့ရှိကာ သံဝေဂရရှိလေသည်။ ပြည်စည်းစိမ်ခံမင်းသည် ရန်သူနှင့်ဆက်ဆံရပြီး ရသေ့ရဟန်းသည် ရန်သူကင်း၍ ကြောင့်ကြမှု ဘေးရန်မရှိသဖြင့် ရဟန်းအဖြစ်ယူရန် စိတ်နှလုံးသွင်း၍ နန်းတော်သို့ ဝင်လေသည်။

မင်းကြီးသည် ပြာသာဒ်ဘုံဆင့်အထက်သို့တက်၍ ရဟန်းတရားပွားများလေသည်။ စောင့်ရှောက်ရန်တာဝန်ပေးထားသည့် အစေအပါး ယောကျာ်းများမှတစ်ပါး မိဖုရားကြီးအပါအဝင် မည်သူကိုမှ ဝင်ခွင့်မပြုချေ။ လေးလမျှကြာအောင် တရားကျင့်ကြံပွားများနေလေသည်။

မင်းကြီးသည် ရဟန်းပြုလိုစိတ် ထက်သန်ပြင်းပြလှသည်ဖြစ်၍ စားတော်ကဲအား သင်္ကန်းသုံးထည်၊ မြေသပိတ်တို့ကို စီစဉ်စေပြီး ဆတ္တာသည်အား ဆံမုတ်ဆိတ်တို့ကို ပယ်စေသည်။ ထို့နောက် ရဟန်းဝတ်ကို ဆင်မြန်းကာ နေအရဏ်တက်ချိန်ကို စောင့်ဆိုင်းလျက်ရှိလေသည်။

မိဖုရားကြီးက မိဖုရားငယ်တို့အား လှပစွာဝတ်ဆင်စေပြီး မင်းကြီးသီတင်းသုံးရာ အထက်ဘုံအဆင့်သို့ တက်လေသည်။ ထိုအခိုက် တောထွက်ရန် ဆင်းလာသော မင်းကြီးအား တစ်ဦးမျှမမှတ်မိကြပေ။ မင်းကြီးထံကြွလာသည့် ပစ္စေကဗုဒ္ဓါဟု ထင်မှတ်ကာ သင့်ရာနေရာသို့ ဖယ်ရှားကြလေသည်။ မင်းကြီးလည်း ရဟန်းအသွင်ဖြင့် ငြိမ်သက်စွာ တောထွက်တော်မူလေသည်။

မဟာဇနကမင်းသည် သမုဒ္ဒရာ၌ရေနစ်အံ့ဆဲဆဲတွင် လုံ့လကြောင့် ထီးနန်းကို ရရှိခဲ့သည့်အပြင် မိခင်နှင့် ပြန်လည်တွေ့ဆုံခဲ့ရသည်။ ထိုသို့အကျိုးကျေးဇူးကို ရရှိခဲ့ခြင်းမှာ "လူတို့သည် မြတ်သောလုံ့လကို အစဉ်အားထုတ်အပ်သည်။ လုံ့လအစွမ်းဖြင့် အလိုရှိရာတောင့်တမှုကို ပြည့်စုံစေနိုင်သည်။ လူတို့၏ဆန္ဒသည် ကြံလျက်လည်း ပျက်တတ်၏။ မကြံဘဲလည်း ဖြစ်တတ်၏။ လုံ့လကိုသာ မလျှော့ဘဲအားထုတ်သင့်သည်"ဟူသော ထုံးနှလုံးမူ၍ ကြိုးပမ်းခဲ့ခြင်း၏ ရလဒ်ဖြစ်ပေသည်။

# စူဠဘွဲ့နှင်းသဘင်အခမ်းအနား ညောင်လေးပင်မြို့၌ ကျင်းပ

**ညောင်လေးပင် ဇွန် ၁၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ဒက္ခိဏာရာမ အသောကာရုံ တောင်ကျောင်းတိုက်၌ ဇွန် ၁၂ ရက် မွန်းလွဲ ၁ နာရီက စူဠဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပကြောင်း သိရသည်။

အခမ်းအနားအား နမောတဿ သုံးကြိမ်ရွတ်ဆို၍ဖွင့်လှစ်ပြီး ပင့်ဖိတ်ထားသည့် ကျောင်းများမှ ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ညောင်လေးပင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၁၄ ကျောင်းမှ ၂၀၂၀ ပြည့်နှစ် အစိုးရပါဠိ ပထမပြန်အောင် ပထမကြီးတန်းစာအောင် သံဃာ ၂၈ ပါး၊ ပထမလတ်တန်း စာအောင် သံဃာ ၂၁ ပါး၊ ပထမငယ်တန်းစာအောင်သံဃာ ၃၁ ပါး၊ အခြေပြုမူလတန်းစာအောင်သံဃာအပါး ၅၀၊ စုစုပေါင်း စာအောင်သံဃာအပါး ၁၃၀ အတွက် စာအောင်လက်မှတ်များအား မြို့နယ်ဌာနဆိုင်ရာများက ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြို့နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း






၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူ ဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ၂၀၂၁ ခုနှစ်၊ မေလ အလှူရှင်စာရင်း

| | | |
|---|---|---|
| ၂၈၈။ ဒေါ်မိုးမိုးလှိုင် | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၈၉။ ဦးဇောတိက(ဗောဓိအောင်မြေကျောင်း) | မော်လမြိုင်မြို့ | ၃၀၀၀၀ |
| ၂၉၀။ ဦးအောင်ဝင်း(တွဲဖက်ပါမောက္ခ-IR)(ငြိမ်း)+ ဒေါ်မြင့်မြင့်(နှစ်တစ်ရာခန်းဝင်ပစ္စည်းဆိုင်)(မဟာရံတံတိုင်းထောက်တိုင်လှူဒါန်း) | မန္တလေးမြို့ | ၁၅၀၀၀၀၀ |
| ၂၉၁။ ဦးမြတ်ထိုက်စံမိုး+ဒေါ်ရွှေရွှေထက် | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၉၂။ ဦးအောင်လင်း+ဒေါ်အမာစိန် | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၉၃။ ဦးစိုင်းစွမ်ခမ်း | ကျိုင်းတုံမြို့ | ၁၄၀၅၀၀ |
| ၂၉၄။ ဦးဖြိုးဝေအေး+ဒေါ်စုစုဝင်း | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၉၅။ ဦးဇော်လင်းမောင် | ပုသိမ်မြို့ | ၅၀၀၀၀ |
| ၂၉၆။ ဒေါ်စိန်ရင် | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၂၉၇။ ဒေါ်တင်ထိုက်ထိုက်ဝင်း | နေပြည်တော် | ၆၀၀၀၀ |
| ၂၉၈။ ဦးထိန်လင်း+ဒေါ်ဝင်းမြင့် မိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၉၉။ ဦးချစ်ခင်+ဒေါ်တင်တင် | ကျောက်ဆည်မြို့ | ၂၀၀၀၀၀ |
| ၃၀၀။ ဦးပေါ်+ဒေါ်ကြင်လှိုင် | ကျောက်ဆည်မြို့ | ၁၀၀၀၀၀ |
| ၃၀၁။ ဒေါ်မြသီတာထွန်း | ရန်ကုန်မြို့ | ၄၀၀၀၀၀ |
| ၃၀၂။ ဦးလှမိုး+ဒေါ်မြဝင်းရီ (သား) မောင်လင်းမြတ်သီဟ(ခုတင်-၁၀၀၀) | နေပြည်တော် | ၃၀၀၀၀ |
| ၃၀၃။ ကွယ်လွန်သူ ဒေါ်အုန်းမြင့်အားရည်စူး၍ တပ်ကြပ်ကြီး လှသန်း(ငြိမ်း)မိသားစုကောင်းမှု | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၃၀၄။ ဒေါ်ငြိမ်းအေးထွန်း | နေပြည်တော် | ၇၅၀၀၀ |
| ၃၀၅။ ဒေါ်ထွန်းသီလွင် | မန္တလေးမြို့ | ၂၀၀၀၀၀ |
| ၃၀၆။ ဒေါက်တာပုံ့ပုံ့ | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၀၇။ ဒေါ်မျိုးသီရိနိုင် | ရန်ကုန်မြို့ | ၂၀၀၀၀ |
| ၃၀၈။ ဒေါ်ချိုချိုကျော်မြ | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၃၀၉။ ဒေါ်ချစ်ချစ် | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၃၁၀။ ဒေါ်ဖြိုးသန္တာကျော် | မူဆယ်မြို့ | ၅၀၀၀၀ |
| ၃၁၁။ ဒေါ်နှင်းယုခိုင်(အင်းဝဘဏ်) | သရက်မြို့ | ၂၀၀၀၀ |
| ၃၁၂။ အင်းဝဘဏ်(မန္တလေး)မှဝန်ထမ်းများ | မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၃၁၃။ ဦးခင်မောင်ဝင်း+ဒေါ်ညိုညိုဝင်း (သား)မောင်ခင်မောင်သန့် | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၃၁၄။ ဒေါ်အေးအေးမြင့် | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၁၅။ ဦးလှငွေး+ဒေါ်ခင်တင့် | ရန်ကုန်မြို့ | ၂၅၀၀၀၀ |
| ၃၁၆။ ကွယ်လွန်သူ ဗိုလ်ကြီးခင်မောင်သော်အား ရည်စူး၍ ဒေါ်ချိုမိသားစု | ရန်ကုန်မြို့ | ၃၂၀၀၀၀ |
| ၃၁၇။ ဒေါ်ဝင်းမာမြင့် | ရန်ကုန်မြို့ | ၁၂၀၀၀၀ |
| ၃၁၈။ ဒေါ်ခိုင်ခိုင်ဝင့် | ရန်ကုန်မြို့ | ၆၀၀၀၀ |
| ၃၁၉။ ဦးဖြိုးဝေ | မော်လမြိုင်မြို့ | ၁၅၀၀၀၀၀ |
| ၃၂၀။ ဒေါ်မာလာရီ(မွန်သာရာမစာသင်တိုက်) | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၃၂၁။ ဦးတင်မိုး+ဒေါ်ငွေငွေအောင် | နေပြည်တော် | ၁၀၀၀၀၀ |
| ၃၂၂။ ဒေါ်စာရာဏညာဏီ၊ ဒေါ်ပညာမေဓိ | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၃၂၃။ ဒေါ်ခင်သွယ်သွယ်ထွန်း | လှိုင်ကော်မြို့ | ၇၀၀၀၀ |
| ၃၂၄။ သူရ ဦးဘိုနီ+ဒေါ်ခင်မလေး | ဘားအံမြို့ | ၁၂၀၀၀၀ |
| ၃၂၅။ ဦးသန်းကြွယ် | ကော့ကရိတ်မြို့ | ၂၀၀၀၀၀ |
| ၃၂၆။ ဒေါ်လှလှအောင် | ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |
| ၃၂၇။ ဦးဟိန်းဖြိုးခိုင်(စိန်လေမှုတ်စက်) (မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်းလှူဒါန်း) | ရန်ကုန်မြို့ | ၇၀၀၀၀၀ |
| ၃၂၈။ ဗိုလ်ကြီးဖြိုးဟန်သာထွန်း | နေပြည်တော် | ၄၀၀၀၀၀ |
| ၃၂၉။ ဦးအုန်းဝင်း | ပြည်မြို့ | ၁၀၀၀၀ |
| ၃၃၀။ ဒေါ်အိမွန်မွန်သိန်း | ထားဝယ်မြို့ | ၅၀၀၀၀ |
| ၃၃၁။ ဗိုလ်ကြီးရဲလင်းဇော်+ဒေါ်အိမြတ်မွန် | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၃၂။ ဦးသန်းငွေ | ရန်ကုန်မြို့ | ၄၁၀၀၀၀ |
| ၃၃၃။ ကွယ်လွန်သူဖခင် ဦးကြူတင်+ မိခင် ဒေါ်ဖွားမေတို့အားရည်စူး၍ ဒေါ်မြမေကောင်းမှု | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၃၃၄။ ဦးမြရှိန်၊ ဦးဝင်းနောင်၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်သန်းသန်းဝင်း၊ ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ဆွေဆွေသန်း(မောင်နှမတစ်စု) | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၃၃၅။ ဖခင် ဗိုလ်ကြီးအောင်မြင့်အားရည်စူး၍ (သမီး)ဒေါ်သန့်ဇင်အောင် ကောင်းမှု | နေပြည်တော် | ၁၀၀၀၀၀ |
| ၃၃၆။ ဦးကျော်ညွန့် | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၃၇။ ဦးကိုကိုလှိုင်+ဒေါက်တာသီတာတင် မိသားစု | နေပြည်တော် | ၂၀၀၀၀၀ |

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၂၂)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(မန္တလေး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(မန္တလေး)တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စက်နှင့်စက်ပစ္စည်း(၁)မျိုး၊ ရုံးသုံးစက်ကိရိယာ(၆)မျိုး၊ ရုံးသုံးပရိဘောဂ(၃)မျိုး၊ အခြားရုံးသုံးပစ္စည်း(၁၁)မျိုးနှင့် အခြား(၂)မျိုးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

၂။ **တင်ဒါအဆိုပြုလွှာစတင်** - ၁၇-၆-၂၀၂၁ရက်မှ၅-၇-၂၀၂၁ရက်
**ရောင်းချမည့်ရက်နှင့်အချိန်** ညနေ(၁၆:၀၀)နာရီထိ
**အိတ်ဖွင့်တင်ဒါနောက်ဆုံး** - ၅-၇-၂၀၂၁ရက်
**တင်သွင်းရမည့်ရက်နှင့်အချိန်** ညနေ(၁၆:၀၀)နာရီထိ
**အိတ်ဖွင့်တင်ဒါလျှောက်လွှာ** - ငွေစာရင်းဌာန၊
**ဝယ်ယူရမည့်နေရာ** နည်းပညာတက္ကသိုလ်(မန္တလေး)
**တင်ဒါဖွင့်ပွဲ ကျင်းပမည့်** - ထပ်မံကြေညာပါမည်။
**ရက်နှင့်အချိန်နေရာ**

၃။ အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူသည် သတ်မှတ်တင်ဒါအာမခံကြေး POကို အိတ်ဖွင့်တင်ဒါတင်သွင်းသည့် ပုံစံနှင့်အတူ ပူးတွဲတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသောအချက်အလက်များ ရှိပါက နည်းပညာတက္ကသိုလ်(မန္တလေး)၏ webisite www. tumdyobo@gmail.com နှင့် ဖုန်း-၀၉-၈၇၇၇၉၉၉၃၄၊၀၉-၂၀၁၈၂၁၃၊ ၀၉-၂၅၆၁၂၉၈၆၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(မန္တလေး)**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့် ၅)
### လှိုင်မြို့နယ်တရားရုံး
### ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်(၄)

ဒေါ်ခိုင်သဇင် နှင့် ၁။ ဦးသိန်းဇော်
၂။ ဒေါ်အေးမြတ်မြတ်ထွေး
**တရားလို** **တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင်များ ၁။ ဦးသိန်းဇော်နှင့် ၂။ ဒေါ်အေးမြတ်မြတ်ထွေး တိုက်အမှတ်-၂၀၃(ဒုတိယထပ်) (၃လွှာ/ဝဲဘက်ခန်း)၊ ၈-လမ်း(သီရိ ၈လမ်း)၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ-၁၂(၁)(က)နှင့် (ဂ)တို့အရ ငှားရမ်းထားသည့်နေအိမ်ခန်းမှ ဖယ်ရှားထွက်ခွာပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၁ခုနှစ် ဇွန် ၂၈ရက်(၁၃၈၃ခုနှစ် နယုန်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဇွန် ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လွင်လွင်လှိုင်)**
**မြို့နယ်တရားသူကြီး**
**လှိုင်မြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အင်း၀ ၂လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၈၇)၊ မြေကွက်အမှတ် ၇၉၇၊ ဧရိယာ အကျယ်အဝန်း ပေ (၂၀ x ၆၀)ရှိသော ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်ဆက်ဖြင့် ပိုင်ဆိုင်သူ ဦးထွေးမြင့် ၁၂/သကတ(နိုင်)၁၁၇၀၁၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေဇာခိုင် ၁၂/သကတ(နိုင်)၁၈၀၁၇၅ မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှဲ့လှဲ့ကြည် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၅၂)**
**အမှတ် (၃၉)၊ မာန်ပြေ ၆လမ်း အရှေ့၊ (၃)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး**
**ဖုန်း-၀၉- ၇၉၆၈၁၄၄၈၉၊ ၀၉-၈၅၄၂၀၆၉၄၈**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အကွက်အမှတ်(၂/ဟော်ကုန်းရပ်)၊ ဦးပိုင်အမှတ်(၃၆-ဃ)၊ မြေဧရိယာ ၀ ဒသမ ၁၉၆ ဧကရှိ မြေကွက်အား မြေငှားဂရန်(ကျန်အပိုင်း) လျှောက်ထားနိုင်ရေး ဦးသန်းအောင်၉/ပဥလ(နိုင်)၀၀၂၄၇၄ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၈/ပဒေသာ)၊ ဦးပိုင်အမှတ်(၁/၁၆)၊ မြေယာအမှတ်(1-P)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ခင်သန်းနွယ် ၅/ပလန(နိုင်)၀၀၈၆၁၄ မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

---

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုလုပ်ငန်းဌာန
## ၀၈/၂၀၂၀-၂၀၂၁ ကြိမ်မြောက် အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ သစ်မာသစ်ပါးလွှာ ၁၃၄၁ ဒသမ ၈၇၁၃ကုဗမီတာအား အမေရိကန်ဒေါ်လာ(US$)ဖြင့် အိတ်ဖွင့်လေလံ စနစ်ဖြင့် အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၉-၆-၂၀၂၁ ရက် (အင်္ဂါနေ့) မွန်းတည့်(၁၂:၀၀)နာရီ
(ခ) **ရောင်းချမည့်နေရာ** - သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်) ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့သစ်လုပ်ငန်း၏ website ဖြစ်သော www.mte.com.mm တွင် ဝင်ရောက်ကြည့်ရှု၍သော်လည်းကောင်း၊ ဖုန်းနံပါတ်-၀၁-၃၇၂၄၄၅၊ ၀၁-၃၇၇၂၉၆၊ ၀၁-၃၇၇၈၈၅ တို့တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ်(၄၃၅)၊ မြေကွက်တည်နေရာ အမှတ်(၄၃၅)၊ ကန်ညီနောင်လမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးကျော်စိန်(CE-၀၇၆၈၈၃) အမည်ပေါက် နှစ်(၆၀) ဂရန်မြေငှားစာချုပ်(ဂရန်)မြေအား ဂရန်အမည်ပေါက်(ခင်ပွန်း)ဖြစ်သူ ဦးကျော်စိန်သည် ၁၃-၈-၂၀၀၈ရက်တွင် ကွယ်လွန်၍ ၎င်း၏ဇနီးဖြစ်သူ ဒေါ်သန်းသန်း ၁၂/မဂတ(နိုင်)၀၅၇၂၉၈ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆စယ/၉၃၂၅ ၊ Honda Click-125ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co;Ltdက(ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး(မကွေး)**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 5R/9522၊ Volkswagon Polo ယာဉ်လက်ဝယ်ရှိသူ ဦးတိုးအောင်ဝေ ၈/မကန(နိုင်)၂၇၈၃၁၃ က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး(မကွေး)**

---

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅၊ (ပေါင်းကူညာဏစီမံချက်)၊ မြေအကွက်အမှတ် (၆၅၃/က)၊ မြေကွက်တည်နေရာအမှတ် (၆၅၃/က)၊ ရွာအရှေ့ပတ်လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်သလ္လာမင်းဇော် ၁၂/မဂဒ(နိုင်)၁၄၇၉၆၈ ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

---

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်မျိုးလွင် ၈/တတက(နိုင်)၂၅၇၁၆၁၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၄၂၁၁၆၈၈**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အကွက်အမှတ်(၁၀/တံတားဦးအနောက်)၊ ဦးပိုင်အမှတ်(၁၉)၊ မြေဧရိယာ ၀ ဒသမ ၁၇၀ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးအောင်မျိုးဦး ၉/မမန(နိုင်)၀၁၈၁၂၆မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်းမြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့။**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ်၊၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊မြေကွက်အမှတ်(၆၃၄)၊ မြေကွက်တည်နေရာအမှတ်(၆၃၄)၊ ဂန္ဓမာလမ်းသွယ်(၄)လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်ခင်မာစိုး ၁၂/ဒဂန(နိုင်)၀၁၂၉၉၅ ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်သူ ဦးကိုကိုလေး ၅/ရဘန(နိုင်)၀၀၀၇၃၇ မှ ပေါင်းကူညာဏဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာ ကျေးရွာ အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေး စီမံချက် မြေတိုင်းရပ်ကွက်အမှတ်၊၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊မြေကွက်အမှတ်(၆၄၅)၊ မြေကွက်တည်နေရာအမှတ်(၆၄၅)၊ ဂန္ဓမာလမ်းသွယ်(၄)လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်ပြုံးချို ၁၂/မဂဒ(နိုင်)၁၄၁၇၉၃ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်သူ ဒေါ်လွင်လွင်အောင် ၁၃/ကတန(နိုင်)၀၀၂၂၁၉ မှ ပေါင်းကူညာဏဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာ ကျေးရွာ အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်း/သစ်မာ(သစ်လုံးခွဲသား)များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် Covid-19 ကြိုတင်ကာကွယ်ရေးအတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာကျင့်သုံးလျက် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်(အမေရိကန်ဒေါ်လာ)ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၉-၆-၂၀၂၁ ရက် နံနက်(၉:၀၀)နာရီ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
- ရန်ကုန်(ကျွန်းသစ်လုံး)(၃၆၂)တန်
- တတိယတန်းနှင့်အထက်ကျွန်းခွဲသား (၁၇၃)CBT (၂၄၅)CBM

**(၂၀၁၉-၂၀၂၀)ထုတ်သစ်** - သစ်မာသစ်လုံး ပျဉ်းကတိုး/ကညင် (ရန်ကုန်/နယ်)(၃၅၀၀)တန်ခန့်
**(၂၀၁၇-၂၀၁၈၊ ၂၀၁၈-၂၀၁၉၊** - အင်/ကညင်သစ်လုံး
**၂၀၁၉-၂၀၂၀)ထုတ်သစ်** (နယ်)(၁၁၉၂၈)တန်ခန့် သစ်အခြေခံစက်မှုလုပ်ငန်းဌာန
- တတိယတန်းနှင့်အထက်ကျွန်းခွဲသား (၈၃)CBT (၁၁၇)CBM
တင်ဒါကျင်းပမည့်ရက် ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။

(ခ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် web-site ဖြစ်သော www.mte.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန်-ဖုန်း-၀၉-၅၁၃၂၂၄၂၊ ၀၉-၅၀၅၃၈၆၅၊ ၀၉-၅၁၂၉၁၄၈ dgmmarketing. export@gmail.com

---

## ဒေါ်ဇွန်မိုး(ခ)မပူစူး ၁၁/သတန(နိုင်)၁၀၀၆၉၄ သိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဦးတင်အောင်မျိုး(ခ)ကိုမျိုးလေး ၁၁/သတန(နိုင်)၀၅၃၆၆၀ အိမ်အမှတ်(၂၅)၊ စံပယ်လမ်း၊ အမှတ်(၁)ရပ်ကွက်၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်တွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ဇွန်မိုး(ခ)မပူစူးသိစေအပ်ပါသည်။

လူကြီးမင်းသည် ခင်ပွန်းဖြစ်သူ ဦးတင်အောင်မျိုး(ခ)ကိုမျိုးလေးနှင့် ၁၀-၅-၂၀၀၆ရက်တွင် အစ္စလာမ်တရားဥပဒေနှင့်အညီ လက်ထပ်ပေါင်းသင်းခဲ့ပြီး ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ အမှတ်(၁)ရပ်ကွက် စံပယ်လမ်း၊ အိမ်အမှတ်(၂၅)တွင် ပေါင်းသင်းနေထိုင်ခဲ့ရာမှ ခင်ပွန်းဖြစ်သူ ဦးတင်အောင်မျိုး(ခ)ကိုမျိုးလေးအား ၉-၆-၂၀၂၁ရက် ည ၉ နာရီတွင် မင်္ဂလာဆောင်အိမ်သို့ အတင်းအကျပ်သွားစေခဲ့ပြီး ဦးမျိုးလေးအိမ်သို့ပြန်မရောက်မီ လူကြီးမင်းသည် အိမ်ရှိမီးခံသေတ္တာထဲတွင်ရှိနေသော ဦးတင်အောင်မျိုး ဝယ်ယူပိုင်ဆိုင်ခဲ့သည့် အိမ်နှင့်အိမ်ရာခြံမြေအရောင်းအဝယ်စာချုပ်မူရင်း ငါးစောင်၊ ဦးတင်အောင်မျိုးအမည်ဖြင့် မြန်မာ့စီးပွားရေးဘဏ် ငွေစုစာအုပ်တစ်အုပ်၊ ကမ္ဘောဇဘဏ်(KBZ) ငွေစုစာအုပ်တစ်အုပ်၊ ရေဝတီဘဏ်(AYA)ငွေစုစာအုပ်တစ်အုပ်၊ သံတွဲမြို့၊ အမှတ်(၂)ရပ်ကွက်၊ ရတနာလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ဦးတင်အောင်မျိုးပိုင်အိမ်၏ အိမ်ငှားစာချုပ်မူရင်းတစ်စောင်၊ ဦးတင်အောင်မျိုးအမည်ဖြင့် Toyota Succeed ကား အမျိုးအစား ကားနံပါတ်(5L-4691) owner book, Wheel Tax ကားလိုင်စင်တို့အပြင် ဦးတင်အောင်မျိုး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းတစ်ခု၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း၊ သားဖြစ်သူမောင်နေတခေတ်၏ မွေးစာရင်းမူရင်းနှင့် ငွေ ၂၄၀၀၀၀၀/- (ကျပ် နှစ်ဆယ့်လေးသိန်းတိတိ)တို့ကို ယူဆောင်၍ အရွယ်မရောက်သေးသော အသက် ၉နှစ်အရွယ်သားဖြစ်သူ မောင်နေတခေတ်နှင့်အတူ အိမ်မှထွက်ခွာပျောက်ဆုံးသွားသည့်အတွက် သံတွဲမြို့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း၌ တိုင်ကြားခဲ့ရကြောင်း ကျွန်ုပ်မိတ်ဆွေပြောပြချက်အရ သိရပါသည်။

လူကြီးမင်းသည် ငပလီမြို့ ဧည့်ရိပ်သာတစ်ခုတွင် သွားရောက်နေထိုင်ခဲ့ပြီး သံတွဲမြို့၊ မြန်မာနိုင်ငံရဲစခန်းသို့ ၁၀-၆-၂၀၂၁ရက်တွင် ရောက်ရှိလာပြီး အမှတ်(၂)ရပ်ကွက်ဥက္ကဋ္ဌနှင့် သက်သေများရှေ့တွင် အထက်ဖော်ပြပါစာရွက်စာတမ်းများနှင့် ငွေ ၂၄၀၀၀၀၀ (သိန်းနှစ်ဆယ့်လေးကျပ်)တို့ကို ရယူသွားခဲ့သည်မှာ မှန်သည်ဟု ဝန်ခံပြောဆိုခဲ့ကြောင်း၊ ကျွန်ုပ်၏မိတ်ဆွေပြောပြချက်အရ သိရပါသည်။

၁၁-၆-၂၀၂၁ရက်တွင် ဦးတင်အောင်မျိုးနှင့် ကွာရှင်းစာချုပ်ပြုလုပ်ရန် လူကြီးမင်းက သဘောတူခဲ့ပြီးနောက် ၁၁-၆-၂၀၂၁ရက်တွင် လူကြီးမင်းနှင့်သား နေတခေတ်တို့ လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်သွားကြောင်း သိရပါသည်။

ကျွန်ုပ်၏မိတ်ဆွေက လူကြီးမင်းသဘောတူညီထားသည့်အတိုင်း လင်မယားကွာရှင်းခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဦးတင်အောင်မျိုးပိုင်ဆိုင်သည့် ပစ္စည်းများ၊ ငွေကြေးများနှင့် အရွယ်မရောက်သေးသည့်သား နေတခေတ်အားကျွေးမွေး စောင့်ရှောက်မှုကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် လူကြီးမင်းသည် ၂၀၂၁ခုနှစ် ဇွန် ၂၀ရက်နောက်ဆုံးထား၍ ကျွန်ုပ်မိတ်ဆွေဦးတင်အောင်မျိုးနှင့်တွေ့ဆုံဆောင်ရွက်ရန် အကြောင်းကြား သိစေအပ်ပါသည်။

လူကြီးမင်းသည် ၂၂-၆-၂၀၂၁ရက် နောက်ဆုံးထား၍ ဦးတင်အောင်မျိုး နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အကြောင်းကြား သိစေအပ်ပါသည်။

**ညွှန်ကြားချက်ပေးအပ်သူ** **ညွှန်ကြားချက်အရ**
**ဦးတင်အောင်မျိုး(ခ)ကိုမျိုးလေး** **ဒေါ်တင်စမ်းမြင့်(B.A(Law),LL.B)**
**၁၁/သတန(နိုင်)၀၅၃၆၆၀** **(စဉ်-၃၀၃၄) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၂)၊ မာဃလမ်း၊**
**သံတွဲမြို့၊ ရခိုင်ပြည်နယ်**

---

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ ၇၃လမ်း၊ ၃၄x၃၅လမ်းကြား၊ အမှတ်(၁၈၃+၁၈၄)နေ ဦးမဟော်ဂမ် (ဘ)ဦးဟော်ဂျားရှင် ၁၃/ကခန(နိုင်)၀၁၈၄၁၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမဟော်ဂမ် (ဘ)ဦးဟော်ဂျားရှင် ၁၃/ကခန(နိုင်)၀၁၈၄၁၅ အား ဦးကျော်ငွေး(ဘ)ဦးမောင်ကျော် ၅/ကသန(နိုင်)၀၀၅၄၇၂ ကိုင်ဆောင်သူမှ ရွှေသတ္တုတူးဖော်ခြင်း လုပ်ငန်းနှင့်ပတ်သက်၍ Q-One Co.,Ltd ၏ တရားဝင်ပိုင်ဆိုင်လုပ်ကိုင်ခွင့်ရှိသူအဖြစ် တရားဝင်လွှဲပြောင်းပြီးကြောင်းနှင့် Q-One Co.,Ltd. ၏ ဒါရိုက်တာအဖွဲ့ဝင်နေရာတွင်လည်း တရားဝင်လွှဲပြောင်းပြီးဖြစ်၍ ဦးကျော်ငွေးသည် Q-One Co.,Ltd. နှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ဦးကျော်ငွေးမှ Q-One Co.,Ltd. အမည်ခံ၍ အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်လာပါက ဦးမဟော်ဂမ်နှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-** **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမဟော်ဂမ်** **ဦးလင်းထင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၀၂)(၂၇-၁-၂၀၁၅)**
**အမှတ်(၄၈)၊(၃၃)လမ်း၊ (၇၀x၇၁)ကြား၊**
**ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့။**
**ဖုန်း-၀၉-၄၃၀၈၄၃၄၅**

---

**အမည် ပြောင်း**

ကျောက်မဲမြို့၊ (၈)ရပ်ကွက်၊ ဖြူး၊ နယ်မြေ(၉)၊ အိမ်အမှတ်(၄၇၀) နေ (ဘ)ဦးအောင်နိုင် ၁၃/ကမန(နိုင်)၁၅၆၂၅၆ ၏သမီး မဖြူစင်ချို အား မဖြူစင်သူဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မဖြူစင်သူ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်)၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ ခေင်ညိုလမ်း၊ မြေကွက်အမှတ်(၆၂၈)၊ မြေအလျားxအနံ(၄၀x၆၀)ပေ အကျယ်အဝန်းရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း၊ မြေအလျားxအနံ(၂၀x၆၀) ပေရှိ မြေကွက်အား မူလအမည်ပေါက်ဖြစ်သူ ဦးခင်မောင်ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများ ဖြစ်သည့် ဒေါ်မေမာ ၁၂/ဥကတ(နိုင်)၀၂၉၆၉၈ နှင့် ဦးဖုန်းနိုင် ၁၂/ဥကတ(နိုင်)၀၂၅၇၇၇ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မျိုးဦး ၁၂/မရက(နိုင်)၁၅၆၄၁၀ကစရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါကခိုင်လုံသောတရားဝင် ပိုင်ဆိုင်မှု အထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့် ရက်မှစ၍(၇)ရက်အတွင်းကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးဇော်မျိုးဦး ၏လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်စုဝသန်ကျော် (LL.B)တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၆၂၈၇/၅-၁၂-၂၀၁၉)**
**အမှတ်(၈၀၂)၊ ပြည်သာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၂၇၃၁၈**

---

## အမည်ပြောင်း

ဦးအောင်နိုင် ၁၃/ကမန(နိုင်)၁၅၆၂၅၆ ၏သမီး ပြင်ဦးလွင်မြို့၊ အထက(၂)၊ ဆဋ္ဌမတန်းမှ မမွန်မြတ်ချိုအား မမွန်မြတ်သူဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မမွန်မြတ်သူ**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 2N/2557၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူမ ၉/ပဗသ(နိုင်) ၀၁၀၀၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ နေပြည်တော်**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇွန် ၁၆**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက်

*စာမျက်နှာ ၉ ကော်လံ ၁* ✻

# ၂၀၂၀ ပြည့်နှစ်အတွက်မှစတင်၍ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ငွေများ တိုးမြှင့်ချီးမြှင့်သွားမည်

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော်က မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေပညာရှင်ကြီးများအား အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု (ဘာသာရပ် ၁၈ မျိုး) နှင့် စာပေဗိမာန်စာမူဆု (ဘာသာရပ် ၁၄ မျိုး) တို့ကို နှစ်စဉ်ချီးမြှင့်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးချီးမြှင့်ရာ ရောက်စေရန်၊ စာပေပညာရှင်များအား ဂုဏ်ပြုရာရောက်စေရန်၊ စာကောင်းပေမွန်များ ထွန်းကားပြန့်ပွားစေရန် စသည့်အကျိုးကျေးဇူးများရရှိနိုင်ရန် ၂၀၂၀ ပြည့်နှစ်အတွက်မှ စတင်၍ အမျိုးသားစာပေ တစ်သက်တာဆုကို ငွေကျပ် သိန်း ၁၀၀ ၊ အမျိုးသားစာပေဆုကို ငွေကျပ် သိန်း ၃၀ ၊ စာပေဗိမာန်စာမူဆု ပထမဆုကို ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုကို ငွေကျပ် ၁၀ သိန်း၊ တတိယဆုကို ငွေကျပ် ၇ သိန်း တိုးမြှင့်ပြင်ဆင် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အာရှဖလား တတိယအဆင့် ခြေစစ်ပွဲကျင်းပမည့် ပုံစံအသစ်ကြောင့် မြန်မာအသင်း တိုက်ရိုက်ကစားခွင့်ရရှိ

**ရန်ကုန် ဇွန် ၁၆**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၃ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲကျင်းပမည့်ပုံစံကို အပြောင်းအလဲပြုလုပ်ခဲ့သောကြောင့် မြန်မာအသင်းသည် Play-off ပွဲစဉ်ကစားရန်မလိုဘဲ တိုက်ရိုက်ကစားခွင့်ရရှိခဲ့သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဖလား တတိယအဆင့် ခြေစစ်ပွဲကျင်းပမည့်ပုံစံအသစ်ကို ဇွန် ၁၆ ရက်က အတည်ပြုထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး မြန်မာအသင်းအတွက် အခွင့်အရေးတစ်ရပ်ဖြစ်ခဲ့သည်။

*စာမျက်နှာ ၂၀ ကော်လံ ၁* ●

## ယနေ့ ဖတ်စရာ


ကွမ်းယာစားသုံးခြင်းအန္တရာယ်

ဆောင်းပါး စာ ၁၀

မြို့နယ်အချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာ နေထိုင်သော ပြည်သူလူထုအချို့ကို လက်နက်ကိုင်အကြမ်းဖက်သူများက အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်

စာ ၁၂

COVID - 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၅၅ ဦး တွေ့ရှိ

ထုတ်ပြန်ချက် စာ ၁၅




ယူရို ၂၀၂၀ ချန်ပီယံရှစ်ပြိုင်ပွဲ ပွဲစဉ် (၁) အဖြစ် အုပ်စု(F)မှ ပြင်သစ်အသင်းနှင့် ဂျာမနီအသင်းတို့ပွဲတွင် ဂျာမနီကစားသမား ပြင်သစ်ဘက်သို့ ထိုးဖောက်စဉ်။

# ယူရို ၂၀၂၀ ချန်ပီယံရှစ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် ပြင်သစ်အသင်းက နာမည်ကြီး ဂျာမနီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့

ယူရို ၂၀၂၀ ချန်ပီယံရှစ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် အုပ်စု(F)မှ ၂၀၁၈ ကမ္ဘာ့ဖလားချန်ပီယံ ပြင်သစ်အသင်းနှင့် နာမည်ကြီး ဂျာမနီအသင်းတို့ ပွဲစဉ်ကို ဇွန် ၁၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ပြင်သစ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ နည်းပြ ဒက်စ်ချမ့်စ် တာဝန်ယူကိုင်တွယ်နေသည့် ပြင်သစ်အသင်းသည် ယနေ့ပွဲစဉ်တွင် နာမည်ကြီး ကစားသမားများဖြစ်သည့် လောရစ်၊ ပါဗက်၊ ဗာရာနီ၊ ကန်တီ၊ ပေါ့ဂ်ဘာ၊ ဂရစ်ဇ်မန်း၊ ဘင်ဇီမာ၊ ဘမ်ဘတ်ပီစသည့် ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ ဂျိုအားချင်လို တာဝန်ယူကိုင်တွယ်နေသည့် ဂျာမနီအသင်းကလည်း နူအာ၊ ရူဒီဂါ၊ ဟမ်းမဲလ်၊ ဂျင်တာ၊ ခရူးစ်၊ ဂန်ဒိုဂန်၊ ဟာဗက်ဇ်၊ မူလာ၊ ဂနာဘရီစသည့် ကစားသမားများဖြင့် ပြင်သစ်အသင်းကို ရင်ဆိုင်လာခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❄